# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂၇)

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# နေပြည်တော်၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်



**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံ၊ အစည်းအဝေးခန်းမများ၊ အဆောင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

လွှတ်တော်မကျင်းပမီ အစည်းအဝေးခန်းမများ၊ စားသောက်ခန်းမ အဆောင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၁၆**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines–MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် စတုတ္ထအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)

*စာမျက်နှာ ၃ ကော်လံ ၁* ❍



**ကိုဗစ်–၁၉ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းမှုအသစ်များကို ထရမ့်ကြေညာ**

နိုင်ငံတကာသတင်း စာ » ၁၃

**COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ » ၁၅

မြန်မာ့အလင်း

## ချစ်ခြင်းမေတ္တာ ကရုဏာ၏ မီးရှူးတိုင်

ခေတ်သစ်သူနာပြုစနစ်ကို စတင်တည်ထောင်သူဖြစ်ပြီး ယနေ့ထိတိုင် ကမ္ဘာတစ်ဝန်းက မြတ်နိုးကြည်ညိုလေးစား ဂုဏ်ပြုနေကြသူ ဖလောရင့်စ်နိုက်တင်ဂေးကို ယခုလို မေလတွင် မွေးဖွားခဲ့သည်မှာ နှစ်ပေါင်း ၂၀၀ တင်းတင်း ပြည့်ခဲ့ပြီ။ ၁၈၂၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့က မီးအိမ်ရှင် ဖလောရင့်စ်ကို အီတလီနိုင်ငံ ဖလောရင့်စ်မြို့မှာ မွေးဖွားခဲ့သည်။

မိဘများက ဗြိတိန်နိုင်ငံသားများဖြစ်၏။ ကလေးမွေးလာသည့်အခါ သူတို့၏အစဉ်အလာအတိုင်း မွေးဖွားသည့် မြို့အမည် မှည့်ခေါ်မည်ဟု ကလေးမမွေးမီကတည်းက စဉ်းစားခဲ့ကြ၏။ တကယ် မွေးလာသည့်အခါ သမီးမိန်းကလေး။ ဖလောရင့်စ် ဟူသည့်အမည်မှာ ပုံမှန်အားဖြင့်ဆိုလျှင် ယောကျာ်းလေးများကိုသာ မှည့်လေ့ရှိသည့် အမည်။ မည်သို့ပင်ဖြစ်စေ၊ သမီးလေးမွေး လာခဲ့သည်ဖြစ်သော်လည်း သူ့မိဘများက မူလစိတ်ကူးခဲ့သည့်အတိုင်း ယောကျာ်းလေးအမည် ဖြစ်သည့် ဖလောရင့်စ်ဟုသာ ကင်ပွန်းတပ်ခဲ့ကြသည်။ သမီးလေး ဖလောရင့်စ်နိုက်တင်ဂေး။

ချမ်းသာသော မိဘမျိုးရိုးမှ ပေါက်ဖွားလာခဲ့သော သမီးဖြစ်သူ ဖလောရင့်စ်က သူနာပြုအလုပ်ကို စိတ်ဝင်စားသည်ဟု ဆို၏။ ချမ်းသာသည့် အသိုင်းအဝိုင်းအတွင်း၌ သူနာပြုအလုပ်သည် ၎င်းတို့နှင့် မသက်ဆိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် အားလုံးက နားလည်ထားကြ၏။ သူနာပြုလုပ်ငန်းဟူသည် ဆင်းရဲနိမ့်ကျသူတို့သာ လုပ်ကြသည်ဟူသော အယူအစွဲ ရှိနေကြ၍ဖြစ်၏။

ဖလောရင့်စ်ကမူ အရွယ်မရောက်မီကတည်းက သူဘာလုပ်မည်ဆိုသည်ကို ဆုံးဖြတ်ပြီးသား ဖြစ်နေပြီ။ မိဘအသိုင်းအဝိုင်းနှင့် အတိုက်အခံပြုကာ သူနာပြုလုပ်ငန်းကိုသာ လေ့လာသည်။ ထို့နောက် သည်အလုပ်ကိုသာ စူးစူးစိုက်စိုက်လုပ်သည်။ သူသည် လူနာများကို ပြုစုရာတွင် စေတနာအပြည့်ထားသူ၊ အလုပ်ကို အမှားမခံ စေ့စပ်သေချာသူ၊ သန့်ရှင်းစင်ကြယ်မှုကို အလေးထားသူအဖြစ် ကျော်ကြားထင်ရှား လူသိများလာသည်။ ဆေးပညာရှင် မဟုတ်သော်လည်း ဆေးပညာအဝန်းအဝိုင်းက သူ၏ စွမ်းဆောင်မှုများကို အလေးထား အသိအမှတ်ပြုကြသည်။

၁၈၅၄ ခုနှစ် ကရိုင်းမီးယားစစ်ပွဲတွင်းသို့ အင်္ဂလိပ်တို့ ပါဝင်လာသည့်အခါ စစ်ပွဲ၌ ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်နိုင်ရေး အတွက် စစ်ဝန်ကြီးဖြစ်သူက ဖလောရင့်စ်ကို မေတ္တာရပ်ခံ အကူအညီတောင်းသည်။ သူကလည်း လက်ခံလိုက်သည်။

စစ်ပွဲများဖြစ်ပွားနေသည့် မဟာမိတ်နိုင်ငံဖြစ်သော တူရကီရှိ ဗြိတိသျှဆေးရုံများတွင် ‘သူနာပြုဆရာမချုပ်’ ဖြစ်လာသည်။ ချမ်းသာကြွယ်ဝသူ၊ ရုပ်ရည်ချောမောလှပပြေပြစ်သူ၊ ပညာတတ် အထက်တန်းလွှာက အမျိုးသမီးငယ်တစ်ဦးသည် ယခုလို စစ်ဘေးအန္တရာယ် သွေးသံရဲရဲများကြားမှာ ဆင်းရဲပင်ပန်းကြီးစွာ သူနာပြုလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်သည်ဆိုသည့်သတင်းက နိုင်ငံနှင့်အဝန်းက ချီးကျူးဂုဏ်ပြုရာ ဖြစ်ခဲ့သည်။ ဆေးရုံမှ လူနာများထံသို့ ညဥ့်နက်သန်းခေါင်ဖြစ်စေ မီးအိမ်တစ်လုံးဖြင့် လှည့်လည်ကြည့်ရှုရင်း လူနာတို့ကို ပြုစုပေးခဲ့သည်။ မီးအိမ်ရှင်အမျိုးသမီး (The Lady with the Lamp)ဟု အမည်တွင်ကာ ထင်ရှားလာခဲ့ပြီး နိုင်ငံတွင်းသာမက ကမ္ဘာကပါ ခေါ်ဝေါ်အသိအမှတ်ပြုခဲ့ကြပေသည်။

အရွယ်ကြီးရင့်လာသည့်အခါ ကျန်းမာရေးအခြေအနေအရ သူနာပြုလုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျ များစွာမလုပ်ဆောင်နိုင်တော့သည့်တိုင် သူ၏အတွေ့အကြုံများကိုအခြေခံကာ သူနာပြုလုပ်ငန်းဆိုင်ရာ၊ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာတို့ကို စာအုပ်စာတမ်းများကို ရေးသား ပြုစုသည်။ခေတ်သစ်သူနာပြုစနစ်၊ လူနာ စနစ်တကျပြုစုနည်းမှာ ဖလောရင့်စ်နိုက်တင်ဂေးက စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတွင်းရှိ ကျန်းမာရေးလုပ်ငန်းများဆိုင်ရာ အကြံပေးခြင်းလုပ်ငန်းများကို အိုမင်းရင့်ရော်သည်အထိ လုပ်ကိုင်ခဲ့ပြီး အသက်ကိုးဆယ်အရွယ် ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ ၁၃ ရက်တွင် ကွယ်လွန်သည်။

ဖလောရင့်စ်နိုက်တင်ဂေး၏ မွေးနေ့ဖြစ်သည့် မေ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဟူ၍ သတ်မှတ်ကာ ဂုဏ်ပြုထားသည်။ ဖလောရင့်စ်နိုက်တင်ဂေးကို မီးအိမ်ရှင်၊ ကရုဏာရှင်၊ မေတ္တာရှင် အမျိုးသမီးဟု သမုတ်ကာ ကမ္ဘာတစ်လွှားက လေးစားချစ်ခင်ကြည်ညိုခဲ့ကြသည်မှာ နှစ်ပေါင်းရာနှင့် ချီခဲ့ပြီတည်း။

ဥရောပနိုင်ငံများတွင် မိန်းကလေးများကိုလည်း ဖလောရင့်စ်ဟူသည့်အမည်ကို ဂုဏ်ပြုသည့်အနေဖြင့် မှည့်ဆိုသော အလေ့အထပေါ်လာခဲ့သည်။

ယနေ့ကဲ့သို့သော ကိုဗစ်ဗိုင်းရပ်စ်ကပ်ရောဂါကာလတွင်လည်း ဖလောရင့်စ်နိုက်တင်ဂေးကဲ့သို့ပင် ဘေးအန္တရာယ်များကြားမှာ၊ ပင်ပန်းဆင်းရဲမှုများကြားမှာ ရောဂါဘယဘေးကျရောက်သူများကို ပြုစုနေကြသော၊ အများပြည်သူတို့ ကပ်ရောဂါဘေးမှ ကင်းဝေးကြရန်အလို့ငှာ ဝိုင်းဝန်းကူညီနေကြသော၊ မေတ္တာ စေတနာ ကရုဏာတို့ဖြင့် လူအပေါင်းကို ပြုစုစောင့်ရှောက် ကြင်နာယုယနေကြသော သူနာပြုများအားလုံးကို ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## စေတုတ္တရာမြို့နယ်ရှိ ကျေးရွာ ၃၁ ရွာအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကာလအတွင်း မြန်မာကိုင်ဒိုကုမ္ပဏီက ဆန်အိတ် ၇၇၀ လှူဒါန်း

စေတုတ္တရာ မေ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းတံမံနှင့် ကြီးအုံ-ကြီးဝ တမံတည်ဆောက်ခဲ့စဉ်က ရေနစ်မြုပ်ဧရိယာအတွင်း ပါဝင်ခဲ့သော ကျေးရွာ ၃၁ ရွာကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကာလအတွင်း ရိက္ခာအထောက်အပံ့ရရှိစေရန် မြန်မာကိုင်ဒိုကုမ္ပဏီမှ ဆန်အိတ် ၇၇၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အမှာစကားပြောကြားပြီး မြန်မာကိုင်ဒိုကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ညွန့်ဦးက ဆန်အိတ်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညို ဦးက ဆန်အိတ်များလှူဒါန်းပေးသည့် မြန်မာကိုင်ဒိုကုမ္ပဏီအား ကျေးရွာနေပြည်သူများ၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် မြန်မာကိုင်ဒိုကုမ္ပဏီမှ စေတုတ္တရာမြို့နယ်ရှိ မုန်းတံမံနှင့် ကြီးအုံ-ကြီးဝတမံ တည်ဆောက်ခဲ့စဉ်က ရေနစ်မြုပ်ဧရိယာအတွင်းပါဝင်ခဲ့သော ကျေးရွာ ၃၁ ရွာရှိ အိမ်ထောင်စု ၂၉၀၉ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ဆန်အိတ် ၇၇၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခင်သန်းလှိုင်(ပြန်/ဆက်)**



ကျောက်တန်းမြို့နယ် ဇွဲဂနာရွာ ရေကန်တူးဖော်နိုင်ရေးအတွက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ၏ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(မှော်ဝန်းဝင်းမြတ်)က အလှူငွေကျပ် ၅၀၀၀၀ ကို မေ ၁၆ ရက်က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မေ ၁၆**

မေ ၁၆ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ မိနစ် ၂၀ ၄၄ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ မြောက်ဘက် ၄၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရမည်းသင်းမြို့၏ အနောက်မြောက်ဘက် (၄)မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ပြည်သူ့သာလျှင် အဓိက




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ချိတ်ဆက်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ချိတ်ဆက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း လမ်း၊ တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် Video Confer-encing ဖြင့် တိုက်ရိုက်ချိတ်ဆက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**

### ရှင်းလင်းတင်ပြ

ရေးဦးစွာ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်သီဟက ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လမ်း၊ တံတား အဆင့်မြှင့်တင် ဆောင်ရွက်နေမှု ၊ လမ်းအထူးအဖွဲ့ (၃) ဖွဲ့ ၊ တံတားအထူးအဖွဲ့(၂)ဖွဲ့နှင့် ခရိုင် (၃) ခရိုင်တို့မှ ကတ္တရာလမ်းခင်းခြင်း ၊ ကွန်ကရစ်လမ်းခင်းခြင်း၊ မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းကို ၁၈ ပေ အကျယ်၊ ၂၄ ပေအကျယ် တိုးချဲ့ဆောင်ရွက်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ မြေသားတာပေါင်ချဲ့ခြင်း၊ သံကူကွန်ကရစ် တံတားများနှင့် ရေထုတ်ပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် လှူဒါန်းထောက်ပံ့မှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### ၉၉ ရာခိုင်နှုန်းအထိ တိုးတက်

ယခုအခါ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လမ်းများတိုးတက်မှုအနေဖြင့် ကတ္တရာလမ်း ၊ ကွန်ကရစ်လမ်း ၁၁၇ မိုင် ၃ ဖာလုံ တိုးတက်လာခဲ့ပြီး တံတားများအနေဖြင့် သံကူကွန်ကရစ်၊ သံမဏိသံပေါင်တံတား တည်ဆောက်ပြီးစီးမှုမှာ ယခုအခါ ၉၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်းသိရသည်။

ထို့နောက် ရှမ်းပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ထွန်းက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၃၀ မိုင် ၃ ဖာလုံ ၊ ကျောက်လမ်း ၂၈ မိုင် ၇ ဖာလုံ ၊ မြေလမ်း ၄၆ မိုင် ၆ ဖာလုံ ဆောင်ရွက်လျက်ရှိရာ ၆၅ ဒသမ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု ၊ ကွန်ကရစ်တံတားအနေဖြင့် စုစုပေါင်း ၄၃ စင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းပြီးစီးမှုမှာ ၆၁ ဒသမ ၇၁ ရာခိုင်နှုန်း ပြီးစီးမှုကိုလည်းကောင်း၊ တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် ရှေ့ပြေးစီမံချက်ဖြင့် အင်းလေးကန် အနောက်ပတ်လမ်း၊ ခေါင်တိုင် – အင်းတိမ် – မော့ဘီလမ်း ၂၆ မိုင်အနက် ၂၁ မိုင် ၃ ဖာလုံ ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာခင်းရန် ကျန်ရှိသော ၄ မိုင် ၅ ဖာလုံကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းတစ်ခုလုံး ၉၉ ရာခိုင်နှုန်း ပြီးစီးမှုကိုလည်းကောင်း ၊ ဆက်လက်၍ ဂျာမနီနိုင်ငံ၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်အတွင်းရှိ လည်းကုန်း-မိုးနဲသရဖူ-ကျားတွန် - အင်းတိမ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ၁၁ မိုင် ၇ ဖာလုံ ၊ နောင်ပိ-တီလုံ – မိုးဦး ၊ နမ့်ဖာမူလမ်း ကတ္တရာခင်းလုပ်ငန်း ၂၀ မိုင် ၃ ဖာလုံ လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်အတွင်းရှိ မင်္ဂလာဦး-တိပေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ၁ မိုင် ၃ ဖာလုံ၊ စုစုပေါင်း ၃၃ မိုင် ၅ ဖာလုံကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး ၆၅ ရာခိုင်နှုန်း ပြီးစီးမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### ယာယီဘေလီတံတားတည်ဆောက်

ဆက်လက်၍ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်နိုင်ဦးက မန္တလေး – လားရှိုး – မူဆယ်လမ်း မိုင်တိုင် ၈၄ ရှိ ယခင်ဂုတ်တွင်းတံတားဟောင်းကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မိုင်းခွဲဖျက်ဆီးခံခဲ့ရမှုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ယာယီဘေလီ တံတားကို ငါးရက်အတွင်း အပြီးတည်ဆောက်ထားရှိမှု၊ ယခုယာယီတံတားနေရာတွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အရှည်ပေ ၂၁၀ နှစ်လမ်းသွား ကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုနှင့် ယခုအခါ တံတားတစ်စင်းလုံး ၆၀ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားအထူးအဖွဲ့ (၁၂)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန့်ဇင်က မိတ္ထီလာ – တောင်ကြီး–ကျိုင်းတုံ – တာချီလိတ် လမ်းပေါ်ရှိ အရှည် ၃၅၁ မီတာ သံလွင်မြစ်ကူးတံတား (တာကော်) တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကိုလည်းကောင်း ၊ မိုင်းနောင် – မိုင်းရှူး လမ်းပေါ်ရှိ အရှည် ၁၃၀ မီတာ နန့်ပန်ချောင်းတံတား (မိုင်းရှူး) လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်း တိုးတက်မှုတို့ကို ရှင်းလင်းတင်ပြပြီး Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထိုက်က သံလွင်တံတားတည်ဆောက်နေမှု တို့ကို ရှင်းလင်းတင်ပြပြီး Video Clip ဖြင့် ပြသသည်။

### တိုးတက်မှုရှိအောင် ကြိုးစား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှမ်းပြည်နယ် တောင်ပိုင်းအတွင်း ဆောင်ရွက်နေသည့် လမ်းဦးစီး ၊ တံတားအထူးအဖွဲ့များ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ၊ ဆက်လက်၍ လုပ်ငန်းတိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း ၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးနှင့် အရည်အသွေးကောင်းရန် လိုအပ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပူပြင်းသည့်အတွက် လမ်း ၊ တံတားလုပ်ငန်းများဆောင်ရွက်သည့် ကာယ ၊ ဉာဏ လုပ်သားများ ၊ အင်ဂျင်နီယာဝန်ထမ်းများ ကျန်းမာရေး ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယခုအချိန်ကစ၍ ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ တောင်ပေါ်လမ်းများဖြစ်သည့်အတွက် ရေစီးရေလာ ကောင်းမွန်ရေး၊ ရေမြောင်းများ ၊ ရေပြွန်များကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်စေရေး တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်ပေးရန် ၊ ကိုဗစ်-၁၉ ကာကွယ် ၊ ထိန်းချုပ် ၊ ကုသရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထုတ်ပြန်ထားသည့် အမိန့် ၊ ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ဆက်လက်၍ လုပ်ငန်းများ တိုးတက်ရန် ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်သွားရန် တို့ကို မှာကြားသည်။ **သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့် နေရာသို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၉ ရက်တွင်လည်းကောင်း၊ တတိယအသုတ်အဖြစ် ၁၄၅ ဦးအား မေ ၁၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့စတုတ္ထအသုတ် အပါအဝင် စုစုပေါင်း ၅၇၇ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍လည်း မေ ၂၁ ရက်တွင် ပဉ္စမအသုတ်အဖြစ် မြန်မာနိုင်ငံသား ၁၄၆ ဦးခန့်အား ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် တပ်ကုန်းမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်၊ ပျဉ်းမနားမြို့ မင်္ဂလာဖေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မင်္ဂလာဖေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၂၅၉ ပါး၊ သီလရှင် ၉၆ ပါး၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၃၂၂ ပါး၊ သီလရှင် ၁၄၈ ပါး စုစုပေါင်း ဘုန်းတော်ကြီး ကျောင်း ၁၆ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းရှိ ရဟန်း၊ သာမဏေ ၅၈၁ ပါး၊ သီလရှင် ၂၄၄ ပါးတို့ကို ဆွမ်းဆန်တော်အိတ် ၁၆၁ အိတ် လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လမ်းများအဆင့်မြှင့်တင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မေ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက်ရှိ မိခင်လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းနိုင်ရေးအတွက် ရပ်မိ၊ ရပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရွှေစက်ရပ်ကွက် လော်ဝေါ်နှစ်ခြင်း ကျမ်းစာသင်ကျောင်းအတွင်း ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှုနှင့် ကရိန်နေ့ာ် အပန်းဖြေစခန်း ဆောက်လုပ်သွားနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ရွှေစက်ရပ်ကွက် လမ်းသွယ်(၁၆)၊ လမ်းသွယ်(၂၄)ကတ္တရာလမ်းခင်းနေသည့် အခြေအနေနှင့် အေးမြသာယာရပ်ကွက်လမ်းများ အချိန်မီဖောက်လုပ်ပြီးစီးသွားနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ယနေ့နံနက် ၁၀နာရီက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပသည်။ **(ယာပုံ)**




တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မကြာမီ ကျောင်းဖွင့်ရာသီကို ပြန်လည်ရောက်ရှိတော့မည်ဖြစ်၍ အခြေခံပညာစာသင်ကျောင်းများတွင် ပြုလုပ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းစခန်းတွင် ယခု အသွားအလာကန့်သတ်ခြင်း ဝင်ရောက်နေသူများမှလွဲ၍ ထပ်မံ၍ အသွားအလာကန့်သတ်ခြင်းထားရှိရန် လိုအပ်ပါက ပြည်ထောင်စုဝန်ကြီး ဌာနပိုင်အဆောက်အအုံများ၊ အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် အဆောက်အအုံများတွင်သာ ထားရှိသွားရန်၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း ပြုလုပ်ထားသည့် အခြေခံပညာ ကျောင်းများအားလုံးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပိုးသတ်ဆေးဖျန်းခြင်းကို ဇွန် ၁၅ ရက် အပြီးဆောင်ရွက်သွားရန်၊ ကိုဗစ်-၁၉ ပိုးတွေ့ လူနာများအား သယ်ယူပို့ဆောင်ရန် နည်းလမ်းများကို ကျန်းမာရေး ညွှန်ကြားချက်များအတိုင်း ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးနှင့် စေတနာ့ဝန်ထမ်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းကိုလည်း အရှိန်မပျက်မပြတ် ဆက်လက် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက နေရပ်ပြန်မြန်မာနိုင်ငံသားများအား သတ်မှတ်နေရာ အဆောက်အအုံများတွင် အသွားအလာ ကန့်သတ်ခြင်း ထားရှိမှုအခြေအနေ၊ သယ်ယူပို့ဆောင်မှု အခြေအနေ၊ အသွားအလာ ကန့်သတ်ခြင်း နေရာများအလိုက် ပံ့ပိုးဆောင်ရွက်ပေးရမည့် အခြေအနေ၊ စေတနာ့ဝန်ထမ်းများအား ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများ၊ အခြေခံလက်လုပ်လက်စားများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ထပ်မံကူညီပံ့ပိုးပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**တင်စိုး(ပဲခူး)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၆**

နေပြည်တော်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ရေးမြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် မိုးညှင်းမြို့တွင် ၀ ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



လွှတ်တော်အဆောက်အအုံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

သတင်းစဉ်



လွှတ်တော်အစည်းအဝေးခန်းမအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

သတင်းစဉ်

◆ ရှေ့ဖုံးမှ

နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည် ၂၀ ၊ ဆေးဖျန်းယာဉ် လေးစီးနှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင် ၈၀ ၊ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ရေမှုန်ရေမွှားလုပ်စက်ရုပ် (LUF 60) Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ကန့်သတ်စောင့်ကြည့်နေရာများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ လိုက်လံကြည့်ရှုကြီးကြပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၐ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် မေ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့လျက်ရှိသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူလူထုများသို့ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ နှင့် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ယခုနွေရာသီတွင် ရေလှူဒါန်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်မှ မေ ၁၃ ရက်အထိ ရေဂါလန် စုစုပေါင်း ၁၆၂၀၀၀ အား ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ပြီး ရေရှားပါးသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသော သောက်သုံးရေများ အလှည့်ကျ ဖြန့်ဝေလှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး မီးလောင်မှုဖြစ်ပွားရာ နေရာသို့ သွားရောက်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။ အလားတူ ဒိုးနွယ်ကျေးရွာ မီးဘေးသင့် ပြည်သူများအား နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ Kit Box များ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၃ သိန်းနှင့် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၂၉၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၁၆**

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်း ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၆ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နောက် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီးနောက် ၁၇-၅-၂၀၂၀ ရက်နေ့ နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မန္တလေး မဟာအောင်မြေကျောက်မျက်စခန်းရှိ အခြေခံကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ကျော်အား ဆန်၊ ဆီ၊ ဆား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**မန္တလေး မေ ၁၆**

မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်စခန်း (မန္တလေးကျောက်ဝိုင်း)တွင် ကျောက်စိမ်းကျောက်မျက်လုပ်ငန်းဖြင့် အသက်မွေးရပ်တည်နေကြသည့် လက်လုပ်လက်စား အခြေခံကျောက်သမား အိမ်ထောင်စုပေါင်း ၁၂၀၀၀ ကျော်အား ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မေ ၁၆ ရက် နံနက်ပိုင်းက ထောက်ပံ့လှူဒါန်းသည်။ **(ဓာတ်ပုံ)**

အဆိုပါ ထောက်ပံ့လှူဒါန်းမှုကို ကျောက်မျက်လုပ်ငန်းရှင်များ အသင်း (မန္တလေး) မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်အဖွဲ့နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်းပေါင်း ၂၄၆၀ ကျော်ဖြင့် ကျောက်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ကျော် လူဦးရေ တစ်သိန်းကျော်အတွက် အိမ်ထောင်စုတစ်ခုလျှင် ဆန် ၁၀ ပြည်၊ ဆား တစ်ပိဿာ၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာနှင့် ကြက်ဥ ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း မဟာအောင်မြေကျောက်မျက်ဈေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးမြင့်လှိုင်က ပြောသည်။

"အခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ အမှန်တကယ် အခက်အခဲ ဖြစ်ပေါ်နေကြတဲ့ အခြေခံ ကျောက်သမားမိသားစုတွေ အဆင်ပြေပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ကျောက်မျက်ဈေး အကျိုးတော်ဆောင် အဖွဲ့တွေ၊ ကျောက်မျက် လုပ်ငန်းရှင်တွေနဲ့ အခြားအလှူရှင်တွေ စုပေါင်းလှူဒါန်း ငွေတွေနဲ့ မှုဝေထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ အခုလိုထောက်ပံ့ပေးခြင်း အားဖြင့် သူတို့တွေအတွက် ၁၀ ရက် (သို့မဟုတ်) ၁၅ ရက်လောက်တော့ အဆင်ပြေသွားကြမယ်လို့ ထင်ပါတယ်။ ကျောက်မျက်ဈေးကိုတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုတာနဲ့ ကျွန်တော်တို့ဈေးအကျိုးတော်ဆောင်အဖွဲ့တွေ၊ နာယကလူကြီးတွေနဲ့ ရပ်မိရပ်ဖတွေ တိုင်ပင်ပြီး ပြန်ဖွင့်သွားမှာပါ" ဟု ၎င်းက ပြောသည်။



ယခုလို ထောက်ပံ့လှူဒါန်းသည့် အစီအစဉ်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရန် မန္တလေးခရိုင်မြို့နယ်ရှိ စာရင်းကောက်ယူထားသည့် အခြေခံကျောက်သမားများအား မြို့နယ်အလိုက် အလှည့်ကျစနစ်ဖြင့် မေ ၁၆ ရက်မှ ၁၉ ရက်အထိ ထောက်ပံ့ လှူဒါန်းပေးသွားမည် ဖြစ်ကြောင်းနှင့် မဟာအောင်မြေ ကျောက်မျက်စခန်းတွင် ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းဖြင့် လာရောက်အရောင်းအဝယ် ပြုလုပ်သူဦးရေမှာ နေ့စဉ် တစ်သောင်းကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# COVID-19 နှင့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

**နုမြဇံ (ပြတိုက်)**

COVID – 19 ခေါ် ကမ္ဘာ့ကပ်ရောဂါဆိုးကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများ စိုးရိမ်ပူပန်မှုများ၊ ကြောက်ရွံ့မှုများ မြင့်တက်ကာ မြို့ရွာများ၊ ရပ်ကွက်များ၊ ကျေးရွာများအထိ အသွားအလာကန့်သတ်ခြင်း၊ လူတိုင်းလူတိုင်းကို တတ်နိုင်သမျှ အိမ်တွင်သာနေထိုင်စေခြင်း၊ လူစုလူဝေးမပြုလုပ်ကြရန် အမိန့်များထုတ်ပြန်တားဆီးခြင်းတို့ ပြုလုပ်နေကြချိန် ယခုနှစ် ၂၀၂၀ ပြည့်နှစ်၏ မေလ ၁၈ ရက်နေ့ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားများကျင်းပရန် မဖြစ်နိုင်တော့သည်မှာ သေချာသလောက်ရှိသွားပေပြီ။ ကမ္ဘာတစ်ဝန်းရှိပြတိုက်များနှင့် မြန်မာနိုင်ငံရှိပြတိုက် အတော်များများလည်း ပိတ်ထားကြရဆဲ ဖြစ်သည်။ သို့ဆိုလျှင် ပြတိုက်များနေ့အခမ်းအနား မကျင်းပရုံဖြင့် အခြားသောနည်းလမ်းများဖြင့်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြတိုက်ဝန်ထမ်းများ စဉ်းစားတွေးတောနိုင် ကြစေရန် ဆောင်းပါးဖြင့် ရေးသားနှိုးဆော်လိုက်ရပါသည်။

**အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အစ**

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၄၀ ကျော်မှ ပြတိုက်ပညာရှင်များ၊ ပြတိုက်ဝန်ထမ်းများ၊ ပြတိုက်ကိုစိတ်ဝင်စားသူများ အဖွဲ့ဝင်အဖြစ် စုစုပေါင်း ၄၀၀၀၀ ခန့် ပါဝင်ကာ ၁၉၄၆ ခုနှစ်က ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် စတင်တည်ထောင်ခဲ့သော International Council of Museums (ICOM) ခေါ် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက နှစ်စဉ် မေလ ၁၈ ရက်နေ့နှင့် ယင်းရက်ဝန်းကျင်တွင် ကျင်းပကြရန် ၁၉၇၇ ခုနှစ် မေလ ၁၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရုရှားနိုင်ငံ မော်စကိုနှင့် လီနင်ဂရက်မြို့များတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ၏ (၁၁) ကြိမ်မြောက် အထွေထွေညီလာခံက ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့ရာက စတင်ခဲ့ခြင်းဖြစ်ရာ ယခု ၂၀၂၀ ပြည့်နှစ်ဆိုလျှင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ပေါ်ပေါက်လာသည့် ကာလ ၄၃ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။


**အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်**

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသည် ပြတိုက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူအများစု တိုက်ရိုက်တွေ့ဆုံကာ မျက်မှောက်ခေတ်ပြတိုက်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပြည်သူများသတိပြုမိအောင် ပြတိုက်များဘက်က ပြသနိုင်သည့်အခွင့်အလမ်း တစ်ရပ် ဖန်တီးပေးလိုခြင်းက အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက သတ်မှတ်ပေးထားသော ပြတိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည့် "ပြတိုက်ဟူသည် လူထုနှင့်ပတ်ဝန်းကျင် တိုးတက်ရေးအတွက် ဝန်ဆောင်မှုပေးရသော ပြည်သူအတွက် အမြဲတမ်းဖွင့်လှစ်ထားသည့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။ အဆိုပါပြတိုက်များသည် ပစ္စည်းများစုဆောင်းခြင်း (Acquisition)၊ စုဆောင်းရရှိသော ပြတိုက်ပစ္စည်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း (Conservation)၊ အဆိုပါပစ္စည်းများအကြောင်း ပိုမိုသိရှိလာအောင် သုတေသနပြုလုပ်ခြင်း (Research)၊ ပြည်သူလူထုနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း (Communication) နှင့် လူသားနှင့်ပတ်ဝန်းကျင်ကပိုင်ဆိုင်သော ဒြပ်ရှိဒြပ်မဲ့အမွေအနှစ်ပစ္စည်းများကို ခင်းကျင်းပြသခြင်း (Exhibition) ဟူသော ပြတိုက်လုပ်ဆောင်ဖွယ်တာဝန်များကို ပြည်သူလူထုအား ပညာပေးရန်၊ ပညာရှင်နှင့်သုတေသီများ လေ့လာခွင့်ရရှိရန်နှင့် အားလုံးသောပရိသတ်များ စိတ်ပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်လျက် ဆောင်ရွက်ရမည့်ဌာနများဖြစ်သည်။" ဟူသည့် ပြတိုက်အဓိပ္ပာယ်ကို ကိုင်စွဲကာ ကမ္ဘာတစ်ဝန်းလုံးအတိုင်းအတာဖြင့် ပြတိုက်နှင့် ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုနွေးထွေးစွာ ထိတွေ့ဆက်ဆံစေလိုသည့် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ဦးတည်ချက် (Theme) တစ်ခုစီ ချမှတ်ပေးလျက် ထိုဦးတည်ချက်ဘောင်ထဲတွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပစေခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက နှစ်စဉ်ချမှတ်ပေးခဲ့သည့် ဦးတည်ချက်များအနက် အစောပိုင်းဦးတည်ချက်များကို မတွေ့ရှိရဘဲ ၁၉၉၂ ခုနှစ်မှ ယခု ၂၀၂၀ ပြည့်နှစ်အထိ နှစ်စဉ်ချမှတ်ပေးခဲ့သောဦးတည်ချက် (Theme) များကို နှစ်အလိုက် လေ့လာတွေ့ရှိရပေသည်။

- ၁၉၉၂ ခုနှစ် – ပြတိုက်များနှင့် ပတ်ဝန်းကျင် (Museums and environment)
- ၁၉၉၃ ခုနှစ် – ပြတိုက်များနှင့် ဒေသခံတိုင်းရင်းသားများ (Museums and indigenous peoples)
- ၁၉၉၄ ခုနှစ် – ပြတိုက်များထဲမှ နောက်ကွယ်မြင်ကွင်းများ (Behind the scenes in museums)
- ၁၉၉၅ ခုနှစ် – တုံ့ပြန်မှုနှင့် တာဝန် (Response and responsibility )
- ၁၉၉၆ ခုနှစ် – အနာဂတ်အတွက် ယနေ့စုဆောင်းခြင်း (Collecting today for tomorrow )
- ၁၉၉၇ ခုနှစ် – ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်များ တရားမဝင်ခိုးထုတ်ခြင်းကို တိုက်ဖျက်ရေး (The fight against illicit traffic of cultural property )
- ၁၉၉၉ ခုနှစ် – စူးစမ်းလေ့လာ ပျော်စရာ (Pleasures of discovery )
- ၂၀၀၀ ပြည့်နှစ် – ပြည်သူ့ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုအတွက် ပြတိုက်များ (Museums for peace and harmony in society )
- ၂၀၀၁ ခုနှစ် – လူမှုအသိုက်အဝန်း တည်ဆောက်ရာ ပြတိုက်များ (Museums: building community )
- ၂၀၀၂ ခုနှစ် – ပြတိုက်များနှင့် ကမ္ဘာ့ရွာဖြစ်လာခြင်း (Museums and globalisation )
- ၂၀၀၃ ခုနှစ် – ပြတိုက်များနှင့် မိတ်ဆွေများ (Museums and friends )

**"အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီသည် ပြတိုက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်သူအများစု တိုက်ရိုက်တွေ့ဆုံကာ မျက်မှောက်ခေတ်ပြတိုက်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပြည်သူများ သတိပြုမိအောင် ပြတိုက်များဘက်က ပြသနိုင်သည့်အခွင့်အလမ်း တစ်ရပ် ဖန်တီးပေးလိုခြင်းက အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်"**




- ၂၀၀၄ ခုနှစ် – ပြတိုက်များနှင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ (Museums and intangible heritage (Intangible cultural heritage))
- ၂၀၀၅ ခုနှစ် – ယဉ်ကျေးမှုတံတားပြတိုက်များ (Museums bridging cultures)
- ၂၀၀၆ ခုနှစ် – ပြတိုက်များနှင့် လူငယ်ထု (Museums and young people)
- ၂၀၀၇ ခုနှစ် – ပြတိုက်များနှင့် အများနှင့်သက်ဆိုင်သော အမွေအနှစ် (Museums and universal heritage)
- ၂၀၀၈ ခုနှစ် – လူမှုရေးပြောင်းလဲတိုးတက်မှုကိုယ်စားပြုပြတိုက်များ (Museums as agents of social change and development )
- ၂၀၀၉ ခုနှစ် – ပြတိုက်များနှင့် ခရီးသွားကဏ္ဍ (Museums and tourism)
- ၂၀၁၀ ပြည့်နှစ် – လူမှုရေးသဟဇာတဖြစ်မှုအတွက် ပြတိုက်များ (Museums for social harmony )
- ၂၀၁၁ ခုနှစ် – အမှတ်တရပါ ပြတိုက်မှာ (Museum and memory)
- ၂၀၁၂ ခုနှစ် – စိန်ခေါ်မှုအသစ် ဉာဏ်ကွန့်မြူးမှုအသစ်များဖြင့် ပြောင်းလဲနေသော လောကတစ်ခုမှပြတိုက်များ (Museums in a changing world. New challenges, new inspirations )
- ၂၀၁၃ ခုနှစ် – ပြတိုက်များ (အမှတ်တရ + တီထွင်ဖန်တီးမှု) = လူမှုရေးပြောင်းလဲမှု (Museums (memory + creativity = social change) )
- ၂၀၁၄ ခုနှစ် – စုဆောင်းပြတိုက်ပစ္စည်းများ၊ ဆက်စပ်မှုကိုဖန်တီးသွား (Museum collections make connections )
- ၂၀၁၅ ခုနှစ် – ထာဝစဉ်ရှင်သန်မည့်ပြတိုက်များ (Museums for a Sustainable Society )
- ၂၀၁၆ ခုနှစ် – ပြတိုက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းများ (Museums and Cultural Landscapes)
- ၂၀၁၇ ခုနှစ် – ယှဉ်ပြိုင်သမိုင်း၊ သိုင်းဝိုင်းပြောကြား၊ ပြတိုက်ထဲက ပြသပစ္စည်းများ (Museums and Contested Histories: Saying the unspeakable in museums)
- ၂၀၁၈ ခုနှစ် – ချဉ်းကပ်မှုအသစ်များ ပရိသတ်အသစ်များသည် ပြတိုက်များ အထူးချိတ်ဆက်မှုက ပေါ်ပေါက်လာသည် (Hyperconnected museum: New approaches, new publics )
- ၂၀၁၉ ခုနှစ် – ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး (Museums as Cultural Hubs: The Future of Tradition)
- ၂၀၂၀ ပြည့်နှစ် – မတူကွဲပြား ခြားနားပါဝင် ညီညွတ် တူယှဉ်ပြတိုက်တစ်ခွင် (Museums for Equaity: Diversity and Inclusion)

**အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပခဲ့ပုံများ**

၁၉၇၇ ခုနှစ်က အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို စတင်သတ်မှတ်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီအဖွဲ့ဝင် ပြတိုက်များက တစ်ခဲနက် စိတ်ဝင်တစား ကျင်းပကြခြင်း မရှိသေးဘဲ နှစ်အလိုက် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ၏ နှိုးဆော်မှု၊ တိုက်တွန်းမှုများပြုလုပ်ခြင်းဖြင့် တဖြည်းဖြည်း စိတ်ဝင်စားမှုမြင့်တက်လာကာ ၁၉၉၂ ခုနှစ်လောက်မှ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာကြကြောင်းသိရှိရသည်။ အထူးသဖြင့် နိုင်ငံတကာပြတိုက်လောကတွင် ၂၀၀၉ ခုနှစ်သည် နိုင်ငံပေါင်း ၉၀ ကျော်မှ ပြတိုက်ပေါင်း ၂၀၀၀၀ ကျော် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ် လှုပ်ရှားမှုများစွာပြုလုပ်ခဲ့သောနှစ်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၉၈ နိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် နိုင်ငံပေါင်း ၁၀၀ နှင့် ၂၀၁၂ ခုနှစ်တွင် ၁၂၉ နိုင်ငံ ကျင်းပလာကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ ယမန်နှစ်အထိ နိုင်ငံများ တိုး၍တိုး၍ ကျင်းပလာရာ အာရှတိုက်ပြတိုက်များ၏ တက်ကြွစွာ ပါဝင်လာမှုမှာ ၂၀၀၀ ပြည့်လွန်နှစ်များတွင် ပိုမိုများပြားလာကြောင်း တွေ့ရသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ်ပိုစတာကိုလည်း မိမိနိုင်ငံသုံး ဘာသာစကားဖြင့် ဘာသာပြန်ထုတ်ဝေခဲ့ကြရာ ၂၀၁၂ ခုနှစ်တွင် ၃၈ ဘာသာပြန်ဆိုခဲ့ကြကြောင်း သိရှိမှတ်သားရသည်။ နိုင်ငံတကာတွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို အခမ်းအနားပြုလုပ်ကျင်းပရာတွင် အများဆုံးပြုလုပ်လေ့ရှိသည်မှာ ပြတိုက်များ အခမဲ့ဖွင့်လှစ်ပြသခြင်း၊ အထူးပြပွဲများ အခမဲ့ခင်းကျင်းပြသခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ အခမဲ့ကျင်းပပြုလုပ်ခြင်း၊ ဦးတည်ချက်နှင့် ကိုက်ညီသည့် ပြဇာတ်၊ ကဇာတ်များ အခမဲ့ဖျော်ဖြေတင်ဆက်ခြင်း၊ ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်များ ပါဝင်သည့် ပညာပေးရေးအစီအစဉ်များ ပြုလုပ်ခြင်း၊ ပြိုင်ပွဲများပြုလုပ်လျက် ဆုချီးမြှင့်ခြင်းစသည်ဖြင့် ပြည်သူနှင့် ပြတိုက်ဆက်စပ်မိအောင်၊ ပြတိုက်ကို ပိုမိုစိတ်ဝင်စားသတိပြုမိလာအောင် ဆောင်ရွက်လျက်ရှိကြသည်။

*စာမျက်နှာ ၇ သို့*

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၆၃၄ | ၁၈၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၉၆ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၄၂၀၈**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၈၃ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | **စုစုပေါင်း** | **၁၈၂** | **၆** |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၆-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၈၇၀၇၆ | ၃၂၈၁၃၂ | ၈၈၆၀၃ |
| ၂။ | စပိန် | ၂၇၆၅၀၅ | ၁၉၂၂၅၃ | ၂၇၅၆၃ |
| ၃။ | ရုရှား | ၂၇၂၀၄၃ | ၆၃၁၆၆ | ၂၅၃၇ |
| ၄။ | ဗြိတိန် | ၂၄၀၁၆၁ | စိစစ်ဆဲ | ၃၄၄၆၆ |
| ၅။ | အီတလီ | ၂၂၃၈၈၅ | ၁၂၀၂၀၅ | ၃၁၆၁၀ |
| ၆။ | ဘရာဇီး | ၂၂၀၂၉၁ | ၈၄၉၇၀ | ၁၄၉၆၂ |
| ၇။ | ပြင်သစ် | ၁၇၉၅၀၆ | ၆၀၄၄၈ | ၂၇၅၂၉ |
| ၈။ | ဂျာမနီ | ၁၇၅၆၉၉ | ၁၅၂၆၀၀ | ၈၀၀၁ |
| ၉။ | တူရကီ | ၁၄၆၄၅၇ | ၁၀၆၁၃၃ | ၄၀၅၅ |
| ၁၀။ | အီရန် | ၁၁၈၃၉၂ | ၉၃၁၄၇ | ၆၉၃၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၇၃၅၆ | ၇၂၄၈ | ၂၁ |
| အင်ဒိုနီးရှား | ၁၇၀၂၅ | ၃၉၁၁ | ၁၀၈၉ |
| ဖိလစ်ပိုင် | ၁၂၃၀၅ | ၂၅၆၁ | ၈၁၇ |
| မလေးရှား | ၆၈၇၂ | ၅၅၁၂ | ၁၁၃ |
| ထိုင်း | ၃၀၂၅ | ၂၈၅၅ | ၅၆ |
| ဗီယက်နမ် | ၃၁၈ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၂ | ၉၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

● *ကျော့ဖုံးမှ*

ဝန်ထမ်းအများစုနဲ့ အလုပ်သမားအများစုပဲ ကူးသန်းသွားလာမှုများကြတယ်။ မေ ၁၈ ရက်က စပြီးတော့ သင်္ဘောခရီးစဉ်ကို အခေါက်ရေ ၃၀ နှုန်းနဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်" ဟု ယနေ့မွန်းလွဲ ၃ နာရီက ပြောကြားခဲ့သည်။

လက်ရှိအချိန်၌ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းရှိ ချယ်ရီရေယာဉ်သင်္ဘော သုံးစင်းဖြင့် အလှည့်ကျ နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ သင်္ဘောအခေါက်ရေ ၂၄ ခေါက်နှုန်းဖြင့် အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားမိဘပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် Stay at Home ကာလ သင်္ကြန်ကာလ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ သင်္ဘောခရီးစဉ်ကို လေးခေါက်နှုန်းမှ ခုနစ်ခေါက်နှုန်းအထိသာ ပြေးဆွဲပြီး ဧပြီ ၂၀ ရက် ရုံးဖွင့်ရက်မှ စတင်၍ မေ ၁၇ ရက်အထိ သင်္ဘောခရီးစဉ်ကို ၂၄ ခေါက်နှုန်းဖြင့် ပြေးဆွဲမည်ဖြစ်ရာ မေ ၁၈ ရက်မှ စတင်ပြီး နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၈ နာရီအထိ အခေါက်ရေ ၃၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကျော်(ဒလ)**

❋ *ကျော့ဖုံးမှ*

ဆပ်ပြာတောင့် ၄၆၃ တောင့်၊ နှာခေါင်းစည်း ၉၂၆ ခု၊ ထုံးအိတ် ၇၀၊ လက်ဆေးစင် ခုနစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

### မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ကျင်းပခဲ့ပုံများ

မြန်မာနိုင်ငံအနေဖြင့်မူ ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ အဖွဲ့ဝင်ဖြစ်လာပြီး အဖွဲ့ဝင်လျှောက်ထားဆဲမှာပင် ၂၀၁၆ ခုနှစ်မှစတင်ကာ အမျိုးသားပြတိုက် (ရန်ကုန်)သည် ယင်းတွင်ဖွင့်လှစ်ထားသော ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် ၁၃ ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးအပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားကို ကျောင်းသား ကျောင်းသူငယ်များအား ဖိတ်ခေါ်လျက် လက်တွေ့ပန်းချီရေးဆွဲယှဉ်ပြိုင်မှုကို ဆုချီးမြှင့်ခြင်းနှင့် ပြတိုက်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြပွဲတို့နှင့် အတူ ခမ်းနားထည်ဝါစွာ စတင်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှသည် ပြတိုက်နှင့် ပြည်သူထိတွေ့မှု များပြားသည့် လှုပ်ရှားမှုများပြုလုပ်ခြင်းတို့ဖြင့် ဆက်တိုက်ဆင်နွှဲလာခဲ့သည်မှာ ၂၀၁၉ ခုနှစ်အထိ ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသားပြတိုက် (နေပြည်တော်)၊ ၂၀၁၈ ခုနှစ်တွင် အမျိုးသားပြတိုက် (ရန်ကုန်) နှင့် ၂၀၁၉ ခုနှစ်တွင် အမျိုးသားပြတိုက်(နေပြည်တော်)တို့ အလှည့်ကျကျင်းပခဲ့သလို တစ်နိုင်ငံလုံးရှိပြတိုက်များကလည်း အခမဲ့ဖွင့်လှစ်ပြသခြင်း၊ ကျောင်းများကို ဖိတ်ခေါ်လျက် အထူးရှင်းလင်းပြသခြင်းတို့ဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တစ်လှည့်ကျင်းပရန်စီစဉ်ထားပြီးသော်ငြား အခြေအနေ မပေးနိုင်ဖြစ်နေပေပြီ။

### ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဘယ်လိုကျင်းပနိုင်မလဲ

ကမ္ဘာလုံးဆိုင်ရာ COVID – 19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသည် လူစုလူဝေးဖြစ်စေသော အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အခမ်းအနားများကို ကျင်းပခြင်းမပြုကြရန်နှင့် ယင်းအစား ပြတိုက်များကဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကို လူမှုကွန်ရက်များအသုံးပြုလျက် ဆင်နွှဲကြရန် နမူနာများပေးလျက် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ၏ Website တွင် ဖော်ပြထားရာ (၁) မိမိတို့ပြတိုက်၏ စုဆောင်းပစ္စည်းများကို online မှ တိုးချဲ့ပြသကြရန် (နမူနာ-အမေရိကန်နိုင်ငံ စမစ်ဆိုးနီးယန်းပြတိုက်- Resolution အရည်အသွေးမြင့်ပြတိုက်စုဆောင်းပစ္စည်းဓာတ်ပုံပေါင်း ၂ ဒသမ ၈ သန်း၊ ပြင်သစ်နိုင်ငံ ပဲရစ်ပြတိုက်များ - ၃ သိန်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China's National Cultural Heritage Administration website မှ ဘေဂျင်းရှိ တရုတ်အမျိုးသားပြတိုက်နှင့် ချုံကျင်းရှိ ပြတိုက်နှစ်ခုတို့မှ ပစ္စည်းဓာတ်ပုံပေါင်း ၁၀၀ ခန့်ကိုအခမဲ့လွှင့်တင်ပေးထားခြင်း။) (၂) Virtual tours များ စီစဉ်ပေးရန် (အဓိကပြသပစ္စည်းများအကြောင်းကို ပြတိုက်ညွှန်ကြားရေးမှူးကိုယ်တိုင်ဖြစ်စေ၊ ပြတိုက်မှူးများက ဖြစ်စေ၊ ပြတိုက်ထဲ လျှောက်ဝင်သွားရင်း ကြည့်ရှုနားထောင်စေသည့်ပုံစံမျိုး ဖြင့် Facebook/ Instagram Live လွှင့်ပေးရန်။ နမူနာ - ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့ပြုလုပ်ခဲ့သော Vincent van Gogh ၏ 'Sunflowers' ပန်းချီကားများကို အမ်စတာဒမ်ဗန်ဂိုးပြတိုက်၊ ဂျာမနီမြူးနစ်ပြတိုက်၊ အမေရိကန်ဖီလာဒယ်လ်ဖီးယား ပြတိုက်နှင့် ဂျပန်အနုပညာ ပြတိုက်များမှ စုပေါင်းလျက် မိမိဘာသာကိုယ်စီဖြင့် ကမ္ဘာ့ပထမဆုံး Facebook live လွှင့်ခြင်း။) (၃) ခင်းကျင်းပြသမှုများကို Pinterest ဖြင့်ပြသရန် (နမူနာ- J. Paul Getty ၏ Profile တွင် ခင်းကျင်းပြသမှုများကို ပြတိုက်ပိုင်သာမက ပြင်ပအနုပညာလောကပိုင်ပစ္စည်းများကိုပါ ပြသလျက်ရှိခြင်း။) **(မှတ်ချက် – Pinterest ကိုစတင်ဆောင်ရွက်ကြည့်ကြရန် အထူးတိုက်တွန်းထားပါသည်။)** (၄) Twitter ဖြင့်ပြသရန်။ (Twitter သည် မြန်မာနိုင်ငံတွင် အသုံးနည်းသဖြင့် ယင်းအစား မြန်မာနိုင်ငံ၌ တွင်ကျယ်စွာသုံးစွဲနေကြသော Facebook ဖြင့် မိမိပြတိုက်အလိုက် Account များ ဖွင့်လျက် အစားထိုးနိုင်ပါသည်။)

နိဂုံးစကားဆိုရလျှင် လူလူချင်းမတွေ့ထိဘဲ ပြတိုက်သို့ လူကိုယ်တိုင်မရောက်သော်လည်း online ကိုအသုံးပြုလျက် နှစ်တိုင်းနှင့်မတူ တစ်မူထူးခြားသော ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဆင်နွှဲကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများ၊ မီဒီယာသမားများ၏ သိရှိလိုသည့်မေးခွန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး နောက်ဆုံးအခြေအနေများကို ယနေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားချက်အရ အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ် -၁၉ နှင့်ပတ်သက်၍ မတ် ၁၃ ရက်တွင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကော်မတီဖွဲ့စည်းသည့် မတ် ၁၃ ရက်တွင် ပြည်သူလူထုသို့ ပန်ကြားချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းပန်ကြားချက်၌ မဟာသင်္ကြန် ကာလရုံးပိတ်ရက်များတွင် လူစုလူဝေးမဖြစ်အောင် အတတ်နိုင်ဆုံး Stay Home နေကြရန်၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပခြင်း မပြုရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပါရှိပါကြောင်း။

## တိုးမြှင့်သတ်မှတ်

သင်္ကြန်ရုံးပိတ်ရက်ရှည်အပြီးတွင် အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်၍ မေ ၁၅ ရက်အထိ အတတ်နိုင်ဆုံး Stay Home နေထိုင်ကြရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြားကာလတွင် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားသည့်မြို့နယ်များကို Safely Stay Home လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် Totally Lockdown ပုံစံမဟုတ်ပါကြောင်း၊ သို့သော် Stay Home ပုံစံဖြင့် အနည်းငယ် စည်းကမ်းတင်းကျပ်သည့် သဘောဖြစ်ပါကြောင်း၊ ပြည်သူသို့ပန်ကြားချက်ကို မေ ၁၅ ရက်မှ မေ ၃၁ ရက်ထိ တိုးမြှင့်သတ်မှတ်ကြေညာခဲ့ပါကြောင်း။

မေ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံနှင့် ဗိုလ်တထောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကလေးမြို့နယ်တို့တွင် တင်းကျပ်ထားသည့် စည်းကမ်းချက်များကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များ လာရောက်မည့် ကန့်သတ်ချက်များကို မေ ၃၁ ရက်အထိ တိုးမြှင့်ထားပါကြောင်း။

သင်္ကြန်ပိတ်ရက်အတွင်း လက်လုပ်လက်စား အခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ ရိက္ခာငါးမျိုးကို ဝေငှပါကြောင်း၊ တစ်နိုင်ငံလုံး၌ရှိသည့် အိမ်ထောင်စုပေါင်း လေးသန်းနီးပါး ဝေငှခဲ့ပါကြောင်း၊ ယင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ၅၀ ဒသမ ၈၄၄ ဘီလီယံ ကျခံခဲ့ပါကြောင်း၊ COVID-19 Economic Relief Plan ပန်းတိုင် ၄ တွင် IDP များ၊ ထိခိုက်လွယ်သည့် အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် သင့်တင့်သည့်ပမာဏနှင့် ငွေကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ယခုတစ်ကြိမ်တွင် အခြေခံရိက္ခာငါးမျိုး ပုံစံမဟုတ်ဘဲ အိမ်ထောင်စုတိုင်းကို ငွေကြေးထောက်ပံ့ပေးမည့် အစီအစဉ်ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြီးခဲ့သည့် ရိက္ခာငါးမျိုး ဖြန့်ဝေချိန်က လူဦးရေ ၃ ဒသမ ၉၉ သန်းရှိသည့်အတွက် ယင်းအပေါ် အခြေခံ၍ နောက်ထပ်ပိုမိုသေချာစေရန်နှင့် Digital Information များရရှိရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာဒေသများနှင့် အဆင်ပြေမည့်အွန်လိုင်းစနစ်ကို ဆွေးနွေးနေပါကြောင်း၊ Online Payment ဆောင်ရွက်ရာတွင် အေဂျင့်များဆီသွားရောက်ပြီး တယ်လီဖုန်းပြသ၍ Password ရိုက်နှိပ်ပြီး ငွေကြေးထုတ်ယူသည့် အေးဂျင့်များနှင့်လည်း အခြေအနေများကို မေးမြန်းနေပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်သွားရန်ရှိပါကြောင်း။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

## အထူးဦးစားပေး ဆောင်ရွက်နေ

ယခုကာလတွင် မြန်မာနိုင်ငံ အနေအထားအရ နောက်ထပ်ခရီးသွားရာဇဝင်ရှိသူများ၊ ထိတွေ့မှုကွင်းဆက်များမှ Positive တွေ့ရှိမှုရှိပါကြောင်း၊ သို့သော် အစိုးရအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် Contact Tracing ကို အထူးဦးစားပေး ဆောင်ရွက်နေပါကြောင်း၊ ရောဂါဖြစ်ပွားသူများ၏ ကွင်းဆက်ကို ဦးစားပေးထိန်းချုပ်နိုင်ပါက ရောဂါထပ်မံမပြန့်ပွားနိုင်ရန် တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

## နေသားတကျဖြစ်အောင် ကြိုးပမ်း

ကမ္ဘာပေါ်တွင် စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ စစ်ပေးနိုင်သည့် Capacity မြင့်မားလာသည့် အတိုင်းအတာရှိပါကြောင်း၊ တစ်ဖက်တွင် ကမ္ဘာ့အခြေအနေ မှာ Lockdown များ ဖြုတ်လိုက်ပြီး New Normal ပုံမှန်သစ်ဖြင့် သွားနေကြကြောင်း၊ နောက်ဖြစ်ပေါ်လာမည့် အနေအထားသစ်ကို နေသားတကျဖြစ်အောင် ကြိုးပမ်းနေသည့် အနေအထားရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် သင့်တော်သည့် New Normal အနေအထားမှာ မည်သို့ဖြစ်မည်ကို အကြီးအကဲများက စဉ်ဆက်မပြတ် ဆွေးနွေးနေပါကြောင်း၊ သက်ဆိုင်ရာ Stakeholder များနှင့်လည်း ဆွေးနွေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ အရောင်းဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်သည့်အခြေအနေ၊ စာသင်ကျောင်းများ၊ ကလေးသူငယ်များ ကျောင်းတက်မပျက် ပညာသင်ကြားနိုင်ရေးအခြေအနေများကို New Normal ပုံစံဖြင့် မည်သို့သွားမည်ကို စဉ်းစားသုံးသပ်နေပါကြောင်း။

## Daily Life တွင် မရှိမဖြစ် ဖြစ်လာ

လာမည့် New Normal ကို ပြီးခဲ့သည့်ရက်ပိုင်းက WHO မှ ပြောကြားထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးသည် အရှင်းပျောက်ကွယ်သွားရန်မရှိဘဲ ကာလအတန်ကြာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် အတူတကွ နေထိုင်ခြင်းဆိုသည့် လူနေမှုပုံစံမျိုးကို သွားရမည့်ပုံစံရှိပါကြောင်း၊ ကမ္ဘာတွင် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၌ Lock Down များ ဖြေလျှော့ခဲ့ပါကြောင်း၊ ဖြေလျှော့ရာတွင် ယင်းနိုင်ငံ၏ လူနေမှုပုံစံတွင် ယခုမြန်မာနိုင်ငံ၌ လုပ်ဆောင်နေသည့် မျက်နှာဖုံးတပ်ခြင်း၊ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း၊ ကိုယ်အပူချိန်မကြာခဏ တိုင်းတာခြင်းတို့သည် Daily Life တွင် မရှိမဖြစ် ဖြစ်လာပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အပြင်ထွက်လျှင် Mask တပ်ရမည်၊ ခပ်ခွာခွာနေရမည်၊ မကြာခဏ လက်ဆေးခြင်း လုပ်ဆောင်ရမည်၊ အပူချိန်တိုင်းတာခြင်းများ လုပ်ဆောင်ရမည် စသည့်ပုံစံများဖြင့်သွားမည့် New Normal ကို မျှော်လင့်ရပါကြောင်း၊ ယင်းအပေါ်တွင် မည်သို့စည်းကမ်းသတ်မှတ်ချက်များဖြင့်သွားလျှင် အကောင်းဆုံးဖြစ်မည်ဆိုသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးစီးပြီးဆောင်ရွက်နေပါကြောင်း။

## ထပ်မံကျဆင်းလာမည့် သဘောရှိ

ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်ကာလတွင် Mask များ ဈေးနှုန်းမြင့်တက်သွားသည်များ ရှိပါကြောင်း၊ Mask တစ်ခုကို ငါးရာ၊ ခြောက်ရာအထိ ဈေးနှုန်းတက်သွားပါကြောင်း၊ ဈေးတက်သွားပြီးနောက် ယခုတွင် ပုံမှန်ဈေး သုံးရာအထိ ပြန်ကျခဲ့ပြီး ထပ်မံကျဆင်းလာမည့် သဘောရှိပါကြောင်း၊ ကျန်းမာရေးနှင့်အညီ ချုပ်လုပ်ထားသည့် မျက်နှာဖုံးများ ရှိပါကြောင်း၊ ယင်းမျက်နှာဖုံးများမှာ N 95 နီးပါး၊ Medical Mask များကဲ့သို့ စွမ်းဆောင်ရည်ရှိသည့် Mask မျိုးဆိုလျှင် ပြည်သူများအကြား အသုံးတွင်ကျယ်လာနိုင်သည့် သဘောဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့၏ နေ့စဉ်လူနေမှုဘဝတွင် ဖြစ်ပေါ်လာမည့် မရှိမဖြစ်ဝတ်ဆင်ရမည့် အနေအထားဖြစ်လာသည့်အတွက် ယင်းအပေါ်တွင် ပိုမိုကောင်းမွန်အောင် မည်သို့သွားကြရမည်ကို ဆွေးနွေးနေပါကြောင်း။

## ပြင်ဆင်မှုများ လုပ်ဆောင်

အကောင်းဆုံးအနေဖြင့် လတ်တလောတွင် မေ ၃၁ ရက်ထိ သက်တမ်းတိုးလုပ်ထားပါကြောင်း၊ ဆက်လက်သက်တမ်းတိုးထားသည့် ကာလအတွင်း ကျန်ရှိသည့် ပြင်ဆင်မှုများ လုပ်ဆောင်နေပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ဗြိတိန်နှင့် အီးယူနိုင်ငံများ၏ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလ၌ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပေးရေး တောင်းဆိုထားသည့်အပေါ် အစိုးရ၏ သဘောထား၊ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်တွင် AA အဖွဲ့ ပါဝင်ခြင်းမရှိရသည့်အခြေအနေ၊ အစိုးရအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု နှိမ်နင်းရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် လေးမြို့နယ်နှင့် ကလေးမြို့နယ်တို့အား ဖြေလျှော့ပေးရန် လမ်းညွှန်ထားသည့်ကိစ္စ၊ ဒုတိယအကြိမ် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ရန် လျာထားမှုအခြေအနေ၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ၊ ကိုဗစ်-၁၉ အလွန် တရုတ်နိုင်ငံ၏ BRI စီမံကိန်းများ ပြန်လည်ဆောင်ရွက်ရန် တရုတ်သံအမတ်ကြီးက တိုက်တွန်းခဲ့သည့်ကိစ္စ၊ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်လာသည့် အရေအတွက်နှင့် COVID - 19 Positive ဖြစ်၊ မဖြစ်၊ နိုင်ငံ့ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးပေးရန် အစီအစဉ် ရှိ၊ မရှိ။

ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများရပ်ဆိုင်းရန်အတွက် အခြားနည်းလမ်း စဉ်းစားထားခြင်း ရှိ၊မရှိ၊ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲအခြေအနေနှင့် အရပ်သားသေဆုံးမှုစာရင်း သိလိုခြင်းကိစ္စ၊ လျှပ်စစ်မီတာယူနစ် ၁၅၀ နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ပလက်ဝတိုက်ပွဲရှောင်စခန်းများကို အစိုးရအနေဖြင့် ကူညီသွားမည့်အခြေအနေ၊ လူမှုကွန်ရက်၌ ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေ၊ အိန္ဒိယနိုင်ငံသား ၂၂ ဦး လွှဲပြောင်းခဲ့မှုနှင့် အကျဉ်းထောင်အတွင်း၌ တစ်ဦးသေဆုံးမှု ရှိ၊ မရှိ သိလိုခြင်းကိစ္စ၊ Quarantine ဝင်နေသည့် စောဒေးဗစ်လား အား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ၊ ဒုတိယအကြိမ် ထောက်ပံ့မည့် အစီအစဉ်ကို သိလိုခြင်း၊ ကိုဗစ်-၁၉ အတွက် အလှူငွေရရှိမှုစာရင်းနှင့် ဘတ်ဂျက်သုံးစွဲရန် လျာထားမှုသိရှိလိုခြင်း ကိစ္စ။

## အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်း

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တချို့ကို အင်တာနက်ဖြတ်တောက်မှုအချိန် ကြာမြင့်နိုင်မည့် အခြေအနေ၊ ကြေညာချက်များ တစ်စုတစ်စည်းတည်း ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးနိုင်ရေးကိစ္စ၊ တက္ကသိုလ်အောင်စာရင်းများ ထုတ်ပြန်နိုင်ရေးအခြေအနေ၊ တက္ကသိုလ်ဆရာ၊ ဆရာမများအား ဇွန် ၁၈ ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်များသို့ ပြန်လည်ခေါ်ယူထားမှုအပေါ် သိရှိလိုခြင်းကိစ္စ၊ လျှပ်စစ်ဝန်ထမ်းများ ထပ်မံခန့်အပ်ရန် အခြေအနေ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်အနီးသို့ ရန်ကုန်မှ အမျိုးသမီးတစ်ဦး လာရောက်တွေ့ဆုံရန် တောင်းဆိုခဲ့မှုအပေါ် ဆောင်ရွက်ထားမှုအခြေအနေ၊ အစုအဖွဲ့ပိုင် သစ်တောများ ဌာနဆိုင်ရာမှ ပူးပေါင်းပါဝင်စေလိုခြင်းကိစ္စ၊ ပြည်သူများမြေစာရင်းပုံစံများ ထုတ်ယူရာ၌ အဆင်မပြေမှုအပေါ် ဆောင်ရွက်ပေးစေလိုခြင်းကိစ္စ၊ လက်လုပ်လက်စားများအား ဒုတိယအကြိမ် ထောက်ပံ့ရန် ဆောင်ရွက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

## ပူးပေါင်းဆောင်ရွက်ရန်လို

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက AA သည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့ ဖြစ်ပါကြောင်း၊ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုတွင် AA နှင့် ARSA တို့ မပါဝင်ပါကြောင်း၊ အထူးသဖြင့် AA အဖွဲ့၏ ဆောင်ရွက်ချက်များသည် အကြမ်းဖက်လုပ်ရပ်များဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို လက်ရှိအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စမှာ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းကိစ္စကို ပြည်သူနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လက်လုပ်လက်စား အိမ်ထောင်စုများကို ပထမအကြိမ် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်ဖြန့်ဝေခဲ့ရာ ငွေကျပ် ၅၀ ဘီလီယံကျော် ကျခံသုံးစွဲခဲ့ပါကြောင်း၊ တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၈၀၀၀ နီးပါးရှိပါကြောင်း၊ ဒေသန္တရပေါက်ဈေးများ မတူညီပါကြောင်း၊ ငွေကျပ် ၂၀၀၀၀ မကျော်ပါကြောင်း၊ အခြေခံရိက္ခာဝယ်ယူရာ၌ အောက်ခြေတွင် အငြင်းပွားမှုများရှိခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ယခုအခါ အကြီးအကဲများ စဉ်းစားနေသည်မှာ ပြည်သူများလက်ဝယ်သို့ မဖြတ်မတောက်ရောက်ရှိရန် နည်းလမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် Online Payment Agent များနှင့်လည်း ညှိနှိုင်းလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ညှိနှိုင်းနေပါကြောင်း၊ ယခင်ထောက်ပံ့ခဲ့မှု၏ နှစ်ဆခန့် ငွေကြေးပမာဏ ရှိနိုင်ပါကြောင်း၊ အတည်ဖြစ်ပါက ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ငွေကြေးအတိုင်း လွှဲပြောင်းထောက်ပံ့ရန်လျာထားပါကြောင်း၊ အိမ်ထောင်စု လေးသန်းနီးပါးရှိပါကြောင်း။

*စာမျက်နှာ ၉ သို့*

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံ

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များ ယနေ့ညနေ ၄ နာရီတွင် စစ်တွေ မြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် နေထိုင်ကြသည့် ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်၊ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် အသွားအလာကန့်သတ် စောင့်ကြည့် ခံနေကြသည့် ပြည်သူများအား တွေ့ဆုံအားပေးပြီး နေထိုင်စားသောက်ရေးများ အဆင်ပြေမှုရှိ မရှိတို့ကို မေးမြန်းသည်။ ယင်းနောက် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရသူများက ကျန်းမာရေး စောင့်ရှောက်မှုနှင့် သောက်သုံးရေလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(ယာပုံ)**

ဆက်လက်၍ စစ်တွေမြို့ တိုင်းရင်းဆေးရုံ၌ အသွားအလာကန့်သတ်စောင့်ကြည့်ခံနေကြသည့် ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီးရေကန်၌ ရေခန်းခြောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လာမည့်နှစ်များတွင် ရေသိုလှောင်နိုင်ရန် ဆောင်ရွက်ရေးနှင့် ရေအကူဖြည့်တင်းနိုင်ရန် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**



*စာမျက်နှာ ၈ မှ*

ဒုတိယအကြိမ် ထောက်ပံ့ရေးအစီအစဉ်ကို ရက်သတ္တပတ်အနည်းငယ်အတွင်း ထောက်ပံ့နိုင်ရန် စီစဉ်နေပါကြောင်း၊ ပထမအကြိမ် အမြန်ဆုံးထောက်ပံ့နိုင်ရန် ဆောင်ရွက်ခဲ့မှုအပေါ် အခက်အခဲအနည်းငယ် ရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ ယခု ဒုတိယအကြိမ်တွင် ပြည်သူများ၏ အချက်အလက်များ ပြည့်စုံစေရန် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပုံစံများချပေး၍ စာရင်းကောက်ယူပြီး သက်ဆိုင်ရာ Online Payment ဆောင်ရွက်သူများနှင့် လုပ်ဆောင်ရန် စီစဉ်ထားပါကြောင်း၊ ရက်သတ္တပတ် နှစ်ပတ်မှ သုံးပတ်အထိ ကြာမြင့်နိုင်ပါကြောင်း၊ အစိုးရ၏ ထောက်ပံ့ကြေးကို အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့် သွားသည့်အခါတွင် ရိက္ခာငါးမျိုးဝေသည့်အပိုင်းတွင်ပင် အချို့က ရိက္ခာပြည့်ပြည့်ဝဝ မရရှိကြောင်း၊ ဆီဆိုလျှင်လည်း မည်မျှသာ ရရှိကြောင်း Facebook ပေါ်တွင် ဗီဒီယိုတက်လာသည်များ ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများကိုလည်း တွက်ချက်ရပါကြောင်း၊ ထောက်ပံ့ရေးကိစ္စများ ဆောင်ရွက်ရာတွင် ဒေသန္တရမှ ဆန်၊ ဆီများ ဝယ်ရခြင်းများရှိပါကြောင်း၊ ထိုသို့ရှိသည့်အတွက် သတ်မှတ်သည့်ပမာဏကို ရောက်သည့်နေရာများလည်း ရှိသကဲ့သို့ မရောက်သည့်နေရာများကိုလည်း ကြားရပါကြောင်း၊ သို့သော် ရာခိုင်နှုန်း အများစုတွင် ရောက်ရှိသော်လည်း အနည်းစုတွင် ယင်းပြဿနာများ ရှိပါကြောင်း။

## အငြင်းပွားမှုများ ရှိခဲ့

ထို့ကြောင့် မိမိတို့အနေဖြင့် ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် စဉ်းစားသည့် အပိုင်းဖြစ်ပါကြောင်း၊ စဉ်းစားသည့်အခါတွင် လူအများစုတွင် wave money၊ Ok dollar၊ KBZ Pay များအသုံးပြုမှုများရှိပါကြောင်း၊ သုံးစွဲသည့်အခါတွင်လည်း များစွာအဆင်ပြေပါကြောင်း၊ အဆင်ပြေသည်ဆိုသည်မှာ မိမိပို့လိုသောသူ၏ ဖုန်းနံပါတ်သိရုံဖြင့် ပို့နိုင်ပါကြောင်း၊ ဖုန်းနံပါတ်သိလျှင် ငွေလွှဲပြောင်းပေးပြီး လျှို့ဝှက်ကုဒ်ကို သတ်သတ်ပေးပါက Agent များအနေဖြင့် လျှို့ဝှက်ကုဒ်မသိလျှင် ထုတ်ယူ၍ မရပါကြောင်း၊ ထိုအပိုင်းများအတွက်လည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ဖြင့် ဆွေးနွေးမှုများ ရှိပါကြောင်း၊ မည်သည့်ဒေသတွင် မည့်သည့် Payment များက အများဆုံး cover ဖြစ်သလဲဆိုသည်ကို စဉ်းစားဆောင်ရွက်ရန်ရှိပါကြောင်း၊ ရိက္ခာ ငါးမျိုးသည် တချို့ဒေသတွင် တစ်သောင်းရှစ်ထောင်၊ တချို့ဒေသတွင် တစ်သောင်းနှစ်ထောင်၊ တချို့ဒေသတွင် တစ်သောင်းငါးထောင် ကုန်ကျမှုများ ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် သုံးသောင်း၊ လေးသောင်းအထိပေးရန် မှန်းထားပါကြောင်း၊ ထိုသို့မှန်းထားသည့်အတွက် သေသေချာချာ စနစ်တကျဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံများအရ အောက်ခြေတွင် အခြေခံလူတန်းစား သတ်မှတ်ချက်အပေါ်တွင် အငြင်းပွားမှုများ ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ပုံစံများဖြင့်ချပေးရန် စဉ်းစားနေပါကြောင်း၊ ပုံစံစာရွက်ပေါ်တွင် ၎င်းတို့၏ အလုပ်အကိုင်၊ ဝင်ငွေ စသည်တို့ကို ရွေးချယ်သည့်ပုံစံမျိုးဖြင့် အဆင်ပြေစေရန် စဉ်းစားထားပါကြောင်း၊ ထိုသို့ဆိုလျှင် Computerised ဖြစ်ပြီး မည်သည့်ဒေသများသို့ ရောက်ရှိပြီးဖြစ်သည်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း သိရှိနိုင်ပါကြောင်း၊ ယင်းပုံစံမျိုးကို မိမိတို့အနေဖြင့် အချိန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခင်က စာရင်းများကို ပြန်လည်စုဆောင်းရသည့်သဘောဖြစ်ခဲ့ပါကြောင်း၊ ထိုအပေါ်တွင် အခြေခံ၍ လူထုလည်း အဆင်ပြေစေရေးနှင့် ကြားထဲတွင်လည်း လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရေး နည်းလမ်းစဉ်းစား ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပြည်တွင်း၊ ပြည်ပ နိုင်ငံသားအလှူရှင်များ၏ အလှူရှင်စာရင်းများကို ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ပစ္စည်းလှူဒါန်းမှုနှင့် ငွေကြေးလှူဒါန်းမှုများ ရှိပါကြောင်း၊ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## အလေးထားဆောင်ရွက်နေ

ကိုဗစ်-၁၉ စစ်ဆေးမှုအပိုင်းတွင် နှေးသည်ဆိုသော်လည်း ထိတွေ့မှုရှိသူများ၊ ရောဂါလက္ခဏာရှိသူများအပေါ် စစ်ဆေးရာတွင် လုံလောက်မှုရှိပါကြောင်း၊ စစ်ဆေးနိုင်စွမ်းမြင့်မားလာစေရန် Test Kit များကို စမ်းသပ်နေပါကြောင်း၊Test Kit များ အများအပြား စီစဉ်နေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအပြင် မန္တလေး၊ မော်လမြိုင်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်ဆေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လတ်တလောတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကိစ္စကို အလေးထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်အတိုင်း မူလစီမံကိန်းများကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် သဘောတူညီမှုများသာမက အခြားနိုင်ငံများနှင့် သဘောတူညီမှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြဝတီ၊ ဘုရားသုံးဆူဘက်မှ နေရပ် ပြန်လည်ဝင်ရောက်လာသူ ၈၈၈ ဦးရှိပါကြောင်း၊ Positive မရှိပါကြောင်း၊ ၎င်းတို့ကို Quarantine ထားရှိထားပါကြောင်း၊ ကော့စ်ဘဇားဘက်ရှိ ဒုက္ခသည်စခန်း များတွင် COVID – 19 Positive လူနာတွေ့ရှိသည့်အတွက် ပြန်လည်လက်ခံရေးအစီအစဉ် နှောင့်နှေးသွားနိုင်ပါကြောင်း၊ နှစ်နိုင်ငံ ပိတ်ထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးပေးရန် အစီအစဉ်မရှိပါကြောင်း၊ မလိုအပ်ပါကြောင်း၊ အရေးကြီးသည့်နေရာများတွင် တာဝန်ထမ်းဆောင်ရသူများကို စစ်ဆေးပေးခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မီတာယူနစ် ၁၅၀ အခမဲ့ သုံးစွဲခွင့် ပြုခဲ့ခြင်းမှာ အခြေခံလူတန်းစားများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ အိမ်ထောင်စု ၄ ဒသမ ၄၉ သန်းအတွက် ငွေကျပ် ၃၅ ဒသမ ၅ ဘီလီယံ ကျခံခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်၌ လက်ရှိအခြေအနေတွင် ပလက်ဝဒေသ၌ တိုက်ပွဲအနည်းငယ် ဖြစ်ပွားလျက်ရှိပါကြောင်း၊ အရပ်သားသေဆုံးမှုစာရင်းနှင့် ပတ်သက်၍ ထုတ်ပြန်နိုင်သည့်အခြေအနေတွင် ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း။

ပလက်ဝဘက်တွင် တိုင်းရင်းသားမျိုးနွယ်စုငယ်များ ရှိပါကြောင်း၊ ပလက်ဝဒေသရှိ တိုက်ပွဲရှောင်စခန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုကွန်ရက်တွင် ဗီဒီယိုဖိုင်ပျံ့နှံ့မှုနှင့် စပ်လျဉ်း၍ တပ်မတော်အနေဖြင့် ခုံရုံးဖွဲ့ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်ဘက်တရားစီရင်ရေးနှင့် စစ်ဘက်တရားစီရင်ရေး ရှိပါကြောင်း၊ နိုင်ငံတကာတွင်လည်း စစ်ဘက်တရားစီရင်ရေးများ ရှိပါကြောင်း။

အိန္ဒိယနိုင်ငံသား ၂၂ ဦး လွှဲပြောင်းပေးခဲ့မှုမှာ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K)နှင့်ပတ်သက်သည့် ကိစ္စဖြစ်ပါကြောင်း၊ ယင်းမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ မတ်အထိ ယင်းဒေသဘက်တွင် စစ်ဆင်ရေးများ လုပ်ပါကြောင်း၊ စစ်ဆင်ရေးလုပ်ရာတွင် ယင်းအဖွဲ့များနှင့် ပတ်သက်ပြီး အရေးယူသည်များရှိပါကြောင်း၊ အရေးယူရာတွင် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) အနေဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ အသနားခံစာတင်ပါကြောင်း၊ ထို့ပြင် နာဂစာပေယဉ်ကျေးမှုအဖွဲ့များကလည်း နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ယင်းအဖွဲ့များနှင့် စပ်လျဉ်းပြီး အသနားခံစာတင်ပါကြောင်း၊ ယင်းသို့ အသနားခံစာတင်သည့်အတွက် ပြီးခဲ့သည့် သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တွင် သမ္မတကြီး၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် အားလုံး ၂၂ ဦး ပါပါကြောင်း။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်

ယင်း ၂၂ ဦးသည် အာသံ၊ မဏိပူရဘက်တွင် လှုပ်ရှားနေသည့်အဖွဲ့များနှင့် ဆက်စပ်နေပါကြောင်း၊ ယင်းဒေသတွင် လှုပ်ရှားနေသည့် အဖွဲ့ဝင်များဖြစ်ပြီး အိန္ဒိယနိုင်ငံသားများ ဖြစ်ပါကြောင်း၊ ယင်း ၂၂ ဦးကို နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးလိုက်ပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီး မေ ၁၅ ရက်နေ့က ခန္တီးလေဆိပ်တွင် အိန္ဒိယခေတ္တကောင်စစ်ဝန်ချုပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း၊ ယင်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံကို ပြန်ခေါ်သွားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက လွှဲပြောင်းသူ ၂၂ ဦးဖြစ်ပြီး ထောင်ထဲတွင် တစ်ဦးသေဆုံးသည်မှာ မဟုတ်ပါကြောင်း၊ ယင်း ၂၂ ဦး၏ စာရင်းများလည်း ရှိပါကြောင်း။

## ဦးစားပေးဆောင်ရွက်သွားမည်

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ IDP စခန်းများတွင် အင်တာနက်သုံးစွဲ၍ ရပါကြောင်း၊ ကိုဗစ်-၁၉ အသိပညာပေးရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မောင်တောဒေသတွင်လည်း အင်တာနက်ရရှိပါကြောင်း၊ မိုဘိုင်းအော်ပရေတာများကလည်း ကိုဗစ်-၁၉ နှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာများနှင့် စပ်လျဉ်း၍ တစ်ခုချင်းအလိုက် SMS ပေးပို့ပေးလျက်ရှိပါကြောင်း၊ အင်တာနက်မရရှိသည့်ဒေသများတွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများက လော်စပီကာဖြင့် ငါးကြိမ် လိုက်လံသတိပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် COVID-19ထိန်းချုပ်ရေး အစီအစဉ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ပြီး IDP စခန်းများအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ICRC နှင့်လည်း ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

စောဒေးဗစ်လားကိစ္စနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ မြေစာရင်းပုံစံ ၁၀၅-၁၀၆နှင့် ပုံစံ – ၇ ရရှိရေး ပြည်သူများ၏ အခက်အခဲမှာ ပဲခူးတိုင်းဒေသကြီးတွင်သာမက တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်နေပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကို အသိပေးပြောကြားသွားမည် ဖြစ်ပါကြောင်း။

သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အရ နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်မပြန်ချင်း ဝန်ထမ်းများအနေဖြင့် တစ်ဝက်ရုံးတက်၊ တစ်ဝက်အသင့်နေရန်ညွှန်ကြားထားပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းမှာ ရည်ရွယ်ချက်ရှိပါကြောင်း၊ ညွှန်ကြားချက်တွင် နာရေးမှအပ ကျန်ကိစ္စများ ခရီးမသွားရန်ပါရှိပါကြောင်း၊ လိုက်နာမှုမရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ပါကြောင်း။

## အသေးစိတ်ရှင်းလင်းပြောကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်အနီးသို့ အမျိုးသမီးတစ်ယောက် လာရောက်ခဲ့မှုမှာ မေလ ၁၄ ရက် ည ၁၀ နာရီ ၁၀ မိနစ်အချိန်က ဖြစ်ပါကြောင်း၊ ယင်း အမျိုးသမီးသည် ညပိုင်းတွင် နေပြည်တော်သို့ ဝင်ရောက်လာပြီး အမေစုကိုတွေ့ချင်သည်ဟု အော်၍ တောင်းဆိုပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုကို လုံခြုံရေးတာဝန်ကျ ဒုတိယရဲမှူးဦးစီးအဖွဲ့က ၎င်းအား မေးမြန်းခဲ့ပါကြောင်း၊ ထိုသို့ မေးမြန်းခဲ့သော်လည်း ၎င်းအနေဖြင့် တစ်စုံတစ်ရာပြောကြားမှု မရှိခဲ့ပါကြောင်း၊ ထို့နောက် ၎င်းအားစိစစ်ပြီး ၎င်း၏ ဖခင်အားတယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါကြောင်း၊ ယင်းသို့ ဆက်သွယ်ခဲ့ရာတွင် ၎င်းအမျိုးသမီးမှာ မနက် ၁၀ နာရီအချိန်ကပင် နေအိမ်မှ ထွက်ခွာသွားခဲ့ကြောင်း၊ ၎င်းမှာ စိတ်ကျန်းမာရေး မကောင်းသည့်အတွက် ဆေးကုသမှုခံယူနေရသူ ဖြစ်ပါကြောင်း၊ ၎င်း၏ လူမှုကွန်ရက်တွင်လည်း တိုင်ချက်ဖွင့်လိုကြောင်း၊ မတရားမှုဖြစ်နေသည့်အတွက် ကယ်ဆယ်စေလိုကြောင်း၊ မှတ်ပုံတင်နံပါတ်မှာ ဘယ်လောက် ဖြစ်ပါကြောင်း၊ ၎င်းကို ကယ်ဆယ်နိုင်သည်မှာ တစ်ယောက်ပင်ရှိသည်ဟု ရေးသားထားပါကြောင်း၊ မေ ၁၅ ရက်တွင် ၎င်း၏ မိဘများ ရောက်ရှိလာပါကြောင်း၊ ယနေ့တွင် ကျန်းမာရေးစစ်ဆေးခဲ့ပါကြောင်း၊ ယင်းသို့ စစ်ဆေးခဲ့ရာတွင် အမှန်တကယ် ကျန်းမာရေးချို့ယွင်းသူဖြစ်သည်ကို သိရှိရပါကြောင်း၊ ၎င်း၏ မိဘများကို ခံဝန်ထိုးခိုင်းပါကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုကိုလည်း လူကြီးထံ သတင်းပို့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်နိုင်ရန်လည်း တင်ပြခဲ့ပါကြောင်း၊ ၎င်းမှာ စိတ်ကျန်းမာရေးချို့ယွင်းပါက ပြန်လွှတ်ရန်နှင့် ဆေးကုသမှု ခံယူနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ၎င်းအား ရဲတပ်ဖွဲ့လုံခြုံရေးဖြင့် ရန်ကုန်မြို့ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများ၏ မေးခွန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ အောင်ရဲသွင်**
**ဓာတ်ပုံ-ဟိန်းမင်းစိုး**

# တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် လေပြင်းများ တိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများနှင့် မိုးသီးကြွေကျမှုများ ဖြစ်ပွားလျက်ရှိရာ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက် နှင့် မေ ၁၅ တို့တွင် ကယားပြည်နယ် ဒီးမော့ဆိုနှင့် မယ်စဲ့မြို့နယ်တို့၌ နေအိမ် လေးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၌ နေအိမ် နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်၊ တမူး၊ ဒီပဲယင်းနှင့် ကျောက်မြောင်း မြို့နယ်တို့၌ နေအိမ်တစ်လုံးပြိုကျပျက်စီးပြီး နေအိမ် ၃၆ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ကဝနှင့် သဲကုန်းမြို့နယ်တို့၌ နေအိမ် ခြောက်လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး နတ်မောက်၊ ထီးလင်းနှင့် တောင်တွင်းကြီးမြို့နယ်တို့၌ နေအိမ် ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ သပိတ်ကျင်းနှင့် ညောင်ဦးမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ငါးလုံး၊ ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မိုးကုတ်မြို့နယ်၌ မိုးသီးကြွေကျမှုကြောင့် နေအိမ် ၂၂၃ လုံးနှင့် ဘာသာရေး အဆောက်အအုံ နှစ်လုံး အမိုးသွပ်များ ပေါက်ပြဲခြင်းနှင့် မှန်များကွဲခြင်း၊ မွန်ပြည်နယ် ရေးမြို့နယ်၌ နေအိမ် တစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ် ၁၀ ခု၌ နေအိမ် ၉၇ လုံး၊ ဘာသာရေး အဆောက်အအုံ နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်ပေးသည်။

ဧပြီ ၉ ရက်မှ မေ ၁၆ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၇၈၁ လုံးနှင့် ဘာသာရေး အဆောက်အအုံ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၀၈၇၄ လုံးနှင့် ဘာသာရေး အဆောက်အအုံ ၂၁၃ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူ ခုနစ်ဦးသေဆုံးကာ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၆၂၁ ဒသမ ၄ သန်းကျော် ထောက်ပံ့ခဲ့ပြီး ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြု နေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**



# ရေအခက်အခဲဖြစ်ပေါ်နေသော ခရုကန်ကျေးရွာသို့ သောက်သုံးရေဂါလန် ၆၆၀၀ သွားရောက်လှူဒါန်း

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ရာသီဥတု ပူပြင်းခြောက်သွေ့ပြီး မိုးရွာသွန်းမှုနည်းပါးသောကြောင့် သီးကုန်းအုပ်စု ခရုကန်ကျေးရွာတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေကြောင်းသိရှိရသဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

"အခုလို လာရောက်လှူဒါန်းပေးတော့ ရေကောင်းရေသန့်လေး သောက်သုံးရတော့မှာမို့ ကျေးဇူးလည်းတင်ပါတယ်။ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ လက်ရှိ မြေသားရေကန်က ခန်းခြောက်သွားတော့ သောက်သုံးရေက တော်တော်လေးအခက်အခဲဖြစ်သွားပါတယ်။ ကျွန်တော်တို့ရွာမှာ အိမ်ထောင်စုပေါင်း ၄၀၀ ကျော်ရှိပြီး လူဦးရေအနေနဲ့ ၁၆၀၀ ကျော်ရှိပါတယ်။ အိမ်ထောင်စုကများတော့ မိုးမကျမီကြားကာလလေးမှာ အခုလိုမျိုး ထပ်မံလာရောက်လှူဒါန်းပေးစေချင်ပါတယ်" ဟု မင်းဘူး(စကု) မြို့နယ် ခရုကန်ကျေးရွာ ဒေသခံတောင်သူ ဦးညိုလင်းက ပြောသည်။

အဆိုပါသောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာသို့ စကုမြို့ နယ်မြေခံတပ်မှ သောက်ရေသန့် ၂၀ လီတာဘူးကြီး ၁၅၀၊ ခရိုင်မီးသတ်ဦးစီး မှူးရုံးမှ မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၄၀၀၀၊ မြို့နယ်သစ်တောဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေဂါလန် ၂၅၀၊ စုစုပေါင်း ရေဂါလန် ၆၆၀၀ ကို ဒေသခံကျေးရွာနေပြည်သူများထံ လှူဒါန်းပေးသည်။

ထိုသို့ ရေလှူဒါန်းရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ စကုမြို့ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမျိုးထက်နှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ ခရိုင်မီးသတ် ဦးစီးမှူး ဦးထွန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင် ဖုန်းလင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းအောင်နှင့် ဝန်ထမ်းများက သောက်သုံးရေများကို သွားရောက်လှူဒါန်းပေးခဲ့ကြသည်။ ဆက်လက်၍လည်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောဒေသများသို့ သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဒေးဒရဲမြို့နယ်ရှိ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဒေးဒရဲ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် နွေရာသီကာလများ၌ ရေတွင်း၊ ရေကန်များမှ ရေထွက်ရှိမှု နည်းပါးလာခြင်းကြောင့် သောက်သုံးရေ မလုံလောက်မှုနှင့် ပြတ်လပ်မှုမရှိစေရေးအတွက် မီးသတ်ဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီက ရေတွင်းကုန်း၊ ဥတို၊ သံဒိတ်ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးတင်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ မလုံလောက်တော့သည့် ကျေးရွာများဖြစ်သည့် ရေတွင်းကုန်း၊ ဥတိုနှင့် သံဒိတ်ကျေးရွာများရှိ ဒေသခံပြည်သူများ၏ အိမ်ခြေ ၃၀၀ နှင့် အိမ်ထောင်စု ၃၃၆ စုတို့အတွက် သောက်သုံးရေဂါလန်ပေါင်း ၁၇၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# မယ်စဲ့မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်

**မယ်စဲ့ မေ ၁၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဟိုဂျစ်ကျေးရွာတွင် မေ ၁၅ ရက် ညနေ ၆ နာရီက မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်း တိုက်မှုကြောင့် လူနေအိမ် သုံးလုံးနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းတိုက်မှုကြောင့် ဦးမော်ဆာထူး၏ နေအိမ်ပေါ်သို့ သစ်ပင်ပြိုလဲသဖြင့် နေအိမ်အမိုး သွပ်လေးချပ် ပျက်စီးခြင်း၊ ဦးစောဆာလေး၏ နေအိမ်အမိုး သွပ် ၅၅ ချပ်နှင့် မြားတန်းရှစ်ချောင်း ကျိုးခြင်း၊ ဦးစောရှော်ရှဲ၏ နေအိမ်အမိုး ပျက်စီးခြင်း၊ မူလွန် (ဟိုဂျစ်) စာသင်ကျောင်း မျက်နှာကြက်ခြောက်ချပ်နှင့် ကျောင်းခြံစည်းရိုးတိုင် လေးတိုင် ပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက် သေဆုံးမှုမရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ဆုရကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ဆုကြေးငွေများ ချီးမြှင့်တော့မည်

**ရန်ကုန် မေ ၁၆**

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသော အားကစားအဖွဲ့ချုပ်အသီးသီးမှ အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူတို့အား နိုင်ငံတော်မှ ပေးအပ်သည့် ဂုဏ်ပြုဆုကြေးငွေများ မကြာမီရရှိတော့မည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ မေ ၁၅ ရက်က ထုတ်ပြန်ထားသောစာဖော်ပြချက်အရ သိရသည်။

အဆိုပါစာတွင် ဖော်ပြထားချက်အရ ဆုရရှိသူများအနက် နေပြည်တော်ရှိ ဆုရကစားသမားသည် မေ ၁၈ ရက်တွင် သက်ဆိုင်ရာဌာနခွဲများ၌ ကိုယ်တိုင်ထုတ်ယူရမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဆုရကစားသမားများနှင့် အုပ်ချုပ်၊ နည်းပြများသည် ရန်ကုန်မြို့ရှိ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ၌ ထုတ်ယူရမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ရောက်ရှိနေသော ဆုရသူများအတွက် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ခံစီမံပေးရမည်ဖြစ်သည်။

ယင်းစီမံမှုအရ ဆုရအားကစားနည်းများအနက် ဘိလိယက်နှင့် စနူကာ၊ အားနစ်၊ လှေလှော်၊ ပြေးခုန်ပစ်၊ မြားပစ်၊ ဂျူဒို၊ လက်ဝှေ့နှင့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များသည် မေ ၂၀ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအတွင်း၊ အလေးမ၊ တိုက်ကွမ်ဒို၊ နပန်း၊ Kurash၊ စစ်တုရင်၊ ဟော်ကီ၊ ဘောလုံး၊ ကရာတေး၊ ပီတန်းနှင့် ရွက်လှေကစားနည်းများသည် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း၌ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁)သို့ လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးထားသည်။

အကြိမ် (၃၀)မြောက် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာ အားကစားအဖွဲ့များသည် ကစားနည်း ၂၁ နည်း (အားကစား အဖွဲ့ချုပ် ၁၈ ဖွဲ့) မှ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၅၁ ခု ရရှိပြီး စုစုပေါင်းဆုတံဆိပ် ၇၃ ခု ရရှိခဲ့သည်။

ယင်းတို့အနက် ဘိလိယက်နှင့် စနူကာကစားနည်းမှ ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး သုံးခုဖြင့် စုစုပေါင်း ခြောက်ခု၊ လှေကစားနည်းများတွင် ရိုးရာလှေက ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ကြေးတစ်ခုဖြင့် စုစုပေါင်း လေးခု၊ ကနူး/ကယက်ကစားနည်းမှ ငွေ နှစ်ခု၊ အနောက်တိုင်း လှေကစားနည်းမှ ကြေးနှစ်ခုရရှိခဲ့ရာ လှေကစားနည်းမှ စုစုပေါင်း ရွှေ တစ်ခု၊ ငွေ သုံးခု၊ ကြေး သုံးခု ရရှိခဲ့ကြသည်။

အခြားကစားနည်းများတွင် အားနစ်ကစားနည်းမှ ရွှေ တစ်ခု၊ ငွေ လေးခု၊ ကြေး ၁၅ ခုဖြင့် စုစုပေါင်းဆုတံဆိပ် ၂၀ ရရှိခဲ့ပြီး မြားပစ်ကစားနည်းမှ ငွေသုံးခုနှင့် ကြေး နှစ်ခု၊ ပြေးခုန်ပစ် ကစားနည်းမှ ငွေ တစ်ခု၊ ကြေး နှစ်ခု၊ လက်ဝှေ့ကစားနည်းမှ ငွေ တစ်ခုနှင့် ကြေး နှစ်ခု၊ ဂျူဒိုကစားနည်းမှ ငွေ နှစ်ခုနှင့် ကြေး သုံးခု၊ ပိုက်ကျော်ခြင်းကစားနည်းမှ ငွေ တစ်ခု၊ ကြေး တစ်ခု၊ အလေးမကစားနည်းမှ ငွေ တစ်ခု၊ ဝူရှူးကစားနည်းမှ ငွေ တစ်ခု၊ ကြေး သုံးခုရရှိခဲ့ကြသည်။

ထို့ပြင် တိုက်ကွမ်ဒိုကစားနည်းမှ ကြေး လေးခု၊ နပန်း ကစားနည်းမှ ကြေး သုံးခုရရှိခဲ့ကြပြီး စစ်တုရင်၊ ဘောလုံး (အမျိုးသား/အမျိုးသမီး)၊ ဟော်ကီ၊ ကရာတေး၊ Kurash၊ ပီတန်း၊ ရွက်လှေကစားနည်းများမှ ကြေး တစ်ခုစီ ရရှိခဲ့ကြသည်။

ရွှေ၊ ငွေ၊ ကြေးအဆင့် တစ်ခုချင်းစီအတွက် ဆုကြေးငွေ မည်မျှသတ်မှတ်ချီးမြှင့်မည်ကိုမူ အသိပေးစာ၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

**အာကာလင်း**

# တပ်ကုန်း၊ ပြည်ကြီးတံခွန်နှင့် တိုက်ကြီးမြို့နယ်တို့၌ မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်အဆောက်အအုံများနှင့် ယာဉ်တစ်စီး ပျက်စီးဆုံးရှုံး



တပ်ကုန်းမြို့နယ် မီးလောင်မှုဖြစ်ပွားရာ၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်နေကြစဉ်။

### တပ်ကုန်း

နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် နယ်မြေ(၁)တွင် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ကိုကျော်လင်းစိုး ပိုင်ဆိုင်သည့် နေအိမ်တွင် ခြင်ဆေးခွေ ထွန်းရာမှတစ်ဆင့် မီးစတင်လောင်ခဲ့ရာ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းစိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်ကုန်းတပ်နယ်မှူး ဗိုလ်မှူးကြီး ကြီးမြင့် ဦးဆောင်သော တပ်မတော်သားများနှင့် ရပ်ကွက်နေ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အနီးရှိ ဒေါ်နှင်း၏ နေအိမ်ကို မီးဟပ်ခံခဲ့ရကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

### ပြည်ကြီးတံခွန်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၇၃ လမ်းနှင့် ၇၄ လမ်းကြား မင်းကြီးရန်နောင်လမ်းနှင့် မင်္ဂလာ လမ်းကြားရှိ ငွေတော်ကြည်ကုန်းရပ်ကွက် အကွက်အမှတ်(၁) တွင် ယနေ့ နံနက် ၁၁ နာရီ ၁၈ မိနစ်က မီးအားမြင့်စက် အပူလွန်ကဲရာမှ ဆီစက်နှင့်တွဲလျက် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ရာ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ယာဉ် ၂၂ စီး၊ ရေသယ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ်တစ်လုံး မီးလောင် ဆုံးရှုံးခဲ့ပြီး ဆီစက်တာဝန်ခံ ဦးအောင်ကျော်ညွန့်အား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### တိုက်ကြီး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ပိန်းလှိုလေးကျေးရွာအနီး ဥက္ကံ-သုံးဆယ် ခရိုင်ချင်းဆက် လမ်း၌ မေ ၁၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ဥက္ကံမြို့ ဘက်မှ သဲဖြူကျေးရွာဘက်သို့ သင်္ဃန်းကျွန်းမြို့နယ် ပြည်သာလမ်းနေ ပြည့်ဖြိုးအောင်(၃၆ နှစ်) မောင်းနှင်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက်နေ ဦးခင်မောင်ဝင်း(၄၀ နှစ်)လိုက်ပါလာသည့် YGN EE/---- တိုယိုတာကာဒီနာယာဉ်၏ အင်ဂျင်ခန်းမှ ဝိုင်ယာရှော့ဖြစ်၍ မီးစတင်လောင်မှုဖြစ်ခဲ့သည်။

အဆိုပါမီးလောင်မှုကို ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကာ မော်တော်ယာဉ် မှာ မီးလောင်ဆုံးရှုံးသွားခဲ့သောကြောင့် ပြည့်ဖြိုးအောင် ကို ဥက္ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေကူ၊ နောင်ချိုနှင့် သိန္နီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မေ ၁၅ ရက် နံနက် ၇ နာရီခွဲက ရွှေကူမြို့နယ် ဆိပ်သာကျေးရွာ အုပ်စု တောင်ချောင်ကျေးရွာအနီး အောင်နိုင်ဝင်း၏ လယ်တဲကိုရှာဖွေရာ



မောင်ရွှေ (ခ) အားဟွာနှင့် မမာထုတို့အား ဖမ်းဆီးရမိသည့် ထိန်းချုပ်ခာတု ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေပိုင်း က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင် အမှတ်(၈၀/၄) အနီးတွင် ထွန်းလူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် မူဆယ်- မန္တလေးသွားကားလမ်း ကောင်းဟော်ကျေးရွာအနီးတွင် မောင်ရွှေ(ခ)အားဟွာ မောင်းနှင်ပြီး မမာထု လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ အက်စစ်တစ် အင်ဟိုက်ဒြိုက် ၃၄၀ လီတာ၊ ငွေကျပ် ၁၀၀၀၀၀ နှင့် ဖုန်းနှစ်လုံး တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အားတီ အနိုင်ရခဲ့သော်လည်း ပြိုင်ဘက်ကို အကြိတ်အနယ် ကစားခဲ့ရ

**ရန်ကုန် မေ ၁၆**

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် Chinese 8 Ball ပြိုင်ပွဲ၌ ပြိုင်ဘက်ဖြစ်သူ ဝူတိတ်ယီကို ၂၁ ပွဲ-၁၉ ပွဲဖြင့် ၎င်း၏ ခြောက်ပွဲမြောက်နိုင်ပွဲကို ရယူနိုင်ခဲ့သော်လည်း မထင်မှတ်ဘဲ အကြိတ်အနယ် ကစားပြီးမှ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

အားတီသည် ပထမပိုင်းပွဲစကတည်းက ဦးဆောင်ကစားနိုင်ခဲ့ပြီး ပထမ ပိုင်းတွင် ၁၂ ပွဲ- ၈ ပွဲဖြင့် လေးပွဲဖြတ်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဆက်လက်ဦးဆောင်ပြီး ၁၅ ပွဲ - ၁၀ ပွဲဖြင့် ပွဲငယ်ငါးပွဲအထိ ဖြတ်ထားနိုင်ခဲ့သည်။ ထို့နောက် ဝူတိတ်ယီက ဆက်တိုက်လိုက်လာခဲ့ပြီး ၁၈ ပွဲ - ၁၇ ပွဲဖြစ်သည်ထိ ဝူတိတ်ယီက ဦးဆောင်ခဲ့သေးသည်။ ယင်းနောက် ၁၈ ပွဲစီ သရေဖြစ်အောင် အားတီက ပြန်လိုက်ပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့၍သာ ယခုပွဲ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အားတီသည် ဝူတိတ်ယီနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ထွက်ထားပြီး ယခုပွဲ အနိုင်ရလိုက်သဖြင့် ထိပ်တိုက်တွေ့ဆုံမှု၌ အသာစီး ရသွားသည်။ ခြောက်ပွဲကစားပြီး ခြောက်ပွဲစလုံး အနိုင်ရလဒ်ဖြင့် ဇယားထိပ်၌ ရပ်တည်နေသော အားတီသည် ပထမအဆင့် နောက်ဆုံးပွဲအဖြစ် မေ ၃၁ ရက် တွင် လက်ရှိ မာစတာကမ္ဘာ့ချန်ပီယံဖြစ်သူ Chu Bing Jie နှင့် ကစားရမည် ဖြစ်သည်။

**အာကာစိုး**



# လှည်းကူးမြို့နယ် ဆပ်သွားတောကျေးရွာ၌ လူသတ်မှုကျူးလွန်သူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆပ်သွား တောကျေးရွာအုပ်စု အိုးဘိုထိပ်တံတားအနီး မေ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက ဆပ်သွားတော အရှေ့ပိုင်းကျေးရွာနေ ကျော်စိုးထွေးသည် လည်ပင်းပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲနံကြားထိုးသွင်း ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိ၍ ဖခင်ဖြစ်သူ ဦး . . . က ညောင်နှစ်ပင်(ဂ)နယ်မြေ ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ (ကျူး)နေ အောင်သူရ (ခ) ဖိုးကုလားဖြစ်ကြောင်း သတင်းရရှိသဖြင့် မေ ၁၅ ရက်က အောင်သူရ(ခ) ဖိုးကုလားကို ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းနှင့်အတူ ချစ်ဦးတို့ ကျူးလွန်ခဲ့ကြောင်း၊ ချစ်ဦး မှာ စလင်းမြို့နယ် တောဆိတ်ကျေးရွာသို့ ပြန်သွားကြောင်း သိရသဖြင့် စလင်းမြို့မ ရဲစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မေ ၁၆ ရက်တွင် ချစ်ဦး ကို စလင်းမြို့နယ်ရှိ ၎င်း၏ နေအိမ်၌ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိသူ အောင်သူရ(ခ)ဖိုးကုလား အား စစ်မေးရာ အခင်းဖြစ်နေ့ နံနက် ၉ နာရီက ပြစ်မှု ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူ အောင်သူရ(ခ) ဖိုးကုလားနှင့် ချစ်ဦးတို့ကို ဥပဒေနှင့်အညီ အမြန်တရားစွဲ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

**ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၈ စီး၊ သွင်းကုန် ၃၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်း များအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် တိုယိုတာကရောင်း လိုင်စင်မဲ့ယာဉ်တစ်စီးအား စစ်ဆေး တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆) ယှဉ်ပြိုင် ဒေါ့မွန်တို့ ရှော်လ်ကေးကို ဂိုးပြတ်အနိုင်ယူ

၂၀၁၉-၂၀၂၀ ခုနှစ်ဘောလုံးရာသီကို ကိုဗစ်-၁၉ ရောဂါဘေးကြောင့် ဥရောပ ထိပ်တန်းလိဂ်ကြီးများ ရပ်နားခဲ့ရာမှ မေ ၁၆ ရက် စနေနေ့ ညတွင် ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၆)ကို ပြန်လည်စတင်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပွဲစဉ်များမှ ဒါဘီပြိုင်ပွဲ တစ်ပွဲဖြစ်သော ဒေါ့မွန်နှင့် ရှော်လ်ကေးပွဲကို ပရိသတ်မပါဘဲ ကွင်းပိတ်ယှဉ်ပြိုင်ကစားရာ ဒေါ့မွန်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင် ဒေါ့မွန်အသင်းသည် ၃-၄-၃ ကစားကွက်ဖြင့်



တိုက်စစ်ပိုင်းတွင် သော်ဂန်ဟာဇတ်၊ ဟာလန်းနှင့် ဂျူလီယန်ဘရန့်တို့ အတွဲ ဖြင့် ပွဲထွက်ခဲ့သည်။ ဧည့်သည် ရှော်လ်ကေးသည် ၃-၄-၂-၁ ပုံစံဖြင့် ရေမန်ကို အထောင်တိုက်စစ်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၉ မိနစ်တွင် ဟာဇတ်၏ ဖန်တီး မှုမှတစ်ဆင့် ဟာလန်းက ဒေါ့မွန်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်း ပြီးခါနီး ၄၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဂူအာရိုင်ရိုက ဒေါ့မွန်အတွက် ဒုတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီး နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒေါ့မွန်အတွက် ဒုတိယပိုင်းသွင်းဂိုးများကို ပွဲချိန် ၄၉ မိနစ်တွင် ဟာဇတ်နှင့် ၆၃ မိနစ်တွင် ဂူအာရိုင်ရိုတို့က သွင်းပေးခဲ့သည်။ ဒေါ့မွန်အသင်းသည် ရှော်လ်ကေးအသင်းကို အိမ်ကွင်း၌ သုံးနှစ်ဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရာမှာ ယခု နှစ်ရာသီတွင် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၂၆)ယှဉ်ပြိုင် အပြီးတွင် ဒေါ့မွန်သည် ရမှတ် ၅၄ မှတ်ရရှိထားပြီး ဇယားထိပ်မှ ဘိုင်ယန် မြူးနစ်ကို ဖိအားပေးနိုင်ခဲ့ရာ ရှော်လ်ကေးသည် ၃၇ မှတ် ရရှိထားသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆) အခြားပွဲစဉ်ရလဒ်များအဖြစ် ဒက်ဆယ်ဒေါ့ဖ်နှင့် ပါဒါဘွန်းမှာ ဂိုးမရှိသရေကျခဲ့ပြီး လိုက်ပ်ဇစ်နှင့် ဖရိုင်းဘတ်က တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဝုဖ်ဘတ်က အော့စ်ဘတ်ကို နှစ်ဂိုး-တစ်ဂိုးနှင့် ဟာသာ ဘာလင်က အဝေးကွင်း၌ ဟော်ဖန်ဟိမ်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင် ရရှိခဲ့သည်။

**သီဟ**

# ဩစတြီးယားနှင့် ဂျာမနီတို့တွင် စားသောက်ဆိုင်များနှင့် ဘားများပြန်ဖွင့်

ဗီယင်နာ မေ ၁၆

**ဩစတြီးယားနှင့် ဂျာမနီတို့သည် လူမှုဘဝပုံမှန်အခြေအနေအတိုင်းပြန်လည် စတင်ရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ကြောင်းသိရသကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရန် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ပြုလုပ်ခဲ့ကတည်းက ပထမဆုံးအကြိမ်အဖြစ် စားသောက်ဆိုင်များနှင့် ဘားများကိုလည်း ပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။**

ဗီယင်နာရှိအမဲပြုတ်ဟင်းလျာကို အထူးပြုရောင်းချသည့် စားသောက်ဆိုင်တစ်ဆိုင်သည် မှာကြားသူများဖြင့် ပြည့်နေကြောင်း သိရသည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းများအတိုင်း ထိုင်ခုံများကို တစ်မီတာသို့မဟုတ် ထိုထက်ပိုကွာဝေးအောင် နေရာချထားပြီး တစ်ခုံတွင် လူလေးဦးသာ ထိုင်ရန် ကန့်သတ်ထားရှိသည်။

စားသောက်ဆိုင် ပိုင်ရှင်က သူ့အနေဖြင့် ပထမဆုံးအကြိမ် စားသောက်ဆိုင်ဖွင့်ရသည့် ခံစားမှုမျိုး ခံစားရကြောင်း ပြောကြားသည်။ လူမှုဘဝတွင် စားသောက်ဆိုင်များသည်လည်း အရေးပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘာလင်တွင်လည်း လူများသည် မြို့လယ်ရှိ ဘီယာပန်းခြံတွင် ကန့်သတ်ပိတ်ဆို့မှုများ လျှော့ချလိုက်သည့် အထိမ်းအမှတ်အဖြစ် စုဝေးနေကြောင်း သိရသည်။

နှစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် နေရောင်အောက်တွင် စိတ်လက်အပန်းဖြေလိုက်ရသည်မှာ အလွန်ကောင်းကြောင်း ဈေးလာဝယ်သူတစ်ဦးက ပြောသည်။



ဘာလင်တွင်ဖွင့်လှစ်ထားသော ဘီယာပန်းခြံ၌ ဖောက်သည်များဖြင့်စည်ကားနေသည်ကို တွေ့ရစဉ်။

ကိုဗစ်- ၁၉ ကူးစက်ရောဂါကာကွယ်မှုဆိုင်ရာများကို ဂရုတစိုက် အလေးထားလိုက်နာလျက်ရှိကြောင်း စားသောက်ဆိုင်ပိုင်ရှင်နှစ်ဦးက ပြောကြားသည်။

သူ့အနေဖြင့် လာရောက်အားပေးသူများကို ဘီယာနောက်တစ်ကြိမ် ငှဲ့ပေးရသည့်အတွက် ဝမ်းသာပျော်ရွှင်ကြောင်း ပြောသည်။

အိမ်နီးချင်း နိုင်ငံများသည် စားသောက်ဆိုင်များမှ ကိုဗစ်- ၁၉ ကူးစက်မည်ကို စိုးရွံ့လျက်ရှိကြောင်း သိရသည်။ စိုးရိမ်စိတ်များက တချို့စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ရန် အဟန့်အတားဖြစ်စေသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၏ မြို့အတော်များများတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်

**တိုကျို မေ ၁၆**

မြို့အတော်များများ ကိုဗစ်-၁၉ ကြောင့် နိုင်ငံတော်အရေးပေါ်အခြေအနေပြဋ္ဌာန်းမှုမှ ရုပ်သိမ်းလိုက်သည့် ပထမဆုံး သီတင်းပတ်နှင့် ကြုံတွေ့နေရသလို ဂျပန်နိုင်ငံတစ်ဝန်းတွင် မေ ၁၆ ရက်က စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ဖွင့်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျပန်အစိုးရသည် ကြာသပတေးနေ့က မြို့ ၃၉ မြို့ကို နိုင်ငံတော်အရေးပေါ်အခြေအနေမှ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

အရှေ့မြောက်ပိုင်း မီရာဂီမြို့တွင် ဆန်ဒိုင်းမစ်ဆုကိုရှီစတိုးဆိုင်ကို မေ ၁၆ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သည်။ စတိုးဆိုင်တစ်ခုလုံးတွင် အလုပ်သမားများသည် နှာခေါင်းစည်းများဝတ်ဆင်ထားကြသည်။ ထို့အပြင် စတိုးဆိုင်ဝင်ပေါက်၌ ခန္ဓာကိုယ်အပူချိန်တိုင်းတာမှုကို စောင့်ကြည့်ရန် အထူးကင်မရာများကိုလည်း တပ်ဆင်ထားသည်။ ဈေးဝယ်သူတိုင်း ပိုးသတ်ဆေးများကို လွတ်လပ်စွာရရှိနိုင်သည်။ အသက် ၇၀ ဝန်းကျင်အမျိုးသမီးတစ်ဦးက သူ့အကြိုက်ဆုံးဆိုင် ပြန်ဖွင့်ပြီဖြစ်သည့်အတွက် စိတ်သက်သာရာရရှိကြောင်း ပြောသည်။

တိုကျိုမြောက်ပိုင်း ဂမ်မမြို့တွင် အေရွန်မောတာကာဆာကီဈေးဝယ်ကုန်တိုက်ကြီးလည်း ပြန်ဖွင့်ပြီဖြစ်သည်။ သို့သော်လည်း အထဲသို့ ဝင်ရောက်နိုင်သည့်ဈေးဝယ်သူများကို ကန့်သတ်ထားသလို ပုံမှန်ထက်လည်း နှစ်နာရီစောပိတ်ကြောင်း သိရသည်။

သို့သော်လည်း အနောက်ပိုင်း အိုဆာကာမြို့တွင် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာချက် ဆက်လက်ထုတ်ပြန်ထားဆဲရှိသေးကြောင်း သိရသည်။

တိုကျိုမြို့ ကီတာအရပ်ရှိ တန်ဂျင်ဘာရှီဆူဂျီ ဈေးဝယ်လမ်းသည်အခါတိုင်းထက် ဈေးဝယ်သူများကို ပိုမိုဆွဲဆောင်လျက်ရှိသည်။



ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်ဖွင့်လိုက်သောမြို့တစ်နေရာတွင် လူများစည်ကားနေသည်ကို တွေ့ရစဉ်။

အဆိုပါ အရပ်ရှိ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက သူ့အနေဖြင့် ဆိုင်ကို ည ၁၀ နာရီအထိ ပြန်ဖွင့်နိုင်ပြီဖြစ်သောကြောင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုက် သည်။ သို့သော်လည်း သူ့အနေဖြင့် ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းများကို လိုက်နာလုပ်ဆောင်နေကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၅၂၉ ဦး ရှိလာ

**ဂျကာတာ မေ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၅၂၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၇၀၂၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

**စုစုပေါင်းသေဆုံးမှု ၁၀၈၉ ဦးရှိလာ**

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူပေါင်း ၁၃ ဦးရှိလာကြောင်း၊ စုစုပေါင်းသေဆုံးမှုပမာဏပေါင်းမှာ ၁၀၈၉ ဦးရှိလာကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အာ့ချ်မက်ယူရီရန်တိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

**ပြန်လည်သက်သာလာသူ ၁၀၈ ဦးရှိ**

ယူရီယန်တိုက ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသူ ၁၀၈ ဦးရှိပြီး ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်းနှင့် စုစုပေါင်းပြန်လည်ကောင်းမွန်လာသူပေါင်း ၃၉၁၁ ဦးရှိလာပြီဖြစ်သည်။

ယူရီယန်တိုက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ သံသယဖြစ်ဖွယ်လူနာစုစုပေါင်းအရေအတွက်သည် ၃၅၀၆၉ ဦး ရှိသည်ဟု ပြောကြားသည်။

**ဆင်ဟွာ**

# ရုရှားတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၀၀၀၀ ကျော်လာ

**မော်စကို မေ ၁၆**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၁၀၅၉၈ ဦးရှိကြောင်းနှင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၆၂၈၄၃ ဦးအထိမြင့်တက်လာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာန၏ ထုတ်ပြန်လိုက်သောကြေညာချက်အရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူများမှာ ၁၁၃ ဦးရှိလာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၄၁၈ ဦးအထိမြင့်တက်လာသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာသူ ၅၈၂၂၆ ဦးရှိပြီး ၎င်းပမာဏထဲတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ပြန်လည်သက်သာကောင်းမွန်လာသူ ၄၆၉၆ ဦး ပါဝင် ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ အဆိုးရွားဆုံးထိခိုက်မှုရှိသော မော်စကိုတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၇၄၈ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် ၁၃၅၄၆၄ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

ရုရှားစားသုံးသူအခွင့်အရေးနှင့် လူမှုစောင့်ရှောက်ရေးအဖွဲ့က ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုခံယူနေရသူပေါင်း ၂၅၆၈၄၇ ဦးရှိကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

ရုရှားနိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ စစ်ဆေးမှုပေါင်း ၆ ဒသမ ၄ သန်း ပြုလုပ်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

မော်စကို မြို့တော်ဝန် ဆာဂျီ ဆိုဗြန်နင်က မေ ၁၄ ရက်က ကိုဗစ်-၁၉ ပဋိပစ္စည်းစမ်းသပ်မှုအမြောက်အမြားကို သောကြာနေ့တွင် စတင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါအစီအစဉ်၌ သီတင်းပတ်တစ်ပတ်လျှင်စစ်ဆေးမှုပေါင်း ၇၀၀၀၀ စတင်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ မေလအကုန်တွင် တစ်ရက်လျှင် ၂၀၀၀၀၀ ကျော်စမ်းသပ်နိုင်မည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

ထွက်ပေါ်လာသော ရလဒ်ကိုကြည့်ပြီး ကန့်သတ်ပိတ်ဆို့မှုများကိုလျှော့ချ ဆိုသည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ရုရှားသိပ္ပံနှင့် အဆင့်မြင့်ပညာဝန်ကြီး ဗယ်လာရီဖယ်ကော့ဗနှင့် ယဉ်ကျေးမှုဝန်ကြီး အော်ဂါလူဘီမိုဗာသည်လည်း




မော်စကိုမီးရထားဘူတာရုံကို ပိုးသတ်ဆေးများ ဖျန်းပက်နေစဉ်။

ယခုအခါတွင် ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

သို့သော်လည်း ရုရှားဝန်ကြီးချုပ် မီခေးလ် မီရှူစတင်နှင့် ကရင်မလင်းပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်တို့သည် ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတင်ထားရကြောင်း သိရသည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီး ဗလာဒီမာယာကူရှက်ဗ်သည် အိမ်၌ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် - ၁၉ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းမှုအသစ်များကို ထရမ့်ကြေညာ



ကိုဗစ် – ၁၉ ကာကွယ်ဆေးထုတ်လုပ်ရေး တိုးတက်မှုများကို အမေရိကန်သမ္မတ ထရမ့် ရှင်းလင်းပြောကြားစဉ်။

**ဝါရှင်တန် မေ ၁၆**

ထရမ့်အစိုးရအဖွဲ့၏ ကြိုးပမ်းချက်ဖြစ်သည့် ကိုဗစ် –၁၉ ကာကွယ်ဆေးရရှိရေးကို လူနှစ်ဦးကဦးဆောင်သွားမည်ဟု အမေရိကန်သမ္မတ ထရမ့်က မေ ၁၅ ရက်တွင်ကြေညာခဲ့သည်။

ဆေးဝါးဖော်စပ်မှုဆိုင်ရာ အကြီးအကဲဟောင်း ဆွန်ဆက်ဆာဝီနှင့် အမေရိကန် စစ်ဘက်အသုံးအဆောင်ပစ္စည်းများ ဝယ်ယူထောက်ပံ့ရေးဌာနမှ ဗိုလ်ချုပ်ဂုတ်စတက်ပါနမ်တို့သည် ကိုဗစ် –၁၉ ကာကွယ်ဆေးအရှိန်မြှင့်တင်ရေးလုပ်ငန်းတွင် ဦးဆောင်သွားမည်ဖြစ်သည်။

အစိုးရအဖွဲ့မှကျွမ်းကျင်သူများသည် ကာကွယ်ဆေး ၁၀၀ခန့်ကို စစ်ဆေးမှုများပြုလုပ်နေသည်ဟု အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ပြောကြားခဲ့သည်။

အဆိုပါကာကွယ်ဆေးများအနက် ကာကွယ်ဆေး ၁၄ ခုမှာ ခိုင်မာမှုရှိသည်ကို ပြသလျက်ရှိကြောင်း၊ နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးရရှိမည်ဟု မျှော်လင့်ထားကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ ပုံမှန်အားဖြင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများသည် ကာကွယ်ဆေးထုတ်လုပ်မည်ဆိုလျှင် လိုအပ်သည့် စမ်းသပ်မှုများ ပြီးမြောက်သည်အထိ စောင့်ဆိုင်းလေ့ရှိကြသည်။

ယင်းဖြစ်စဉ်သည် ပြည်သူများထံ ကာကွယ်ဆေးရရှိမည့်အချိန်ကို နှောင့်နှေးကြန့်ကြာစေပြီး တစ်နှစ်သို့မဟုတ် တစ်နှစ်ထက်ပို၍ ကြာနိုင်သည်ဟု ထရမ့်က ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်သည် အခြားသောနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပြီး အခြားနိုင်ငံများက ကာကွယ်ဆေးဦးစွာထုတ်လုပ်ရရှိခဲ့လျှင်လည်း ကူညီရန်အသင့်ဟု ထရမ့်က ပြောကြားခဲ့သည်။

ကိုဗစ် –၁၉ ကာကွယ်ဆေးရရှိရေးအတွက် ထရမ့်အစိုးရအဖွဲ့သည် အလောတကြီး ကြိုးပမ်းနေကာ ဇန်နဝါရီ ၁၁ ရက်က စတင်၍ ကာကွယ်ဆေးအတွက် ကြိုးပမ်းမှုများပြုလုပ်ခဲ့သည်။ ကာကွယ်ဆေးစမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများသည် အနည်းဆုံး ၁၂ လမှ ၁၈ လအထိ ကြာမြင့်နိုင်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

ဆင်ဟွာ

# ကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် အမေရိကန်မှ အသက်ရှူအထောက်ကူပြုကိရိယာများ အိန္ဒိယသို့ လှူဒါန်းမည်



အသက်ရှူအထောက်ကူပြု ကိရိယာပြင်ဆင်နေသည့် ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

**နယူးဒေလီ မေ ၁၆**

ကိုဗစ် –၁၉ တိုက်ဖျက်ရေးအတွက် အိန္ဒိယသို့ အသက်ရှူအထောက်ကူပြုကိရိယာများ အမေရိကန်က လှူဒါန်းသွားမည်ဟု သမ္မတထရမ့်က ကြေညာခဲ့သည်။ အိန္ဒိယနှင့် အမေရိကန်တို့၏ ရင်းနှီးလှသည့်မိတ်ဖက်ဆက်ဆံရေးကို ဖော်ပြရင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည်လည်း ၎င်းအတွက် မိတ်ဆွေကောင်းဟု ထရမ့်က ညွှန်းဆိုခဲ့သည်။ ကိုဗစ် –၁၉ အတွက်ကာကွယ်ဆေးရရှိရန်လည်း အိန္ဒိယနှင့်အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟု ထရမ့်က ဆက်လက် ပြောကြားခဲ့သည်။

အိန္ဒိယတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၈၅၀၀၀ ရှိပြီး တရုတ်နိုင်ငံတွင် ကူးစက်ခံရသူနှုန်းထက် ကျော်လွန်သွားပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် မိတ်ဆွေအိန္ဒိယနိုင်ငံသို့ အသက်ရှူအထောက်ကူပြုကိရိယာများလှူဒါန်းမည်ဖြစ်ကြောင်း ထရမ့်ကပြောကြားခဲ့သည်။ သို့သော် အရေအတွက် ဘယ်လောက်များများပေးလှူမည်ကိုမူ အိမ်ဖြူတော်က အတိအကျ ပြောကြားခဲ့ခြင်းမရှိပေ။

ကိုဗစ် –၁၉ ကို ရင်ဆိုင်ရာတွင် အိန္ဒိယနှင့် အတူတကွ ရပ်တည်ကာ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်တွင် အသက်ရှူအထောက်ကူပြုကိရိယာများ လုံလောက်ပြည့်စုံစွာရှိသည့်အတွက် အိန္ဒိယသို့ လှူဒါန်းမည်ဖြစ်ကြောင်း အိမ်ဖြူတော်ရှိ နှင်းဆီဥယျာဉ်အတွင်းပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ မေတ္တာရပ်ခံမှုကြောင့် ဟိုက်ဒရိုဆီကလိုရိုကွင်းဆေးပြားငါးသန်းကိုလည်း အိန္ဒိယမှ အမေရိကန်သို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ပီတီအိုင်

# ထိုင်းနိုင်ငံတွင် တစ်ပတ်တာကာလအတွင်း ဒုတိယအကြိမ်အဖြစ် ကိုဗစ် -၁၉ လူနာသစ်မတွေ့ရှိရ

**ဗန်ကောက် မေ ၁၆**

ထိုင်းနိုင်ငံတွင် မေ ၁၆ ရက်က ကိုဗစ် –၁၉ လူနာသစ်မတွေ့ရှိရဟု ကြေညာခဲ့ရာ တစ်ပတ်တာကာလအတွင်း ဒုတိယအကြိမ်မြောက် လူနာသစ် မတွေ့ရှိရခြင်းလည်း ဖြစ်သည်။

ကိုဗစ် –၁၉ ဆိုင်ရာ စီမံခန့်ခွဲရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူ သဝီဆင်ဗီဆန်နုယိုသင် က ကိုဗစ် – ၁၉ လူနာသစ်မတွေ့ရှိရဟု မေ ၁၆ ရက်တွင် ကြေညာခဲ့သည်။

အလားတူ ကိုဗစ် –၁၉ ကြောင့် သေဆုံးသူလည်းမရှိခဲ့ပေ။ မတ် ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ ကူးစက်ခံရသူ ၁၈၈ ဦးထိရှိခဲ့ရာ ကူးစက်ခံရမှုအမြင့်ဆုံးနှုန်း ဖြစ်ခဲ့သော်လည်း ယခုအခါ ကူးစက်မှုနှုန်းလျော့ကျနေသည်ကို တွေ့မြင်နေရပြီဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခုအချိန်ထိ ထိုင်းနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၀၂၅ ဦးတွင် ရပ်တန့်နေခဲ့သည်။

သေဆုံးသူ ၅၆ ဦးထိ ရှိခဲ့ပြီး ထိုင်းနိုင်ငံရှိ မြို့ပေါင်း ၅၀ တွင် ၂၈ ရက်ကြာ ကူးစက်မှုအသစ် မတွေ့ရှိရပေ။

ထိုင်းနိုင်ငံသို့ ပြည်ပရောက်နိုင်ငံသားများ ပြန်လည်ဝင်ရောက်လာရာ အမေရိကန်ပြည်ထောင်စုမှ ၂၀၄ ဦး၊ တောင်ကိုရီးယားမှ ၁၈၇ ဦး၊ မော်လ်ဒိုက်မှ ၁၅၀၊ ကနေဒါမှ ၈၀ နှင့် အိန္ဒိယမှ ၈၀ တို့ မေ ၁၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို ၁၄ ရက်ကြာ အသွားအလာ ကန့်သတ် စောင့်ကြည့်ခြင်း ပြုလုပ်သွားမည်ဟု သိရသည်။

ဆင်ဟွာ

# နစ်ဆန်းကားကုမ္ပဏီမှ ကားထုတ်လုပ်မှုများ ထပ်မံလျှော့ချသွားမည်

**တိုကျို မေ ၁၆**

နစ်ဆန်းကားကုမ္ပဏီသည် ထုတ်လုပ်ရေးလုပ်ငန်းများကို နောက်ထပ်လျှော့ချမည်ဖြစ်ပြီး မိတ်ဖက်ပြင်သစ်ကားကုမ္ပဏီ ရေနော့နှင့် ပူးပေါင်းဆောင်ရွက်မှု ကုန်ကျစရိတ်များ ဖြတ်တောက်မှုကိုလည်း တိုးမြှင့်ခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်အတွက်လည်း ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်နေသည်။

အဆိုပါပြင်ဆင်မှုများကို ယခုလနှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ မော်တော်ကားကိုယ်ထည်နှင့် ရေနော့နှင့် ပူးတွဲတပ်ဆင်သည့် အစိတ်အပိုင်းများကို အချင်းချင်းမျှဝေသွားရန်အစီအစဉ်ရှိသည်ဟု နစ်ဆန်းကားကုမ္ပဏီကပြောသည်။

နစ်ဆန်းကုမ္ပဏီသည် တစ်ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ၇ ဒသမ ၂သန်းမှ ၆ ဒသမ ၆ သန်းအထိ လျှော့ချထုတ်လုပ်သွားမည်ဟု အစောပိုင်းကကြေညာခဲ့သည်။ ၂၀၂၀ မတ်လအထိ မော်တော်ကားအစီးရေပေါင်း ၄ ဒသမ ၇၉ သန်းကိုသာ ထုတ်လုပ်နိုင်ခဲ့သည်။ အင်ဒိုနီးရှားတွင် ကားထုတ်လုပ်မှုကိုဆိုင်းငံ့ခဲ့ပြီး စပိန်နှင့် အခြားသောနိုင်ငံများတွင် ကားထုတ်လုပ်မှုကိုလည်း လျှော့ချခဲ့သည်။

အမေရိကန်နှင့်အခြားသော ကမ္ဘာ့နေရာများတွင် ကားအရောင်းထိုင်းနေသည့်အတွက် နစ်ဆန်းကုမ္ပဏီသည် မတ်လမှစတင်ကာ ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အမြတ်ငွေလျော့နည်းမှုများနှင့် ကြုံတွေ့နိုင်သည်ဟု မျှော်မှန်းထားသည်။

အင်န်အိတ်ချ်ကေ




တိုကျိုမြို့ရှိ နစ်ဆန်းကားအရောင်းပြခန်းကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## တရုတ်နိုင်ငံတွင် စက်ရုံပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံး ရှစ်ဦးဒဏ်ရာရ

**နန်ကျင်း မေ ၁၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ် ဒန်ယန်းမြို့ရှိ စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နှစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

မေ ၁၅ ရက် နံနက် ၁၁ နာရီဝန်းကျင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖိနပ်ကပ်ကော်ထုတ်လုပ်သည့် စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မြို့တော်အရေးပေါ်အခြေအနေများ စီမံခန့်ခွဲမှု ဗျူရိုက ပြောသည်။

မေ ၁၅ ရက် ညနေ ၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့ပြီး ဒဏ်ရာရသူများကို ကုသမှုခံယူနိုင်ရေး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဒဏ်ရာရရှိသူ ရှစ်ဦးအနက် တစ်ဦးမှာ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့သော်လည်း ယခုအခါ အခြေအနေတည်ငြိမ်သွားပြီဟု သိရသည်။ ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းကို ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

## အစုလိုက်အပြုံလိုက် ကူးစက်ခံရမှုနှင့် ပတ်သက်ပြီး တရုတ်ကျန်းမာရေး အာဏာပိုင်များသတိပေး

**ပေကျင်း မေ ၁၆**

မေလလယ်လောက်က တရုတ်နိုင်ငံတွင် ကိုဗစ် -၁၉ ဗိုင်းရပ်စ် ပြည်တွင်း၌ အစုလိုက်ကူးစက်ခံရသူများ တွေ့ရှိခဲ့ရသည်ဟု တရုတ်ကျန်းမာရေး အာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

မည်သည့်ရောဂါ လက္ခဏာမှ မပြသဘဲ ရောဂါပိုးသယ်ဆောင်သူများကို နိုင်ငံတစ်ဝန်းနေရာအတော်များများတွင် တွေ့ရှိရကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ မီဖန်းက မေ ၁၆ ရက်တွင်ပြောကြားခဲ့သည်။

မေလ၏ ပထမနှစ်ပတ်တာကာလအတွင်း ပြည်တွင်း ၌ ကူးစက်ခံရသူ ၃၉ ဦးရှိပြီး တရုတ်နိုင်ငံတွင် ရောဂါလက္ခဏာမပြသည့် ကိုဗစ် -၁၉ ဗိုင်းရပ်စ် သယ်ဆောင်ထားသူ ၁၉၄ ဦး တွေ့ရှိခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်ခံရခြင်းရှိမရှိစစ်ဆေးမှုများ၊ ပြန်လည်သုံးသပ်မှုလုပ်ငန်းများ ၊အသွားအလာ ကန့်သတ်စောင့်ကြည့်မှုလုပ်ငန်းများနှင့် ရောဂါလက္ခဏာမပြသည့်သူများကို စီမံခန့်ခွဲမှုများ အားထုတ်ကြိုးပမ်းသွားရန် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကပ်ရောဂါတိုက်ဖျက်ရေးမှာ ရှေ့တစ်ဆုပ်ပမာဖြစ်နေတဲ့ သူနာပြုဝန်ထမ်းအင်အား

*ကလျာမိုးမြင့်*

**ကပ်ရောဂါ ဘယ်ဆီနေမှန်း မသိရသေးခင် အချိန်ကတည်းက ဂျပန်နိုင်ငံရဲ့ဆေးရုံတွေမှာ သူနာပြုဝန်ထမ်းတွေ မလုံလောက်တဲ့အခြေအနေကို ရင်ဆိုင်ခဲ့ရတာပါ။ အခုလို ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်လာတဲ့ ယနေ့အခါမှာတော့ အဲဒီအခြေအနေတွေက အဆိုးဆုံးအထိ ရောက်ရှိသွားခဲ့ပြီ ဖြစ်ပါတယ်။**



ဂျပန်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းနှစ်ဦးက ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာကို ရွှေ့ပြောင်းပေးနေစဉ်။

သူနာပြုအဖြစ် ရာစုနှစ်သုံးခုလောက်နီးပါးကြာအောင် အမျိုးသမီးသူနာပြုတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်လာပြီးနောက် ဟိုရီနာရူမိက ဒီနှစ်မှာတော့ တာဝန်ကနေ အနားယူဖို့ စောင့်စားနေခဲ့တာပါ။ တိုကျိုသူနာပြုအဖွဲ့အစည်းရဲ့ အကြံပေးတစ်ဦးအနေနဲ့သာ လုပ်ကိုင်သွားဖို့ ပြီးခဲ့တဲ့ မတ်လမှာ ဟိုရီက ဆုံးဖြတ်ချက်ချခဲ့တာ ဖြစ်ပါတယ်။ ၎င်းအလုပ်လုပ်လာသမျှ သက်တမ်းတစ်လျှောက်လုံး ယခုလို ဆေးရုံတွေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေမျိုးတွေကို မတွေ့ကြုံဖူးဘူးလို့ ဟိုရီက ပြောပြပါတယ်။

### ပြုစုစောင့်ရှောက်မှု အပြည့်အဝမပေးနိုင်

ဆေးရုံမှာ အကာအကွယ်ပစ္စည်းကိရိယာတွေလည်း လောက်လောက်ငငမရှိဘူး။ သူနာပြုတွေဟာ အလုပ်လုပ်ရင်း ဖျားနာမှာနဲ့ ၎င်းတို့ရဲ့မိသားစုဝင်တွေကို ရောဂါကူးစက်သွားမှာကို သေမလောက်ကြောက်နေကြရတယ်။ အကူအညီကင်းမဲ့မှာစိုးတဲ့ ကြောက်လန့်မှုတွေ ရောပြွမ်းနေတယ်။ ကိုဗစ်-၁၉ ရဲ့ သဘာဝက သူနာပြုဝန်ထမ်းတွေကို ၎င်းတို့သင်ကြားလေ့ကျင့်ခဲ့ရတဲ့ ပြုစုစောင့်ရှောက်ကုသမှုတွေ အပြည့်အဝမပေးနိုင်အောင် လုပ်ထားတယ်။ သူနာပြုတွေအနေနဲ့ လူနာတွေနဲ့ ၎င်းတို့ရဲ့ ဆွေမျိုးမိသားစုဝင်တွေကို နောက်ဆုံးအချိန်မှာတောင် အကောင်းဆုံးပြုစုဂရုစိုက်မှုမပေးနိုင်တဲ့အဖြစ်မျိုးဟာ အသည်းနာစရာကောင်းလွန်းတယ်လို့ ဟိုရီက ပြောခဲ့ပါတယ်။

### ပုံမှန်ထက် လေးဆလောက်လိုအပ်

ပုံမှန်ဖြစ်နေကျအချိန်တွေထက် ပိုကြာမြင့်တဲ့ စိုးရိမ်ကြောက်လန့်မှုနဲ့ စွမ်းအင်မဲ့သွားတဲ့ စိတ်ခံစားချက်တွေက လူတွေကိုခြေကုန်လက်ပန်းကျသွားစေခဲ့တယ်လို့ ဂျပန်သူနာပြုအဖွဲ့အစည်းက ဆိုပါတယ်။ တချို့သူနာပြုဝန်ထမ်းတွေဆိုရင် ကာယဒုက္ခခံစားရမှုရဲ့ နောက်ဆက်တွဲဖြစ်တဲ့ စိတ်ကစဉ့်ကလျားဖြစ်မှုတွေကိုတောင် ခံစားနေရပြီလို့ သူနာပြုအဖွဲ့ရဲ့ ပြောပြချက်အရ သိရပါတယ်။

ဂျပန်သူနာပြုအဖွဲ့အစည်းရဲ့ဖော်ပြချက်အရ ဆေးရုံမှာရှိတဲ့ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ လူနာတွေကို ကုသမှုပေးနေတဲ့ အဆောင်တစ်ခုမှာ သူနာပြုအရေအတွက် ပုံမှန်ထက် လေးဆ လောက် လိုအပ်နေတာဖြစ်တယ်လို့ သိရပါတယ်။ ဆေးရုံတွေထဲမှာ ရောဂါကူးစက်မှု ဖြစ်လာတဲ့အတွက်ကြောင့် အရည်အချင်းရှိတဲ့ သူနာပြုဝန်ထမ်းများစွာဟာ အိမ်ပြင်ထွက်ခွင့်မရတော့ဘဲ တစ်ကိုယ်ရေသီးခြားနေထိုင်နေရတယ်။ ဒီတော့ ဆေးရုံအတွက်လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးရပါတယ်။

### လုပ်ငန်းခွင်ပြန်ဝင်ပေးကြဖို့ တိုက်တွန်း

ပြီးခဲ့တဲ့ ဧပြီလအစောပိုင်းမှာ ဂျပန်သူနာပြုအဖွဲ့အစည်းရဲ့ဥက္ကဋ္ဌ ဖူကိုတိုရှိကိုက တာဝန်ကနေ အနားယူသွားကြတဲ့ သူနာပြုဝန်ထမ်းဟောင်းတွေကို လုပ်ငန်းခွင်ပြန်ဝင်ပေးကြဖို့ အရေးပေါ်မေတ္တာရပ်ခံချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရပါတယ်။ ဘယ်သူကမှတော့ မိမိအေးအေးဆေးဆေးအနားယူနေတဲ့ အငြိမ်းစားကာလမှာ အလုပ်ခွင်ထဲ ပြန်မဝင်ချင်ကြပါဘူး။ ဒါပေမယ့် နိုင်ငံအတွက် အရေးပေါ်အခြေအနေဖြစ်လာတဲ့အခါမှာ နိုင်ငံသားတိုင်းမှာ ပင်ကိုအသိစိတ်နဲ့ ဆောင်ရွက်ရမယ့် တာဝန်ရှိလာပါတယ်။

> **"ပြီးခဲ့တဲ့ ဧပြီလအစောပိုင်းမှာ ဂျပန်သူနာပြုအဖွဲ့အစည်းရဲ့ဥက္ကဋ္ဌ ဖူကိုတိုရှိကိုက တာဝန်ကနေ အနားယူသွားကြတဲ့ သူနာပြုဝန်ထမ်းဟောင်းတွေကို လုပ်ငန်းခွင်ပြန်ဝင်ပေးကြဖို့ အရေးပေါ်မေတ္တာရပ်ခံချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ရပါတယ်။ ဘယ်သူကမှတော့ မိမိအေးအေးဆေးဆေး အနားယူနေတဲ့ အငြိမ်းစားကာလမှာ အလုပ်ခွင်ထဲပြန်မဝင်ချင်ကြပါဘူး။ ဒါပေမယ့် နိုင်ငံအတွက် အရေးပေါ်အခြေအနေဖြစ်လာတဲ့အခါမှာ နိုင်ငံသားတိုင်း ပင်ကိုအသိစိတ်နဲ့ ဆောင်ရွက်ရမယ့်တာဝန်ရှိလာပါတယ်"**

ဂျပန်သူနာပြုအဖွဲ့အစည်းဥက္ကဋ္ဌ ဖူကိုတိုရှိကိုက ဂျပန်နိုင်ငံဟာ လူအင်အားအကြီးအကျယ် လိုအပ်နေတယ်။ ဘယ်နေရာအထိ ဘယ်လောက်ကြာကြာသွားခဲ့တဲ့ သူဖြစ်စေ၊ ယခင်က ဘာအလုပ်ဖြစ်ဖြစ် လုပ်ကိုင်ခဲ့တဲ့သူဖြစ်စေ ကိစ္စမရှိဘူး။ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေနည်းတဲ့ တယ်လီဖုန်းအော်ပရေတာလို အလုပ်အကိုင်မျိုးတွေလည်း ရှိတယ်လို့ ဆိုပါတယ်။ သူနာပြုအဖွဲ့အစည်းဟာ အငြိမ်းစားသူနာပြုဝန်ထမ်းပေါင်း ၅၀၀၀၀ ဆီ အီးမေးပေးပို့ပြီး အကြောင်းကြားခဲ့ပါတယ်။ ဒီလိုပေးပို့ခဲ့ပြီးနောက်မှာတော့ သူနာပြုဝန်ထမ်းပေါင်း ၆၀၀ လောက်သာ ဖုန်းလက်ခံဖြေကြားခဲ့တယ်လို့ သိရပါတယ်။

### အလုပ်ပြန်မဝင်နိုင်တဲ့ အကြောင်း

သူနာပြုအဖွဲ့ကြီးက ဝန်ထမ်းဟောင်းတွေကို ဒီထက်ပိုပြီး ခေါ်ယူနိုင်ဖို့အတွက် ၎င်းတို့ရဲ့ အရဲစွန့်မှုအတွက် ပေးကမ်းချီးမြှင့်တာမျိုး ဆောင်ရွက်ပေးဖို့ အစိုးရကို တောင်းဆိုခဲ့ပေမယ့်လည်း အဲဒီတောင်းဆိုချက်ကို အကြောင်းပြန်ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။ အမည်မဖော်လိုတဲ့ သူနာပြုအမျိုးသမီးတစ်ဦးက ၎င်းရဲ့ သက်တမ်းတစ်လျှောက်လုံး အရေးပေါ် ကုသဆောင်တွေမှာ ကုန်ဆုံးခဲ့ကြောင်း ပြောပြခဲ့ပါတယ်။ မီးဖွားခွင့်နှစ်နှစ်ယူပြီးတဲ့နောက် ယခုနှစ်နွေရာသီမှာ ၎င်းက လုပ်ငန်းခွင်ပြန်ဝင်ချင်ခဲ့ပေမယ့် ကလေးစောင့်ရှောက်ရေးစရိတ် မရသေးတဲ့အတွက် အလုပ်ပြန်မဝင်နိုင်သေးဘူးလို့ ဆိုပါတယ်။

တန်းစီဇယားမှာ ကျွန်မသာ အလှည့်ရောက်ဖို့ အဝေးကြီးလိုသေးတယ်။ တကယ်တမ်းဆိုရင် ဆေးဝန်ထမ်းမိသားစုဝင်တွေဟာ အထူးသဖြင့် အခုလိုအချိန်မျိုးမှာ အဓိက ဦးစားပေးရမှာ။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေလည်း ဒီအတွက် စိတ်ရောကိုယ်ပါပင်ပန်းနေရတယ်လို့ ကြားသိရတော့ ကျွန်မစိတ်ပျက်လက်ပျက်ဖြစ်ပြီး ဘာမှမလုပ်နိုင်လို့ စိတ်မကောင်းဘူးဟု ၎င်းက ပြောပြခဲ့ပါတယ်။

### ခွဲခြားဆက်ဆံမှု

တခြားသူနာပြုဝန်ထမ်းဟောင်းတွေကတော့ ကပ်ရောဂါနဲ့ဆက်နွှယ်တဲ့ လူမှုရေးဆိုင်ရာ ဂုဏ်သိက္ခာထိခိုက်မှု အခြေအနေတွေကြောင့် လုပ်ငန်းခွင်ပြန်ဝင်ရမှာကို စိုးရိမ်နေတယ်လို့ ဆိုပါတယ်။ အမည်မဖော်လိုတဲ့ အငြိမ်းစားသူနာပြုဟောင်းတစ်ဦးကတော့ အကယ်၍ ၎င်း ဆေးရုံကို ပြန်သွားခဲ့ရင် ၎င်းရဲ့သားသမီးတွေ ခွဲခြားဆက်ဆံခံရမှာစိုးတယ်လို့ ပြောခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးရုံတွေမှာ သူနာပြုဝန်ထမ်း မလုံလောက်တဲ့ကိစ္စဟာ ဂျပန်တစ်နိုင်ငံတည်းမှာတင် ဖြစ်နေတာမဟုတ်ဘူး။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ပြောရရင် သူနာပြုဝန်ထမ်းပေါင်း နောက်ထပ် ၅ ဒသမ ၉ သန်းလောက်အထိ လိုအပ်နေတယ်လို့ ပြီးခဲ့တဲ့လက ထုတ်ပြန်ချက်ထဲမှာ ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် တချို့နိုင်ငံတွေမှာ ဝန်ထမ်းအင်အားလိုအပ်ချက်ကို ဖြည့်ဆည်းရာမှာ နည်းပညာအားဖြင့် အထောက်အကူဖြစ်စေဖို့ ကြိုးပမ်းနေကြပါတယ်။

### နည်းပညာဖြင့် ကွက်လပ်ဖြည့်

အီတလီနိုင်ငံမှာဆိုရင် ဆေးရုံမှာရှိတဲ့ ကုသဆောင်တွေကို ဝင်ရောက်ဖို့နဲ့ လူနာတွေနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ကောက်ဖို့ စက်ရုပ်တွေကို ချထားပေးနေပြီဖြစ်ပြီး ဒီလိုချထားတဲ့အတွက် လူသားလုပ်ဖော်ကိုင်ဖက်တွေ ပိုပြီးဘေးကင်းစေတယ်လို့ သိရပါတယ်။ စင်ကာပူမှာလည်း စက်ရုပ်တွေကို စတင်မိတ်ဆက် အသုံးချနေပါတယ်။

လူတစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းကို မဖြစ်မနေဆောင်ရွက်အောင် လိုက်လံအသိပေးနှိုးဆော်တဲ့ ခွေးပုံသဏ္ဍာန်ကင်းလှည့်စက်ရုပ်တွေကို အများပြည်သူရှိရာ ပန်းခြံလိုနေရာတွေမှာ စတင်ချထားနေပြီဖြစ်တဲ့အပြင် ဒီစက်ရုပ်တွေကို ဆေးရုံတွေမှာ လူနာတွေဆီ ဆေးဝါးတွေ ပို့ဆောင်ပေးရာမှာ အသုံးပြုနိုင်ဖို့အတွက်လည်း စမ်းသပ်နေပါတယ်။ ဒါပေမယ့် နည်းပညာပိုင်းမှာ တခြားနိုင်ငံတွေထက် ခြေတစ်လှမ်းသာသူအဖြစ်နဲ့ ဂုဏ်ယူနေတဲ့ ဂျပန်နိုင်ငံကိုယ်တိုင်သည်ပင်လျှင် ကိုဗစ်-၁၉ ကို တိုက်ဖျက်မယ့် ဆေးဝန်ထမ်းအင်အားလိုအပ်ချက်သာမက ကပ်ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်အင်အား လိုအပ်ချက်ရှိနေဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား-အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၅-၅-၂၀၂၀)ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ တတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၂၆၇) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ(၁၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)နှင့် ဆေးသုတေသနဦးစီးဌာန(DMR)တို့မှ ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၉၄)ခု စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိခဲ့ပါသည်။

၃။ (၁၆-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၈၂)ဦးရှိပြီဖြစ်ပါသည်။

၄။ အဆိုပါလူနာအသစ်အား သက်ဆိုင်ရာဆေးရုံသို့ လွှဲပြောင်းကုသမှုပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၆-၅-၂၀၂၀) ရက်နေ့၊နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမ + ဒုတိယ + တတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၄၆) ခု |
| (၁၅-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၄၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိစုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed) | (၁) ဦး | (၁၈၂) ဦး |
| ကုသမှုခံယူပြီးရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၈၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား – ၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ / မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 182 | ၃၂ နှစ် | ကျား | ထန်တလန်မြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှားနိုင်ငံ) | ပြည်သူ့ဆေးရုံကြီး ဟားခါးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၆-၅-၂၀၂၀) ရက်နေ့၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄)ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၃၇) ခု၊ စုစုပေါင်း (၂၃၁) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၂)ဦး ရှိပါသည်။

၃။ (၁၆-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၇)ဦး (Case- 40, 49, 56, 57, 77, 121, 151) ရှိခဲ့သဖြင့် စုစုပေါင်း (၉၅) ဦးရှိပြီး ၎င်းတို့အနက် (၈၃)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၅-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၆-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၀)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| (၁၆-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၇) ဦး | (၉၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာများနှင့် ကျောင်းသားများက လက်သန့်ဆေးရည် အလိုအလျောက်ထုတ်ပေးသောစက်များ ပြုလုပ်လှူဒါန်းနေ

**ပခုက္ကူ မေ ၁၆**
ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ လက်သန့်ဆေးရည်ကို ခလုတ်နှိပ်စရာမလိုဘဲ အလိုအလျောက် ထုတ်ပေးနိုင်သောစက်(Automatic Hand Sanitizer Dispenser)များ ဖန်တီးပြုလုပ်ကြပြီး ပခုက္ကူမြို့နယ်အတွင်း လိုအပ်သည့်နေရာများတွင် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ယခုကာလတွင် ပြည်သူ့ဆေးရုံများ၊ အသွားအလာကန့်သတ်စောင့်ကြည့်သော နေရာများနှင့် အများပြည်သူ ဝင်ထွက်သွားလာမှုများသည့် ဌာနဆိုင်ရာရုံးများ၌ လက်သန့်ဆေးရည်များ ထားရှိပေးကြရာ အသုံးပြုသူများအတွက် ပိုမို ထိရောက်လွယ်ကူစေရန် ဆေးရည်ဘူးကိုကိုင်ရန်မလို၊ ခလုတ်နှိပ်ရန်မလိုဘဲ လျှပ်စစ်ဓာတ်အားသုံး အလင်းထိန်းစနစ်ဖြင့် အလိုအလျောက် လက်သန့်ဆေးရည် ထုတ်ပေးနိုင်သည့် အဆိုပါစက်ပစ္စည်းကို ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ပစ္စည်းကို အသုံးပြုရန်အတွက် လျှပ်စစ်မီးတိုက်ရိုက်သွယ်တန်းခြင်းဖြင့်လည်းကောင်း၊ ဖုန်းအားသွင်းသော Power Bank နှင့် ချိတ်ဆက်ခြင်းဖြင့်လည်းကောင်း အသုံးပြုနိုင်ပြီး နေရောင်၏ အလင်းအမှောင်အပေါ် မူတည်၍ ချိန်ညှိကာ အလိုအလျောက် လက်သန့်ဆေးရည်ကျသည့်စနစ်ဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါစက်ကို ပခုက္ကူတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများဖြင့် ဖန်တီးပြုလုပ်ခြင်းဖြစ်ပြီး လက်ရှိတွင် ထိုစက်များကို ပခုက္ကူပြည်သူ့ဆေးရုံနှင့် ပြင်ဦးလွင်ပြည်သူ့ဆေးရုံ တို့၌ လှူဒါန်းထားပြီးဖြစ်ကာ ဆက်လက်၍လည်း ပခုက္ကူမြို့ပေါ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်သည့် စခန်းများ၊ ကလေးမြို့ ပြည်သူ့ဆေးရုံ၊ ကျောက်ထုဆေးရုံနှင့် ရေစကြိုဆေးရုံများသို့ လှူဒါန်းမည်ဟု သိရသည်။

ပခုက္ကူတက္ကသိုလ် ရူပဗေဒဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း လက်သန့်ဆေးရည်များကိုလည်း ဖန်တီးထုတ်လုပ်၍ လိုအပ်သည့်နေရာများသို့ လှူဒါန်းခဲ့ကြောင်းနှင့် လက်သန့်ဆေးရည်ထုတ်လုပ်ခြင်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် ဖန်တီးပြုလုပ်လိုသည့် ပြည်သူများအား နည်းပညာပိုင်းဆိုင်ရာများ ကူညီပေးကာ ဝယ်ယူလိုသူများကိုလည်းရောင်းချပေးကြောင်း အဆိုပါဌာနမှ ကထိက ဒေါက်တာ ဖြိုးကိုကိုငြိမ်းထံမှ သိရသည်။

**ဆလိုင်းကိုကီး**



လက်သန့်ဆေးရည် အလိုအလျောက်ထုတ်ပေးသောစက်နှင့် ပတ်သက်၍ ရှင်းလင်းပြသစဉ်။

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမား ၄၃၂၅ ဦးရှိ

**ချင်းရွှေဟော် မေ ၁၆**
တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ရွှေ့ပြောင်းအလုပ်သမားများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ် ဝင်ရောက်လျက်ရှိရာ မေ ၁၅ ရက်အထိ ပြန်ဝင်လာသူဦးရေမှာ အမျိုးသား ၂၅၆၇ ဦးနှင့် အမျိုးသမီး ၁၇၅၈ ဦး စုစုပေါင်း ၄၃၂၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၃၀ရက်မှစ၍ တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသော အဆိုပါ နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ အတွင်းရေးမှူး ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ တာဝန်ခံ ဒေါက်တာသီဟနှင့် ကော်မတီအဖွဲ့ဝင်များက ချင်းရွှေဟော်နယ်စပ်ဂိတ်ပေါက်တွင် စောင့်ကြို၍ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ရောဂါလက္ခဏာရှိ/မရှိ ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောခြင်း၊ စနစ်တကျ လက်ဆေးစေခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများ ပြုလုပ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ ၎င်းတို့၏ မူလနေရပ်ဖြစ်သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီးနောက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ချင်းရွှေဟော်မြို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန် ရွှေ့ပြောင်း အလုပ်သမားများမှာ မေ ၁၅ ရက်အထိ စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၊ မန္တလေးတိုင်းဒေသကြီးမှ ၈၀၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၆၀၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၇၇၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၉၄၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၆၂ ဦး၊ ကချင်ပြည်နယ်မှ ၄၁ ဦး၊ ချင်းပြည်နယ်မှ ၂၅ ဦး၊ ကရင်ပြည်နယ်မှနှစ်ဦး၊ ရှမ်းပြည်နယ်မှ ၇၇၆ ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၆၅ ဦးနှင့် နေပြည်တော်မှ၁၀၃ ဦးဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



နေရပ်ပြန်များအား ချင်းရွှေဟော်နယ်စပ်ဂိတ်၌ ကြိုဆိုရန်ပြင်ဆင်နေသော တာဝန်ရှိသူများကို တွေ့ရစဉ်။

# ဝက်လက်မြို့၌ အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀၀ ထံသို့ စားသောက်ကုန်များဖြန့်ဝေပေး

**ဝက်လက် မေ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့တွင် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၀၀၀ ထံသို့ အခြေခံစားသောက်ကုန်လေးမျိုးကို We Love Wetlet အဖွဲ့က ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် မေ ၁၅ ရက် ညနေပိုင်းမှစ၍ ဝက်လက်မြို့ ပိတောက်ဝါကဖေးဆိုင်ရှေ့၌ အိမ်ထောင်စုအချို့ထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလအတွင်း လိုအပ်သူများအား ကူညီပေးနိုင်ရန်အတွက် ဝက်လက်မြို့နယ်တွင် We Love Wetlet အဖွဲ့ကို စတင်ဖွဲ့စည်းပြီးနောက် မြို့ပေါ်ရှိ လုပ်ငန်းရှင်များထံမှ အကူအညီတောင်းခံရာ ကျပ်သိန်း ၁၀၀ ရရှိခဲ့ကြောင်း၊ We Love Wetlet အဖွဲ့အနေဖြင့် စားဝတ်နေရေးခက်ခဲသော အခြေခံလူတန်းစား အိမ်ထောင်စုစာရင်းကို ကောက်ယူပြုစုခဲ့ရာ အိမ်ထောင်စု ၁၀၀၀ ခန့် ရရှိခဲ့သဖြင့် အဆိုပါ အိမ်ထောင်စုများထံသို့ စားသောက်ကုန်များ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ပေးသော အခြေခံစားကုန် လေးမျိုး မှာ ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ငါးသေတ္တာတစ်ဘူးဖြစ်ပြီး မေ ၁၅ ရက်တွင် အမှတ်(၂) ရပ်ကွက်ရှိ အိမ်ထောင်စု ၂၇၀ ထံသို့ ပထမဆုံး ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျန်ရှိသော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် ကတက်ကုန်းကျေးရွာ၊ မင်းစုကျေးရွာများမှ ပြည်သူများအတွက်လည်း ဆက်လက်၍ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ စားကုန်များ ထောက်ပံ့ပေးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ တန်းစီစေ၍ နှာခေါင်းစည်းများ တပ်ဆင်စေပြီးမှ ထောက်ပံ့ပေးခဲ့ကြောင်း We Love Wetlet အဖွဲ့မှ အဖွဲ့ဝင် ဦးဖုန်းမြင့်ထံမှ သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

# နောင်တရားဒေသအတွင်းရှိ ကျေးရွာများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ ၁၇၉ စုံ ထောက်ပံ့

**နောင်တရား မေ ၁၆**
လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသည့် တောင်ပေါ်ဒေသဖြစ်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသမှ မြို့နှင့်ဝေးလံသည့် ကျေးရွာ ခုနစ်ရွာ၌ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ ၁၇၉ စုံကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မေ ၁၆ ရက်တွင် ထောက်ပံ့ပေးအပ်သည်။

မွေးပြင်ကျေးရွာအုပ်စုအတွင်းရှိ ခြေနားကျေးရွာအတွက် ဆိုလာ အစုံ ၄၀၊ ညောင်ချဉ်မြောက်ကျေးရွာအတွက် ၂၂ စုံ၊ ညောင်ချဉ်အရှေ့ကျေးရွာအတွက် ၁၅ စုံ၊ မွေးပြင်ကျောင်းနားကျေးရွာအတွက် ၁၇ စုံ၊ မူးယားမြောက်ရွာအတွက် ၂၃ စုံ၊ ညောင်ချဉ်တောင်ကျေးရွာအတွက် ၃၇ စုံနှင့် မူးယားတောင်ကျေးရွာအတွက် ၂၅ စုံဖြင့် စုစုပေါင်း ကျေးရွာ ခုနစ်ရွာရှိ အိမ်ထောင်စုပေါင်း ၁၇၉ စုအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာ ၁၇၉ စုံကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် Super Mighty ကုမ္ပဏီက တာဝန်ယူ၍ တပ်ဆင်ပေးမည်ဖြစ်သဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင်၊ နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း၊ ဟိုပုံးမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းဋ္ဌေးတို့က မူးယားမြောက်ကျေးရွာသို့ မေ ၁၆ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**ခွန်အောင်(နောင်တရား)**



# မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**မိုင်းပျဉ်း မေ ၁၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်ကလည်း မြို့နယ်စည်ပင် ပန်းခြံကွင်း၌ ယာယီဖွင့်လှစ်ထားသည့် ပျံကျဈေး၌ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် လမ်းသွားလမ်းလာ ပြည်သူများနှင့် ဈေးသည် ဈေးဝယ်များအား မိမိနေအိမ်မှ အပြင်သို့ သွားလာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "မဖြစ်မနေ Mask တပ်ပါ" ညွှန်ကြားချက်ကို လိုက်နာရန်နှင့် လက်ကိုမကြာခဏ ဆေးကြောသန့်စင်ရန်တို့ကို အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသိပညာပေးပိုစတာများ ကပ်ပေးခြင်း၊ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန် ရှောင်ရန်များပါသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြို့ဝင် မြို့ထွက်ဂိတ်များတွင် ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေမွန်ထွဋ်(ပြန်/ဆက်)**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID-19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID-19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလ ချင်းပြည်နယ် ပြည်သူ့ဆေးရုံများတွင်အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ဟားခါး မေ ၁၆**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလ ချင်းပြည်နယ်အတွင်း ပြည်သူ့ဆေးရုံများတွင် အသုံးပြုနိုင်ရန် KMSS Hakha မှ ငွေကျပ်သိန်း ၄၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် Save the Children မှငွေကျပ်သိန်း ၃၃၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်အတွင်း ပြည်သူ့ဆေးရုံများတွင် လိုအပ်လျက်ရှိသော ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ KMSS Hakha ရုံးနှင့် Save the Children မှ တာဝန်ရှိသူတို့က ပြောကြားပြီး KMSS မှ တန်ဖိုးငွေကျပ် ၄၈၇၉၈၀၀၀ တန်ဖိုးရှိသော ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ အပါအဝင် ဆေးရုံသုံးပစ္စည်း ခုနစ်မျိုးကို လည်းကောင်း၊ Save the Children မှ တန်ဖိုးငွေကျပ် ၃၃၇၇၅၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၃၅၀ အပါအဝင် ဆေးရုံသုံးပစ္စည်း သုံးမျိုးတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးပါသော အလှူရှင်များအား ကျေးဇူးတင်ရှိကြောင်းနှင့် ပြည်နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများကို လိုအပ်သလို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ချင်းပြည်နယ်ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ထမ်းများနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အလျောက် စေတနာရှင်၊ အလှူရှင်များကလည်း ဆေးရုံများအတွက် လိုအပ်သည့်ပစ္စည်းများကို လှူဒါန်းထောက်ပံ့ပေးကြသဖြင့် မိမိတို့အနေဖြင့် ဝမ်းမြောက်မိပါကြောင်း ကျေးဇူးတင်စကား ပြောကြားကာ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်တို့ကို လေးစားလိုက်နာပြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ယနေ့လှူဒါန်းသည့်ပစ္စည်းများမှာ KMSS Hakha မှ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ ဆေးရုံသုံးလက်အိတ် အခု ၃၀၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ KN 90 နှာခေါင်းစည်း ၁၀၀၊ လက်သန့်ဆေးရည် (500 mml) အလုံး ၁၀၀၊ လက်အိတ် ၁၃၃၀၀၊ Transporation Cost ခြောက်ခုနှင့် Save the Children မှ ရောဂါကာကွယ်ရေးဝတ်စုံ ၃၅၀၊ လက်သန့်ဆေးရည် ဘူး ၁၈၀၀၊ Examination Glove ၁၀၀၀၀၀ ဖြစ်ပြီး တန်ဖိုးငွေ စုစုပေါင်း ငွေကျပ် ၈၂၆၇၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး**
**(ပြန်/ဆက်)**

## မိုင်းဖြတ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေ

**မိုင်းဖြတ် မေ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလအတွင်း မိသားစုဝင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် အိမ်ရာစိုက်ခင်းများတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ဟိုနား ရှမ်း၊ အာခါ၊ လားဟူကျေးရွာများသို့ မျိုးစေ့များနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို အိမ်တိုင်ရာရောက် အခမဲ့ ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

ထိုသို့ဖြန့်ဝေပေးရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသင်လွင်၊ ဒေါက်တာကျော်မျိုးဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းလွင်နှင့် ဝန်ထမ်းများက ဟိုနားရှမ်း၊ အာခါ၊ လားဟူကျေးရွာရှိ အိမ်ခြေ ၃၀၀ ကို ဘူး၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်၊ ကန်စွန်း မျိုးစေ့များ အထုပ် ၆၀၀၊ သဘာဝပိုးသတ်ဆေး ဘူး ၃၀၀၊ အသင့်သုံး EM အပင်အားဆေး၊ ကွန်ပေါင်းဓာတ်မြေဩဇာများကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် မိဘပြည်သူများမိမိအိမ်မှာ နေထိုင်ခြင်းဖြင့် အိမ်ရာစိုက်ခင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်း လူစုလူဝေးရှိတဲ့ဈေးများကို သွားလာခြင်းမှ ရှောင်ရှားနိုင်ခြင်း၊ ရောဂါကူးစက်ခံရမှုများ လျှော့ချနိုင်ခြင်း၊ ကူးစက်မှုများမရှိခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ဖြန့်ဝေပေးပြီး အပတ်စဉ် ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းအေး(ပြန်/ဆက်)**



ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်သော လားရှိုးမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်စေရန်၊ သန့်ရှင်းလတ်ဆတ် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စားသုံးနိုင်စေရန်၊ အိမ်တွင်နေထိုင်ရင်း ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာပျော်ရွှင်မှု ရရှိနိုင်စေရန်အတွက် မြို့ပေါ်ရပ်ကွက်များ၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များကို မျိုးစေ့များ၊ ပျိုးပင်များ၊ မြေဩဇာများနှင့် လက်ကမ်းစာစောင်များ၊ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဖြူးပေးစဉ်။

မောင်ကျော်ကြီး



## ကိုဗစ် –၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း ကျေးရွာများသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် မြို့နယ်အတွင်း ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းသည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သိန်ခွန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဦး၊ ရာအိမ်မှူးများနှင့် ပူးပေါင်း၍ သိန်ခွန်းကျေးရွာအုပ်စု-သိန်ခွန်းရွာ၊ ကော့ယွန်းကျေးရွာ၊ ချောင်းနှစ်ပေါက်ကျေးရွာ၊ သဲဖြူကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့အသိပညာပေးဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော ထုတ်ပြန်ချက်များကို ကျေးရွာများရှိ ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကျေးရွာအတွင်း လှည့်လည်၍ အသံချဲ့စက်ဖြင့်ကြေညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော လက်ကမ်းစာစောင်များ အခမဲ့ဝေခြင်း၊ လက်ကမ်းစာစောင်ပါ အချက်အလက်များ ပညာပေးပြောကြားခြင်း၊ ကျေးရွာများ၏ လူစည်ကားရာလမ်းဆုံနေရာ၌ အသိပညာပေးဗီနိုင်းပိုစတာများကပ်ခြင်း ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**
**(ပြန်/ဆက်)**

## ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီချစ်ကြည်ရေး အမှတ်(၂) တံတားမှ မေ ၁၆ ရက်၌ ၇၆ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၁၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ မေ ၁၆ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၇၆ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၆၃၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများ အနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော သူများဖြစ်သဖြင့် ထိုင်းနိုင်ငံတာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ လာရောက်လွှဲပြောင်းသူများအနေဖြင့် ကချင်ပြည်နယ်မှ ခြောက်ဦး၊ ကယားပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ ငါးဦး၊ မွန်ပြည်နယ်မှ ခုနစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သုံးဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦး၊ နေပြည်တော်မှ လေးဦး၊ ရှမ်းပြည်နယ်မှ နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၇၆ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (မြန်/ဆက်)**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၍ မိသားစုအတွက် အခက်အခဲရှိသူများအား ရောဝတီဖောင်ဒေးရှင်းက ငွေလှူဒါန်း

**ရန်ကုန် မေ ၁၆**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၍ မိသားစုအတွက် အခက်အခဲရှိနေသူများအား ငွေကြေးများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်ဖြစ်သူ ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးတို့သည် ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာစံပယ်ဖြူ၊ တောင်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးတို့နှင့် ဆွေးနွေးတိုင်ပင်၍ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကာ မိသားစုအတွက် အမှန်တကယ် အခက်အခဲရှိနေသူ ၁၉ ဦးကို တစ်ဖက်တစ်လမ်းမှကူညီပေးနိုင်ရန်အတွက် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသော တောင်ဥက္ကလာပ ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ဒဂုံဂေါက်ကွင်းတို့မှ နေ့စားနှင့် အခြေခံလုပ်သားများ၊ ကယ်ဒီများနှင့် ဂေါက်ကွင်းလုပ်သားများ၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းသားများ အပါအဝင် စုစုပေါင်း လူဦးရေ ၂၀၀၀ ၏ စားဝတ်နေရေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးသည့်အနေဖြင့် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်၊ ဆီ အစရှိသည့် စားသောက်ကုန်များကို သွားရောက်လှူဒါန်းခဲ့သည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုမိုး**

## ဟိုမိန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့က အိမ်ထောင်စု ၁၅၀၀ နှင့် ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ကုန်များလှူဒါန်း

**ဟိုမိန်း မေ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးကာလအတွင်း ဒေသအတွင်းရှိ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ ဟိုမိန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့က ဟိုမိန်းမြို့ပေါ်နှင့် ကျေးရွာများရှိ အိမ်ထောင်စုများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်း ခြောက်မျိုး ထောက်ပံ့လှူဒါန်းခြင်းကို ယမန်နေ့ကစတင်ပြီး အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် စတင်ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

### ထောက်ပံ့မှု ခြောက်မျိုး

အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်းမှုကို အလှူရှင် ဟိုမိန်းပြည်သူ့စစ် (ဌာနေ) အဖွဲ့ ဥက္ကဋ္ဌ ဦးမဟာဂျာ-ဒေါ်နန်းခမ်းလီ (S.S.S) မိသားစုက ဟိုမိန်းမြို့ပေါ်အမှတ်(၁/၂/၃) ရပ်ကွက်များနှင့် မယ်အောကျေးရွာအုပ်စု၊ နောင်အောကျေးရွာအုပ်စုနှင့် ခုံလုံကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၁၅၀၀ နှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆီတစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန် တစ်ပိဿာ၊ ခရမ်းချဉ်သီးတစ်ပိဿာ၊ အာလူး တစ်ပိဿာ၊ ကုလားပဲ တစ်ပိဿာ စသည့် ထောက်ပံ့မှု ခြောက်မျိုးကို ဟိုမိန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့က ဦးဆောင်၍ ထောက်ပံ့ပေးခဲ့သည်။ **(ယာပုံ)**

### ထောက်ပံ့လှူဒါန်းပေးမည်

အဆိုပါ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ကျန်ရှိနေသည့် ကျေးရွာအုပ်စု သုံးစုအတွင်းရှိ မိသားစုဝင်များထံ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**





ခရမ်းမြို့နယ် ရေကျော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ မေ ၁၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ရေကျော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း၌ ပိုးသတ်ဆေးပက်ဖျန်းခြင်း ဆောင်ရွက်စဉ်။ ကိုရဲ

## ချင်းပြည်နယ်အတွင်း အခြေခံလူတန်းစားများအား ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်း အခု ၅၀၀ အခမဲ့ဖြန့်ဝေ

**ဟားခါး မေ ၁၆**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း အခြေခံလူတန်းစားများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ ညွှန်ကြားမှုနှင့်အတူ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း (ဟားခါး) တို့ ပူးပေါင်း၍ ချုပ်လုပ်ထားသည့် နှာခေါင်းစည်းများနှင့် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၉ နာရီခွဲက ဟားခါးမြို့ပေါ်ရှိ မြို့မစည်ပင်ဈေး၊ ရာတွင်းဈေးနှင့် လမ်းဆုံနေရာများတွင် အခြေခံလူတန်းစားများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများသည် သုံးလွှာပါ ပြန်လည် လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများဖြစ်ကာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်အတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်း (ဟားခါး)မှ သင်တန်းနည်းပြဆရာ ဆရာမများက ဧပြီ ၄ ရက်မှစတင်၍ ချုပ်လုပ်ခဲ့ရာ ဧပြီ ၁၅ ရက်တွင် ချုပ်လုပ်ပြီးစီးခဲ့ပြီး အခြေခံလူတန်းစားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး အသုံးပြုနိုင်ရန်အတွက် ယနေ့တွင် နှာခေါင်းစည်း စုစုပေါင်း အခု ၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း ဟားခါးမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ယဉ်မေသွယ်၏ ပြောကြားချက်အရ သိရသည်။

**အောင်ခိုရိန်း (ပြန်/ဆက်)**

# ထိုင်းနိုင်ငံတွင်ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့်လွှဲပြောင်း

ကော့သောင်း မေ ၁၆

**ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၂၀ တို့ကို ထိုင်းနိုင်ငံ ရနောင်းမြို့မှ တာဝန်ရှိသူများက ရေလမ်းခရီးဖြင့် မြန်မာနိုင်ငံ ကော့သောင်းမြို့မဆိပ်ကမ်းတံတားမှတစ်ဆင့် ယမန်နေ့က လာရောက်လွှဲပြောင်းပေးသည်။**

ထိုင်းနိုင်ငံအတွင်း ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသူ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှ ယခင်ကတည်းက လာရောက်လွှဲပြောင်းပေးအပ်လေ့ရှိပြီး ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကာလဖြစ်နေသဖြင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ကြန့်ကြာနေခဲ့ခြင်းဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် လာရောက်လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။




မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကော့သောင်းမြို့သို့ ရေကြောင်းမှတစ်ဆင့် ပြန်လည်ရောက်ရှိလာစဉ်။

လာရောက်လွှဲပြောင်းပေးအပ်သည့် အလုပ်သမားများအား ခရိုင်နှင့်မြို့နယ် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိ NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်းရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိမရှိ စစ်ဆေးခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးသည်။

လွှဲပြောင်း ပေးအပ်သူများမှာ ကချင်ပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ငါးဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၇၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခြောက်ဦး၊ မကွေးတိုင်းဒေသကြီးမှတစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှနှစ်ဦး၊ မွန်ပြည်နယ်မှ ၃၁ ဦး၊ ရခိုင်ပြည်နယ်မှ ၄၁ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှလေးဦး ဖြစ်သည်။

အဆိုပါ အလုပ်သမားများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကော့သောင်းဒေသခံ အလုပ်သမား၅၃ဦးအားကော့သောင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက်နှင့် အိမ်တွင်အသွားအလာကန့်သတ်ခြင်း ခုနစ်ရက်ထားရှိ စောင့်ကြည့်မည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်နှင့်မြိတ်မြို့များမှ အလုပ်သမားများအပါအဝင် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အလုပ်သမား ၁၂၅ ဦးကို ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်းရှိ သတ်မှတ်နေရာ အဆောက်အအုံများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးသို့ မော်တော်ယာဉ်လိုင်းများ မေ ၁၆ ရက်၌ စတင်ပြေးဆွဲ

မကွေး မေ ၁၆

မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်လိုင်းများကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်သို့ပြေးဆွဲခွင့် မပြုသေးသော်လည်း တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးသို့ မော်တော်ယာဉ်လိုင်းများ ယနေ့မှစတင်၍ ပြေးဆွဲသည်။

''ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် မကွေးမြို့ကားကြီးကွင်းမှ ယာဉ်လိုင်းကို ဧပြီ ၁၀ ရက်က တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး ပြင်ပပြေးဆွဲနေတဲ့ ခရီးသည်ယာဉ်လိုင်းတွေကို ယာယီပိတ်ခဲ့တာပါ။ တိုင်းဒေသကြီးအတွင်း ပြေးဆွဲမယ့် ယာဉ်လိုင်းတွေအနေနဲ့ နှစ်ယောက်ခုံတစ်ခုံကို ခရီးသည်တစ်ယောက်သာ တင်ရမှာဖြစ်ပြီး ယာဉ်စီးခအနေနဲ့ ခရီးသည်တစ်ဦး တစ်ဆခွဲတိုးကောက်ခံမှာပါ။ ခရီးသည်ရော ကားမောင်းတဲ့သူပါ နှာခေါင်းစည်းတပ်ရမှာဖြစ်ပါတယ်'' ဟု ပုဂ္ဂလိကပိုင်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

အဆိုပါ မော်တော်ယာဉ်လိုင်းပြေးဆွဲမှု ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းများနှင့်အညီ ယာဉ်တစ်စီး၏ ထက်ဝက်နှုန်းဖြင့် ခရီးသည်များ သွားလာမှုအဆင်ပြေစေရန် ပြေးဆွဲရမည်ဖြစ်ပြီး ပြေးဆွဲမည့်မော်တော်ယာဉ်များသည် နံနက် မိုးလင်းချိန်မှ ညနေအထိ ပြေးဆွဲရန် သတ်မှတ်ထားကာ ယာဉ်စီးခကို ယခင်သတ်မှတ်ထားသည့် နှုန်းထားထက် တစ်ဆခွဲ သတ်မှတ်၍ မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီမှ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်ဂိတ်များအားလုံးတွင် လက်ဆေးကန်များ ဆောင်ရွက်ထားရှိရေး၊ ယာဉ်များပေါ်တွင် လက်သန့်ဆေးရည်များထားရှိရေးနှင့် ခရီးသည်တစ်ဦးလျှင် နှာခေါင်းစည်း တစ်ခုစီအခမဲ့ပေးဝေနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် မကွေးအခြေပြု ယာဉ် ၃၈ သင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ခြားပြေးဆွဲနေသော မော်တော်ယာဉ် ၅၄ သင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်ပြေးဆွဲသည့် မော်တော်ယာဉ် ၄၁ သင်းရှိပြီး မော်တော်ယာဉ်လိုင်းများကို စည်းကမ်းချက်များနှင့်အညီ ယာဉ်လိုင်း ပြေးဆွဲဆောင်ရွက်မှုကို မော်တော်ယာဉ်လိုင်းကြီးကြပ်မှုကော်မတီကစိစစ်ကာ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဆက်လက်ပြေးဆွဲနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆- ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၀ | ကျပ် | ၄၆၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၀ | ကျပ် | ၄၇၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၃၀/၃၆၀ | ကျပ် | ၄၀၀/၄၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၇၀/၅၀၀ | ကျပ် | ၅၂၅/၅၅၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၇၅၁ | ၇၈၈၅၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၂၆၃၁ | ၉၆၀၄၁၅၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၁၈၅ | ၁၅၁၈၈၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၁၁၄၁ | ၂၇၀၅၉၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၃၅ | ၃၇၁၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။




**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**


**မြန်မာ့အလင်း**


| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS



**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm





ကာတွန်း စမ်းချောင်းကိုကိုအောင်








လမ်းထိပ်မှာ မုန့်သွားဝယ်လိုက်ဦးမယ်...မေမေ
စတေးအက်ဟူမ်း လေ... သားရဲ့။ အပြင်ကိုမထွက်ရဘူး။ ကိုဗစ်ကြီးစောင့်နေတယ်...
ဒါဆို...ဝတွတ်အိမ်ကိုသွားမယ်လေ မေမေ...နော်...
စတေးအက်ဟူမ်း ပါလို့ဆိုနေ...၊တော်ကြာ ကိုဗစ်နဲ့တွေ့သွား မယ်နော်...
ဒါဖြင့်လဲ... ပန်းခြံမှာပဲသွားကစားတော့မယ်...
နိုး...အိမ်မှာပဲနေရမယ်။ တော်ကြာ ကိုဗစ်ကြီး လိုက်လာမှဖြင့်...
အဲဒီကိုဗစ်ကြီးကဘယ်တော့မှထွက်သွားမှာလဲ မေမေ။ သားပျင်းလှပြီ...
လူတွေအားလုံး တတ်နိုင်သလောက် အပြင်မထွက်ဘဲအိမ်မှာနေကြမှ သူကူးစက်လို့ရမယ့်သူမရှိတော့ဘဲထွက်သွားမှာ...သားရဲ့...

သိမှတ်စရာအဖြာဖြာ (General Knowledge)

# မုန်တိုင်းကြီးတွေတိုက်လာပြီဆိုရင်

ကေ - ဂျူဝယ်လ်



**ကလေးတို့ မုန်တိုင်းကြီးတွေရဲ့ ဘေးအန္တရာယ်ကို ကြုံဖူး၊ ကြားဖူးကြသလား။ သိပ်ကိုကြောက်စရာကောင်းပြီး ကြမ်းတမ်းတဲ့ မုန်တိုင်းတွေဟာ အိမ်တွေ၊ သစ်ပင်တွေ၊ ကားတွေ၊ လူတွေနဲ့ တိရစ္ဆာန်လေးတွေအားလုံးကို ရက်ရက်စက်စက်နဲ့ ပျက်စီးအောင် လုပ်နိုင်စွမ်းရှိကြတာကွဲ့။**

မုန်တိုင်းလို့ပြောလိုက်ရင် မိုးတွေရွာတာ၊ လေတွေတိုက်တာမျိုးတင် မဟုတ်ပါဘူး။ မိုးကြိုးမုန်တိုင်း၊ လေမုန်တိုင်း၊ ရေခဲမုန်တိုင်း၊ နှင်းမုန်တိုင်း၊ မီးမုန်တိုင်း၊ သဲမုန်တိုင်း၊ လေနီကြမ်း၊ လေဆင်နှာမောင်း စတဲ့ အခြား မုန်တိုင်းအမျိုးအစား သဘာဝဘေးအန္တရာယ်တွေလည်း ရှိပါသေးတယ်။

မမတို့နိုင်ငံမှာ အများသိကြတဲ့ ထင်ရှားပြီး စိတ်မကောင်းစရာကောင်းလောက်အောင် လူတွေအများကြီးကို စိတ်ဆင်းရဲအောင်လုပ်ခဲ့တဲ့ မုန်တိုင်းကတော့ နာဂစ်ဆိုတဲ့ မုန်တိုင်းပေါ့။ ၂၀၀၈ ခုနှစ် အခုလို မေလမှာ တိုက်ခတ်ခဲ့တာ အခုဆိုရင် ၁၂ နှစ်တောင်ကြာခဲ့ပြီ။ မမတို့အတွက်တော့ အဲဒီနာဂစ်က မမေ့နိုင်စရာကောင်းပြီး ကြောက်စရာလည်း သိပ်ကောင်းခဲ့တာပဲ။ လေတွေက တဝုန်းဝုန်းတိုက်ခတ်ပြီး မိုးတွေကလည်း သဲသဲမဲမဲရွာချနေတာ။ အိမ်အမိုးတွေက ငှက်ကြီးတွေလို လေမှာ ပျံဝဲနေကြပြီး မမတို့တစ်အိမ်လုံး ရေတွေနဲ့ပြည့်နေတာပေါ့။ မမတို့ ရန်ကုန်မြို့ထက် နာဂစ်မုန်တိုင်းကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက အများဆုံးတွေ့ကြုံခံစားခဲ့ကြတယ်။ မုန်တိုင်းကြောင့် လူတွေသေ၊ တိရစ္ဆာန်လေးတွေသေကျေပြီး စိုက်ပျိုးထားတဲ့ စပါးတွေ၊ ကောက်ပဲ သီးနှံတွေပျက်စီး၊ အိမ်ကလေးတွေ ပြိုလဲလို့ နေစရာ၊ စားစရာ၊ ဝတ်စရာ ဘာမှမကျန်တော့အောင် ဖြစ်ခဲ့ရတဲ့သူတွေ အများကြီးရှိခဲ့တယ်။ ပြောရရင်တော့ မုန်တိုင်းဆိုတာနဲ့ သိပ်တော့မကောင်းတော့ဘူး ကလေးတို့ရေ။ ဒါပေမယ့် ကလေးတို့အတွက် ဒီတစ်ပတ်မှာ မမက မုန်တိုင်းကြီးတွေရဲ့ အကြောင်းကို နည်းနည်းပြောပြချင်ပါတယ်။ ဒါမှ ကလေးတို့ မတော်တဆကြုံတွေ့ခဲ့မယ်ဆိုရင် ကြိုတင်ပြင်ဆင်လို့ ရမှာပေါ့နော်။



အမှန်တော့ မုန်တိုင်းအမျိုးအစား အများကြီးရှိတဲ့အထဲက မမပြောချင်တဲ့မုန်တိုင်းကတော့ လေမုန်တိုင်းအကြောင်းပေါ့။ လေမုန်တိုင်းဆိုတာ သမုဒ္ဒရာထဲမှာ လေဖိအားတွေများပြီး လေထုအစိုင်အခဲကြီးက ရွေ့လျားဖြတ်သန်းသွားတာကို ခေါ်တာပါ။ လေမုန်တိုင်းကို ကမ္ဘာပေါ်မှာ သတ်မှတ်တဲ့အခေါ်အဝေါ် သုံးခုရှိတယ်။ မမတို့နိုင်ငံနဲ့နီးတဲ့ အိန္ဒိယသမုဒ္ဒရာနဲ့ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှာ ဖြစ်တဲ့မုန်တိုင်းတွေကို ဆိုင်ကလုန်းမုန်တိုင်းလို့ခေါ်ကြတယ်။ အနောက်ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်လာတဲ့ မုန်တိုင်းကို တိုင်ဖွန်းလို့ခေါ်ပြီး အနောက်အတ္တလန္တိတ်သမုဒ္ဒရာနဲ့ အရှေ့ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်ရင်တော့ ဟာရီကိန်းလို့ ခေါ်ကြပါတယ်။

မုန်တိုင်းတစ်ခု အစပြုလာတာနဲ့ မိုးလေဝသပညာရှင်တွေက အဲဒီမုန်တိုင်းကို နာမည်တွေပေးကြတာပေါ့။ ဥပမာပြောရရင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဆိုပြီးပေါ့။ လေမုန်တိုင်းတွေဟာ ပင်လယ်သမုဒ္ဒရာတွေမှာ အစပြုပါတယ်။နေပူရှိန်ကြောင့် ပင်လယ်ရေပြင် ပူနွေးပြီး သမုဒ္ဒရာရဲ့အထက်မှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာတယ်။ သူက အင်အားများလာလေလေ မုန်တိုင်းက ပြင်းထန်လေလေပေါ့။ နာဂစ်မုန်တိုင်း မမတို့နိုင်ငံကို ဝင်လာတဲ့အခါ တစ်နာရီကို မိုင် ၁၂၀ နှုန်းနဲ့ တိုက်ခတ်သွားခဲ့တာ။ ကမ္ဘာပေါ်က အချို့မုန်တိုင်းကြီးတွေဟာလည်း တစ်နာရီကို မိုင် ၂၀၀ နီးပါးလောက်အထိကို တိုက်ခတ်ခဲ့ကြတာပေါ့။ မုန်တိုင်းကျတဲ့အခါ ကောင်းကင်ကြီးမှာ မည်းမှောင်တဲ့ တိမ်တွေပြည့်လာပြီး မိုးတွေရွာ၊ မိုးကြိုးတွေပစ်နဲ့ လေတွေကလည်း ဝေ့ဝိုက်တိုက်ခတ်တာမို့ သစ်ပင်တွေ၊ အိမ်တွေအားလုံး ပြိုလဲကုန်တာပေါ့။

မတော်လို့များ ကလေးတို့က မုန်တိုင်းတွေနဲ့ ကြုံလာမယ်ဆိုရင် မိုးလေဝသဌာနက ထုတ်ပြန်တဲ့သတင်းတွေကို အဆက်မပြတ်နားထောင်ပါ။ အိမ်မှာပဲနေပြီး စားစရာ၊ ရေသန့်နဲ့ ဆေးဝါးတွေကို စုဆောင်းထားဖို့ လိုပါတယ်။ လိုအပ်မယ်ဆိုရင် ဘေးကင်းတဲ့နေရာကို အချိန်မီရွှေ့ပြောင်းသွားရမှာဖြစ်သလို လျှပ်စစ်ကြိုးတွေနဲ့လည်း ရှောင်ရှားရမယ်။ လူကြီးတွေအနားမှာပဲနေထိုင်ပြီး အိမ်မှာဆိုရင်လည်း ပြတင်းတံခါးတွေကို လေဝင်တဲ့အခါ တစ်ဖက်က ပြန်ထွက်သွားနိုင်အောင် ဖွင့်ထားဖို့လိုပါတယ်။ အသက်ကယ်ဝတ်စုံတွေ၊ လေဖောကွင်းတွေကို ဆောင်ထားဖို့လိုပြီး ဘာမှမရှိရင်တောင် ရေသန့်ဘူးခွံတွေကိုစုပြီး ရေပေါ်မှာအသက်ကယ်ဇောအဖြစ် အသုံးပြုနိုင်အောင် ပြင်ဆင်ထားဖို့လိုပါတယ်။ ကဲ - ကြောက်စရာကောင်းတဲ့ မုန်တိုင်းတွေဘေးကနေ ကလေးတို့ အမြဲကင်းဝေးပါစေလို့ မမက ဆုတောင်းပေးပါတယ်နော်။ နောက်တစ်ပတ်ကြမှ ပြန်တွေ့မယ်နော်။

လောကဝတ် (Etiquette)

# ကျောင်းသွားကြရမယ်

❒ မမမေ ❒



**မင်္ဂလာပါကလေးတို့ရေ။ လာမယ့် ဇွန်လက ကလေးတို့စာသင်ကျောင်းတွေ ဖွင့်မယ့်ကာလပေါ့။ အခုအချိန်မှာတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းတက်ဖို့ နည်းနည်းလည်း နောက်ကျနိုင်တာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးတို့ကတော့ ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်လေ။ ဒါကြောင့် ကျောင်းတက်ရတဲ့အခါ ကလေးလေးတို့ သတိပြုသင့်တဲ့ အရာလေးတွေကို မမက လောကဝတ်သင်ခန်းစာလေးအနေနဲ့ မျှဝေလိုပါတယ်။**

**ဘာသာတိုင်းကို ချစ်ပါ**

ကလေးတို့သင်ရမယ့် ဘာသာတွေကိုရော သိပြီးကြပြီလား။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ ဘဝတွက်တာ၊ အထွေထွေသိပ္ပံ၊ ဂီတ၊ စာရိတ္တ၊ နီတိ တော်တော်လေးကို များတာနော်။ ကလေးတို့က ဘာသာရပ်တွေမှာ ဘာကို အကြိုက်ဆုံးလဲ။ တစ်ယောက်နဲ့ တစ်ယောက်တော့ တူကြမယ်မထင်ပါဘူးနော်။ မမကတော့ မြန်မာစာကို အကြိုက်ဆုံးပါ။ ဒါကြောင့်လည်း စာတွေရေးနေရတာ ထင်ပါရဲ့။ ဥပမာပြောရရင် သင်္ချာဝါသနာပါတဲ့ ကလေးတွေဟာ ကြီးလာတဲ့အခါ သင်္ချာပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ ဖြစ်လာတတ်သလို သိပ္ပံပညာတွေ စိတ်ဝင်စားရင်တော့ သိပ္ပံပညာရှင်ကြီးတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ကလေးဘဝကတည်းက ကိုယ်ဝါသနာပါတာကို စဉ်းစားကြည့်ဖို့လိုတာပေါ့။ တစ်ဖက်မှာလည်း တစ်ခုတည်းထူးချွန်လို့တော့ မရပါဘူးနော်။ ဘာသာရပ်တိုင်း ထူးချွန်မှသာ ကလေးတို့အနာဂတ်က သာယာလှပမှာပါ။ ဒါကြောင့် ဘာသာရပ်အားလုံးကို ချစ်ပါ၊ လေ့လာပါ၊ ထူးချွန်အောင်လုပ်ပါလို့ မမက အကြံပြုတယ်နော်။

**ဆရာကိုလေးစား၊ သူငယ်ချင်းအပေါ်နားလည်**

စာနာနားလည်မှု၊ လေးစားချစ်ခင်မှုဆိုတာတွေက ကလေးတို့အရွယ်တွေမှာလည်း အထူးကိုလိုအပ်ပါတယ်။ ဆရာတွေအပေါ် လေးလေးစားစားနဲ့ ဆက်ဆံရမှာဖြစ်သလို ဆိုဆုံးမတဲ့အခါ လိုက်နာမှသာ ကလေးတို့ ထူးချွန်ထက်မြက်လာမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း သူငယ်ချင်းတွေရဲ့ အားနည်းချက်တွေကို နားလည်ခွင့်လွှတ်ပေးရင်း ကလေးတို့ရဲ့ လောကဝတ်လေးတွေကို လိုက်နာခြင်းနဲ့ အပြန်အလှန်ချစ်ခင်မှုကို ရရှိကြပါစေ။

**အကြွေးမထားပါနဲ့**

အကြွေးဆိုတာ ကြားဖူးတယ်မလား။ သူများပစ္စည်း၊ သူများဥစ္စာ၊ ငွေကြေးတွေကို ခဏယူသုံးရတာကို ခေါ်တာပေါ့။ စာမှာလည်း အကြွေးရှိတယ်ဆိုတာသိကြသလား။ ကျောင်းကနေ သင်ပေးလိုက်တဲ့စာတွေကို နားမလည်ဘူးဆိုရင် နားလည်အောင်ဖတ်တာ၊ ကျက်မှတ်တာ၊ အိမ်စာတွေကို ပြီးအောင်လုပ်တာတွေက အကြွေးမထားတဲ့သူတွေပေါ့။ စာကြွေးတွေမထားဘဲ ကလေးတို့ အချိန်မှန်စာဖတ်၊ လေ့လာ၊ ကျက်မှတ်ကြဖို့ လိုတယ်လို့ပြောရင်း နိဂုံးချုပ်ပါရစေ။ နောက်တစ်ပတ်မှာ ဆုံကြမယ်နော်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်အတွင်း ကျန်းမာရေးစစ်တမ်း ကောက်ယူနေမှု လှည့်လည်ကြည့်ရှု

**လှိုင်သာယာ မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးစစ်တမ်း ကောက်ယူခြင်း(သို့) ကူးစက်ရောဂါရှာဖွေ စုံစမ်းဖော်ထုတ်ခြင်းလုပ်ငန်းကို ယနေ့နံနက်က စတင်ဆောင်ရွက်သည်။

ကိုဗစ်-၁၉ သည် လူစုလူဝေးများပြားရာနေရာများတွင် လျင်မြန်စွာကူးစက်နိုင်သည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်အတွင်းရှိ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်၊ ချန်းရိစက်ရုံ၊ ညောင်ရွာ၊ ရေဥက္ကံ၊ အတွင်းပဒံကျေးရွာ၊ အပြင်ပဒံကျေးရွာ၊ ကုလားကြီးစုကျေးရွာတို့တွင် ကျန်းမာရေးစစ်တမ်းများ ကောက်ယူလျက်ရှိရာ အမှတ် (၁၀) ရပ်ကွက်နှင့် ကိုဗစ်- ၁၉ ပိုးလူနာတွေ့ရှိခဲ့သည့် ချန်းရိစက်ရုံတို့တွင် ကျန်းမာရေးစစ်တမ်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(ယာပုံ)**

ကျန်းမာရေးစစ်တမ်းကောက်ယူရာတွင် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ အမှတ်(၆)စစ်မြေပြင် ဆေးတပ်ရင်း ဒုတိယဗိုလ်မှူး အောင်ပြည့်နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြသန္တာဝင်း၊ နိုင်လင်း(ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးသုံးပစ္စည်းများ လာရောက်လှူဒါန်း

**ပဲခူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Myanmar Carlsberg Co., Ltd. မှ ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၅ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

Myanmar Carlsberg Co., Ltd. Managing Director- Christoph Vavrik က ထောက်ပံ့လှူဒါန်းရခြင်း ရှင်းလင်းပြောကြားခဲ့ပြီး ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လက်ဆေးရည်ဘူး ၈၃၀ နှင့် နှာခေါင်းစည်း အခု ၅၀ ပါသည့် ဘူးပေါင်း ၃၇၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း လှူဒါန်းမှုအားလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

## ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု ခြောက်စုအား ထောက်ပံ့

**ရေစကြို မေ ၁၆-** ရေစကြိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူးရုံးမှ တာဝန်ရှိသူများ ယမန်နေ့က အောင်ပန်းချောင်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုခြောက်စု၏ လူနေအိမ်ခြောက်လုံး၊ လူဦးရေ ၃၂ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ခြောက်သိန်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၆၇၂၀၀ တို့ကို ရေစကြိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း

**လွိုင်ကော် မေ ၁၆**

ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခင်အစည်းအဝေး ညှိနှိုင်းဆွေးနွေးချက်များအရ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှု ရရှိသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးများက အလေးထား၍ လုပ်ငန်းများကို ဆောင်ရွက်ပေးမှုများကြောင့် အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းပေးစေလိုကြောင်း၊ ကန့်သတ်ထားမှုများအား မေ ၁၅ ရက်မှ ၃၁ ရက်အထိ တိုးမြှင့်ထားပြီး ညမထွက်ရအမိန့်တွင်လည်း ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ ဖြေလျှော့ခဲ့ကြောင်း၊ သက်တမ်းတိုးဆောင်ရွက်မှုအနေဖြင့် မိမိတို့ပြည်နယ်တွင်လည်း ထုတ်ပြန်ထားသည့် အမိန့်ကြေညာချက်များကို ထပ်မံထုတ်ပြန်ရမည်ဖြစ်ရာ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုစေ လိုကြောင်း၊ ယခုထုတ်ပြန်မည့် အမိန့်ကြေညာချက်တွင်လည်း ပိုမိုကောင်းမွန်ပြီး ပြည်သူများ နားလည်သဘောပေါက်လွယ်အောင် ထုတ်ပြန်နိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ထပ်မံ၍ ပြင်ဆင်ထုတ်ပြန်မည့် ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက လိုအပ်သည်များ ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

**ထွန်းလေး(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လုပ်ငန်းညှိနှိုင်းစည်းဝေးတွင် အမှာစကားပြောကြားစဉ်။

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သောက်သုံးရေပြတ်လပ်သည့် မင်းကံကြီးတဲတိုက်သို့ သောက်သုံးရေလှူဒါန်း

**မြို့သစ် မေ ၁၆**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် နှစ်စဉ်နွေရာသီရောက်တိုင်း အပူရှိန်မြင့်မားကာ သောက်သုံးရေရှားပါး ပြတ်လပ်မှုများ ကြုံတွေ့နေရသည့် မြို့သစ်မြို့နယ် ရေပြည့်အုပ်စု မင်းကံကြီးတဲတိုက်သို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို ယနေ့နံနက်ပိုင်းက သောက်သုံးရေများသွားရောက်လှူဒါန်းပေးခဲ့သည်။

**စုစုပေါင်းရေဂါလန် ၆၀၀၀ လှူဒါန်း**

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးမြို့ အောင်မြေပရဟိတရေလှူအဖွဲ့က ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် စုစုပေါင်းရေဂါလန် ၆၀၀၀ ကို ရေပြည့်အုပ်စု မင်းကံကြီး တဲတိုက်နေပြည်သူများထံသို့ လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

မင်းကံကြီး တဲတိုက်တွင် အိမ်ခြေ ၄၂ အိမ် အိမ်ထောင်စု ၄၂ စု လူဦးရေ စုစုပေါင်း ၁၆၀ နေထိုင်ကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**



## ဘီးလင်းမြို့နယ်ရှိ ကျေးရွာငါးရွာတွင် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်

**ဘီးလင်း မေ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအား ကျေးရွာငါးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာ တစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျောက်လုံးကြီးကျေးရွာ ရွာတွင်းလမ်းခင်းခြင်း၊ ဘဲလင်းနို့ကျေးရွာ အဝင်လမ်း ကျောက်ရောမြေခင်းခြင်း၊ လယ်စောလေ့ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း၊ မဲပလီကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ မေ ၁၄ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှ အဆက်*

၅။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–
- (က) ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- ( ခ ) ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်လိုသူကို လိုင်စင်ချပေးခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- ( ဂ ) ဆေးပစ္စည်းကိရိယာများကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- (ဃ) ဆေးပစ္စည်းကိရိယာများဓာတ်ခွဲစစ်ဆေးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- ( င ) ဆေးပစ္စည်းကိရိယာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံနိုင်ရန် အလို့ငှာ ကောင်းမွန်သော ကျင့်စဉ်များ သတ်မှတ်ခြင်းနှင့် အသေးစိတ်အချက်အလက်များ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- ( စ ) ဆေးပစ္စည်းကိရိယာ၏ အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းတို့နှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊
- (ဆ) ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊
- ( ဇ ) လိုအပ်ပါက ဆေးပစ္စည်းကိရိယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ဗဟိုဆေးပစ္စည်းကိရိယာကြီးကြပ်ကွပ်ကဲရေး ကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဆေးပစ္စည်းကိရိယာကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၆။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)
## ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –
- (က) အာဏာပိုင်အဖွဲ့၏ မူဝါဒနှင့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ( ခ ) ဆေးပစ္စည်းကိရိယာ ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်၍ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၅)
## ဆေးပစ္စည်းကိရိယာများကို အမျိုးအစားခွဲခြားခြင်း

၈။ ဦးစီးဌာနသည် ဆေးပစ္စည်းကိရိယာများကိုလည်းကောင်း၊ တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာကိုလည်းကောင်း သီးခြားခွဲ၍ အမျိုးအစား သတ်မှတ်ရမည်။

၉။ ပုဒ်မ ၈ အရ အမျိုးအစားခွဲခြားရာတွင် ဒေသတွင်းနိုင်ငံများ၏ သတ်မှတ်ချက်နှင့်အညီ အောက်ပါအချက်များကိုအခြေခံ၍ သတ်မှတ်ရမည် –
- (က) လူနာနှင့်ဆေးပစ္စည်းကိရိယာကို ကိုင်တွယ်အသုံးပြုသူ၊ သုံးစွဲသူတို့၏ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည့် အတိုင်းအတာ အခြေအနေ၊
- ( ခ ) လူ၏ခန္ဓာကိုယ်ပြင်ပ သို့မဟုတ် ခန္ဓာကိုယ်အတွင်း၌အသုံးပြုမှု၊
- ( ဂ ) လူ၏ခန္ဓာကိုယ်အတွင်း အသုံးပြုမည့်နေရာ၊
- (ဃ) အသုံးပြုရမည့် အချိန်ကာလကြာမြင့်မှုနှင့် အသုံးပြုနိုင်မှု သက်တမ်း။

၁၀။ ဦးစီးဌာနသည် နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပိုသောနည်းလမ်းများဖြင့် ရည်ရွယ်သုံးစွဲနိုင်သည့် ဆေးပစ္စည်းကိရိယာကို အဓိကအကျဆုံး အသုံးပြုသည့် ရည်ရွယ်ချက်ပေါ်မူတည်၍ အမျိုးအစားခွဲခြား သတ်မှတ်ရမည်။

## အခန်း (၆)
## ဘေးအန္တရာယ်ကင်းရှင်းမှုနှင့်စွမ်းဆောင်နိုင်မှုဆိုင်ရာအခြေခံမှုများ
## (Essential Principles of Safety and Performance)

၁၁။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စွမ်းဆောင်နိုင်မှုနှင့် အရည်အသွေးအာမခံနိုင်မှု သက်တမ်းတို့အတွက် အဓိကလိုအပ်သော အခြေခံမှုများ၊ အချက်အလက်များကို သတ်မှတ်ရမည်။

၁၂။ ဦးစီးဌာနသည် ပြည်တွင်း၌ဈေးကွက်တင်ရောင်းချမည့် ဆေးပစ္စည်းကိရိယာများကို ပုဒ်မ ၁၁ နှင့် ၁၃ အရ သတ်မှတ်ထားသော အချက်အလက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရမည်။

## အခန်း (၇)
## အရည်အသွေးကိုက်ညီမှုအကဲဖြတ်ဆန်းစစ်ခြင်း
## (Conformity Assessment)

၁၃။ ဦးစီးဌာနသည် ဆေးပစ္စည်းကိရိယာများ၏ အရည်အသွေးကိုက်ညီမှုရှိ၊ မရှိစနစ်တကျ အကဲဖြတ်ဆန်းစစ်နိုင်မည့် အချက်အလက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ပြောင်းလဲသတ်မှတ်ထုတ်ပြန်ရမည်။

၁၄။ ဆေးပစ္စည်းကိရိယာထုတ်လုပ်သူ၊ မူလပိုင်ရှင် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ် သို့မဟုတ် ဖြန့်ဖြူးရောင်းချသူသည် ဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စွမ်းဆောင်နိုင်မှု၊ အရည်အသွေးအာမခံနိုင်မှု သက်တမ်းတို့နှင့်စပ်လျဉ်း၍ အဓိကလိုအပ်သော အခြေခံမှုများ၊ အချက်အလက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှုနှင့် အရည်အသွေးသင့်လျော်ကိုက်ညီမှုရှိကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် ဦးစီးဌာနသို့ ပုံမှန်တင်ပြသည့် စာတွဲပုံစံပါအတိုင်း တင်ပြရမည်။

၁၅။ ဦးစီးဌာနသည် နိုင်ငံတကာအသိအမှတ်ပြုအရည်အသွေးကိုက်ညီမှု စစ်ဆေးသောအဖွဲ့များ၏ ထောက်ခံချက်များကို စိစစ်လက်ခံနိုင်သည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၁၆။ အောက်ဖော်ပြပါ ဆေးပစ္စည်းကိရိယာများကို မှတ်ပုံတင်လျှောက်ထားသူသည် သက်ဆိုင်ရာဆေးပစ္စည်းကိရိယာအလိုက် သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ မှတ်ပုံတင်လက်မှတ်ရရှိရန် ဦးစီးဌာနသို့လျှောက်ထားရမည်–
- (က) ဆေးပစ္စည်းကိရိယာ၊
- ( ခ ) တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာ၊
- ( ဂ ) ရောဂါရှာဖွေရန် လူ၏ခန္ဓာကိုယ်ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် အသုံးပြုသော ဆေးပစ္စည်းကိရိယာ၊
- (ဃ) ပြုပြင်ထားသော ဆေးပစ္စည်းကိရိယာ၊
- ( င ) ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုအတွက် ရည်ရွယ်သော ဆေးပစ္စည်းကိရိယာ၊
- ( စ ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းသော ဆေးပစ္စည်းကိရိယာ။

၁၇။ ဦးစီးဌာနသည်–
- (က) ပုဒ်မ ၁၆ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနက သတ်မှတ်သော အခကြေးငွေပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရမည်၊
- ( ခ ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရလျှင် သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်၊
- ( ဂ ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကို ဖော်ပြ၍ မှတ်ပုံတင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်၊
- (ဃ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရသော ဆေးပစ္စည်းကိရိယာကို ဈေးကွက်တွင်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းကိုဖြစ်စေ၊ သတ်မှတ်သည့်နည်းလမ်းဖြင့် ကွပ်ကဲထိန်းချုပ်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရမည်။

၁၈။ ဦးစီးဌာနသည် လူနာ၏လိုအပ်ချက်အရ သီးသန့်ပြုလုပ်ဖန်တီးထားသော ဆေးပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်ညီညွတ်လျှင်မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

၁၉။ ဦးစီးဌာနသည် –
- (က) သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သို့မဟုတ် ဝန်ကြီးဌာနနှင့် သဘောတူညီချက်ရယူထားသော သင်ကြားကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်ကြောင်း ပေါ်ပေါက်ပါက မှတ်ပုံတင်ထားခြင်းမရှိသော ဆေးပစ္စည်းကိရိယာကို ပြည်တွင်း၌အသုံးပြုရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယာယီအသုံးပြုခွင့်ကို ကာလသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊
- ( ခ ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့လှူဒါန်းသော ဆေးပစ္စည်းကိရိယာများသည်လည်းကောင်း၊ စီမံချက်လုပ်ငန်းများအတွက် ဝယ်ယူလှူဒါန်းသော ဆေးပစ္စည်းကိရိယာများသည်လည်းကောင်း ဦးစီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိပါက ပြည်တွင်း၌ လက်ခံမည့်ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းများသည် ယင်းဆေးပစ္စည်း ကိရိယာများကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားရမည်၊
- ( ဂ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသောကာလအတွင်း ဆေးပစ္စည်းကိရိယာ၏ အရည်အသွေးကိုက်ညီမှု သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ယာယီအသုံးပြုခွင့်ကို ချက်ချင်းရပ်ဆိုင်းစေရမည်။

၂၀။ ပုဒ်မ ၁၉ (က)အရ ယာယီအသုံးပြုခွင့်ကာလ ကုန်ဆုံးပြီးသော ဆေးပစ္စည်းကိရိယာနှင့် စပ်လျဉ်း၍ ဆက်လက်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

## အခန်း (၉)
## လိုင်စင် သို့မဟုတ် ထောက်ခံချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၁။ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန်သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၂။ ဦးစီးဌာနသည် –
- (က) ပုဒ်မ ၂၁ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနက သတ်မှတ်သော အခကြေးငွေပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိစိစစ်ရမည်၊
- ( ခ ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် ဆေးပစ္စည်းကိရိယာသည် အရည်အသွေးသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပြီး လုပ်ငန်းသည် သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်၊ သိုလှောင်မှုကျင့်စဉ်၊ ဖြန့်ဖြူးရောင်းချမှုကျင့်စဉ်တို့နှင့် ကိုက်ညီလျှင် သတ်မှတ်ကာလအတွင်းလျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်၊
- ( ဂ ) ပုဒ်မခွဲ(က)အရစိစစ်ရာတွင် အရည်အသွေးသတ်မှတ်ချက်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်၊ သိုလှောင်မှုကျင့်စဉ်၊ ဖြန့်ဖြူးရောင်းချမှုကျင့်စဉ်တို့နှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားရန် ညွှန်ကြားချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်၊
- (ဃ) ပုဒ်မခွဲ(ဂ)အရ ပြင်ဆင်ဆောင်ရွက်ခြင်းပြုပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါက ပုဒ်မခွဲ(ခ)ပါအတိုင်း ဆောင်ရွက်ရမည်၊
- ( င ) ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားမှုကို ထပ်မံစိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကိုဖော်ပြ၍ လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လိုပါက ညွှန်ကြားချက်များအတိုင်းပြုပြင်ပြီး ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်၊
- ( စ ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ထားသောလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ခြင်းဖြစ်စေ၊ သတ်မှတ်သည့်နည်းလမ်းဖြင့် ကွပ်ကဲထိန်းချုပ်ခြင်းဖြစ်စေ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၂၃။ မှတ်ပုံတင်ထားသော ဆေးပစ္စည်းကိရိယာကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းဆောင်ရွက်လိုသူသည် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိရန် လျှောက်ထားရာတွင် ဦးစီးဌာန၏ထောက်ခံချက်ကို သတ်မှတ်ချက်နှင့် အညီရယူရမည်။

## အခန်း (၁၀)
## အညွှန်းအမှတ်အသားဖော်ပြခြင်း (Labelling)

၂၄။ (က) ဆေးပစ္စည်းကိရိယာတစ်ခုအား သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ်လူနာနှင့် သုံးစွဲသူတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို ထိခိုက်ခြင်းမရှိစေရန်အတွက် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူသည် ဆေးပစ္စည်းကိရိယာ၏ အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်အမှတ်တံဆိပ်နှင့်အတူ ပါဝင်ဖွဲ့စည်းမှု၊ ထုပ်ပိုးမှု၊ သုံးစွဲနည်းလမ်းညွှန်၊ သင့်လျော်သော စွန့်ပစ်နည်းစနစ်နှင့် သတိပေးချက်အပါအဝင် အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် သတင်းအချက်အလက်တို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်၊

( ခ ) ပုဒ်မခွဲ (က)အရ ဖော်ပြရာတွင် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

## အခန်း(၁၁)
## ကြော်ငြာခြင်း

၂၅။ ဆေးပစ္စည်းကိရိယာတစ်ခု၏ ကောင်းကျိုးတင်ပြသည့် ကြော်ငြာများသည် သိပ္ပံနည်းကျ ခိုင်လုံသောအကြောင်းရင်းများအရလည်းကောင်း၊ ဆေးပစ္စည်းကိရိယာဖွဲ့စည်းပုံ၊ ထုတ်လုပ်ပုံနှင့် ပါဝင်ပစ္စည်းများအရလည်းကောင်း မှန်ကန်ကြောင်း ခိုင်လုံသောအထောက်အထားများအပေါ် အခြေခံ၍ ဖော်ပြခြင်းဖြစ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*



## ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပင်လောင်း မေ ၁၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဝါးလီးကျေးရွာနှင့် တောင်လေးကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်း အရှည် လေးမိုင်ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်း နှစ်မိုင်နှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်း နှစ်မိုင်ခင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးလက်နေပြည်သူများ သွားလာမှုပိုမိုအဆင်ပြေစေရန် လမ်းကို ကျောက်ချောခင်း၍ အဆင့်မြှင့်တင်ပေးခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟိုပုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်တို့က မေ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။

မြို့နယ်(ပြန်/ဆက်)

## ဂန့်ဂေါမြို့ရှိ မြို့ခင်းသာတောင်ကျောင်းသို့ သောက်သုံးရေ ဂါလန် ၅၄၀၀ လှူဒါန်း



**ဂန့်ဂေါ မေ ၁၆**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ မြို့ခင်းသာတောင်ကျောင်း ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သံဃာတော်များနှင့် ကျောင်းသားကျောင်းသူများ သောက်သုံးရေသုံးစွဲရန် လိုအပ်နေသဖြင့် ဂန့်ဂေါခရိုင်မီးသတ်ဦးစီးဌာနမှူး၏ ညွှန်ကြားချက်ဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးမြတ်သူအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၅၄၀၀ ကို မေ ၁၆ ရက်က လာရောက်လှူဒါန်းခဲ့သည်။

ရေလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ဒုတိယခရိုင်မီးသတ်ဦးစီးမှူးက "နွေရာသီမှာ ကျောင်းမှာရှိတဲ့ ရေတွင်းက ရေထွက်အားနည်းပါတယ်၊ သောက်သုံးရေအခက်အခဲကို နွေရာသီဆိုရင် အမြဲကြုံပါတယ်၊ ဆရာတော်အပါအဝင် ကျောင်းမှာ သံဃာ အပါး ၄၀ ခန့်နဲ့ ကျောင်းသား လေးဦးရှိတယ်ဆိုတော့ ရေအသုံးများပါတယ်၊ ကျောင်းမှာ ရေအခက်အခဲကြုံနေတယ်ဆိုလို့ ရေမပြတ်လပ်ဖို့ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ လှူဒါန်းပေးနေပါတယ်"ဟု ပြောသည်။

ဂန့်ဂေါခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် ဂန့်ဂေါမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာပါကလည်း ဌာနပိုင် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

## လဟယ်မြို့တွင်း၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**လဟယ် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအဖြစ် တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၇၇၈ သန်းဖြင့် နာဂဒေသဦးစီးအဖွဲ့က တာဝန်ယူ၍ အစိုးရနည်းပညာအထက်တန်းကျောင်းအနီး၌ အရှည် ငါးပေ၊ အကျယ် ၂၄ ပေရှိ လမ်းဖြတ်တံတားတစ်စင်းကို တည်ဆောက်ခဲ့ရာ မေ ၁၆ ရက်တွင် လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးရဲမင်း (ဒုတိယညွှန်ကြားမှူး)နှင့် ရုံးအဖွဲ့များက မေ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီအတွက် ပျိုးပင်များ ပျိုးထောင်ထား

**ပင်လည်ဘူး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း အစီအစဉ်ဖြင့် သစ်တောစိုက်ခင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် ပင်လည်ဘူးမြို့နယ် မံကော်(၃) ကြိုးပြင် ကာကွယ်တောမှ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၅၀ တွင် ကျွန်းနှင့် ပျဉ်းကတိုးပင်များ စိုက်ပျိုးနိုင်ရန်အတွက် မံကော်(၃) ကြိုးပြင်ကာကွယ်တောရှိ ယာယီပျိုးဥယျာဉ်၌ ပျိုးပင်များကို မျိုးသန့် ပျိုးထောင်ထားရှိကြောင်း မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါစိုက်ခင်းတွင် စိုက်ပျိုးရန်အတွက် ကျွန်းနှင့် ပျဉ်းကတိုး နှစ်မျိုးကို ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားရာ ပျိုးပင်ပေါင်း ၃၆၃၀၀၀ ရှိကြောင်း၊ လက်ရှိအချိန်တွင် တစ်ဧကလျှင် အပင် ၁၂၁၀ နှုန်းဖြင့် ငါးဧက၌ အပင်ပေါင်း ၆၀၅၀ ကိုလည်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်ဖြိုးသူက ပြောကြားသည်။

ပင်လည်ဘူးမြို့နယ် မံကော်(၃) ကြိုးပြင် ကာကွယ်တော၌သာမက ပင်လည်ဘူးမြို့ ပတ်ဝန်းကျင်ရှိ လမ်းဘေးစိုက်ခင်းများတွင်လည်း ယခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်ကာ စိုက်ပျိုးရန်အတွက် ကျွန်း၊ တမလန်း၊ မဲဇလီ၊ ကုက္ကို၊ မဟော်ဂနီ၊ ပျဉ်းကတိုးနှင့် ပိတောက်ပျိုးပင်ပေါင်း ၆၀၀၀၀ ကျော်ကိုလည်း ပျိုးထောင်ထားပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မျိုးလွင် (ပင်လည်ဘူး)



မိုးရာသီတွင်စိုက်ပျိုးရန် ယာယီပျိုးဥယျာဉ်အတွင်း ကြိုတင်ပျိုးထောင်ထားသော ပျိုးပင်များ

## အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်စေရန် သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**လယ်ဝေး မေ ၁၆**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်ကြစေရန် သီးနှံ ၁၃ မျိုးကို စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများက ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၅ ရက်တွင် မင်းပြင်ကျေးရွာ၊ ကံဦးကျေးရွာနှင့် လက်မကျေးရွာတို့ရှိ အိမ်ထောင်စုများထံ သီးနှံ ၁၃ မျိုး မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အိမ်ခြံဝင်းဥယျာဉ်ခြံ စိုက်ပျိုးရေးစီမံကိန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကာလအတွင်း ပြည်သူများ အိမ်ပြင်မထွက်ဘဲ အိမ်တွင်နေထိုင်ရင်း စိုက်ပျိုးရေးလုပ်ကိုင်နိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံချက်ချ၍ ဆောင်ရွက်ခြင်းဖြစ်သည်။




ပြည်သူများထံသို့ ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးစဉ်

အိမ်ခြံဝင်းဥယျာဉ်ခြံ စိုက်ပျိုးရန် မျိုးစေ့များ ဖြန့်ဝေပေးသည့် ရည်ရွယ်ချက်မှာ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်လျက်ရှိသော အိမ်ခြံဝင်းများရှိ မြေပိုများတွင် ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိမိကိုယ်တိုင် အပင်များကို ပြုစုပျိုးထောင်ကာ စိတ်ကျေနပ်မှုရရှိစေရန်၊ အလိုရှိသလောက် ချက်ချင်း ခူးဆွတ်စားသုံးနိုင်စေရန်၊ ပိုလျှံသည့်သီးနှံများကို နီးစပ်ရာ ဆွေမျိုးများအား ပြန်လည်ဝေငှပေးနိုင်ရန်နှင့် ဈေးကွက်တွင် ရောင်းချနိုင်ရန်၊ အာဟာရပြည့်ဝပြီး လတ်ဆတ်သည့်သီးနှံများကို စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောဝင်းက ပြောသည်။

"သီးနှံ ၁၆ မျိုးကို စိုက်ပျိုးချင်တဲ့ ပြည်သူတွေကို ဖြန့်ဝေပေးပါတယ်။ ဖြန့်ဝေပေးခဲ့တဲ့ သီးနှံမျိုးတွေကတော့ ရုံးပတီ၊ တိုင်ထောင်ပဲ၊ သခွား၊ ပဲလင်းမြွေ၊ ကန်စွန်း၊ ချဉ်ပေါင်၊ ရွှေဖရုံ၊ ကြက်ဟင်းခါး၊ ခရမ်းညို၊ ခရမ်းလုံးကြီး၊ ခရမ်းချဉ်၊ ငရုတ်၊ ပဲစောင်းလျား၊ ကျောက်ဖရုံ၊ ဘူးနဲ့ ဟင်းနုနွယ်တို့ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

အိမ်ခြံဝင်းဥယျာဉ်ခြံ စိုက်ပျိုးရန်ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဝေရာတွင် မျိုးစေ့များနှင့်အတူ စိုက်နည်းစနစ်၊ အပင်ပြုစုခြင်းနှင့် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကိုပါ ပြည်သူများအား ဆွေးနွေးဟောပြောကြောင်း သိရသည်။

မေမိုးသဲ

## သန်လျင်၌သီးနှံအထွက်တိုးရန် သဘာဝဓာတ်မြေဩဇာပြုလုပ်နည်းကို တောင်သူများအားလက်တွေ့သရုပ်ပြ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းမှ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏စိုက်ပျိုးသီးနှံ အထွက်တိုးစေရန်အတွက် သဘာဝဓာတ်မြေဩဇာ လက်တွေ့ပြုလုပ်နည်း သရုပ်ပြမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မေ ၁၅ ရက်တွင် ပုဂံတောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ စက်မှုလယ်ယာစနစ်ကျကွင်း၌ ပြုလုပ်ခဲ့သည်။

သဘာဝဓာတ်မြေဩဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ရာတွင် သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းအောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက သဘာဝဓာတ်မြေဩဇာ ပြုလုပ်ရာတွင် ပါဝင်သော နွားချေး၊ ပဲခွံ၊ ဖွဲနု၊ ဖွဲကြမ်းထန်းလျက်၊ ငါးအမိုင်နိုအက်ဆစ်နှင့် အနုဇီဝဖျော်ရည်များကို အချိုးကျရောစပ်၍ သဘာဝဓာတ်မြေဩဇာ ပြုလုပ်နည်းကို ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သန်လျင်မြို့နယ်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ စိုက်ပျိုးသီးနှံ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီလွှာ ကောင်းမွန်ရေး၊ သဘာဝဓာတ်မြေဩဇာ ရရှိရေးနှင့် ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ စနစ်တကျ သုံးစွဲတတ်စေရေးအတွက် ကွင်းဆင်း၍ လက်တွေ့သရုပ်ပြခြင်းများကို လိုအပ်သလို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)



## ဘုတလင်မြို့တွင် နှာခေါင်းစည်းလှူပ်ရှားမှုပြုလုပ်ပြီး လျှော်ဖွပ်သုံးနိုင်သော နှာခေါင်းစည်း အခုရေ ၁၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေး

**ဘုတလင် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်ပြီး နှာခေါင်းစည်းများ တပ်ဆင်ရေး လှုပ်ရှားမှုကို မေ ၁၆ ရက် နံနက်ပိုင်းက မြို့မဈေးရှေ့၌ ပြုလုပ်ခဲ့ကာ လျှော်ဖွပ်၍ ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်း အခုရေ ၁၀၀၀ ကျော်ကို အခမဲ့ ဖြန့်ဝေခဲ့သည်။

နှာခေါင်းစည်းများ တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် ဘုတလင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ကော်မတီဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းပါဝင်၍ မြို့မဈေးရှေ့ လမ်းမပေါ်၌ သွားလာနေကြသည့် ပြည်သူများထံသို့ လျှော်ဖွပ်ပြီး ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများကို အခမဲ့ ဖြန့်ဝေပေးသည်။

ထို့အပြင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ ရောဂါကာကွယ်ရေးအတွက် လိုက်နာရမည့် နည်းလမ်းများနှင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရေးတို့ကို လက်ကိုင်အသံချဲ့စက်များဖြင့် ကြေညာပေးပြီး ဗီနိုင်းပိုစတာများဖြင့် အသိပညာပေးကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေထားသော လက်ကမ်းစာစောင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သတင်းစကား အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**



## သဘာဝဘေးမဲ့တောများအတွင်းမှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ် ရောင်းချပါက ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်

**ရန်ကုန် မေ ၁၆**

သဘာဝ ဘေးမဲ့တောများအတွင်းမှ တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ဖမ်းဆီးသတ်ဖြတ်ရောင်းချပါက ဥပဒေအရ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ သတင်းပေးစောင့်ကြည့်စနစ်ဖြင့် ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်းနှင့် တောရိုင်းတိရစ္ဆာန်များ၏ အသားများရောင်းချမှု စစ်ဆေးဖော်ထုတ်ရေး သင်တန်းများကိုလည်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအား သင်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ် မေ ၂၁ ရက်က အတည်ပြုခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ ပုဒ်မ ၃၉ တွင် လိုင်စင်မရှိဘဲ အမဲလိုက်ခြင်း၊ အမဲလိုက်ခွင့် လိုင်စင်တစ်ရပ်ရပ်အား ချိုးဖောက်ခြင်း၊ မျိုးဆက်ပျက်သုဉ်းလုနီးပါးအန္တရာယ်ရှိ တိရစ္ဆာန်များကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း မြေဆီလွှာနှင့် ရေထု ပျက်စီးစေသည့် ဓာတ်သတ္တုအဆိပ်အတောက်ဖြစ်စေမှုများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ဆောင်ခြင်း၊ ကွန်ဗင်းရှင်းက ထုတ်ထားသည့် စာရွက်စာတမ်းများကို အတုအပ ပြင်ဆင်ဖြည့်စွက်ခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုထိန်းချုပ်ထားသည့် တိရစ္ဆာန်မျိုးစိတ်များ၏ အမှတ်အသားများ၊ နမူနာများကို ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ ပြည်ပမှ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ စိုက်ပျိုးခြင်းတို့ ပြုလုပ်ပါက ထောင်ဒဏ်သုံးနှစ်ထက်မပိုသော ပြစ်ဒဏ်နှင့် ကျပ်နှစ်သိန်းမှ ငါးသိန်းအထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို ချမှတ်နိုင်ကြောင်း သိရသည်။

ပုဒ်မ ၄၀ အရ သာမန်ကာကွယ်ထားသော တိရစ္ဆာန်များကို ခွင့်ပြုချက်မရှိဘဲ အမဲလိုက်ရောင်းချခြင်း၊ အစိတ်အပိုင်းများကို လက်ဝယ်ထားရှိခြင်းတို့အတွက် ငါးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ဒဏ်ငွေ ကျပ်သုံးသိန်းမှ ဆယ်သိန်းအထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ချမှတ်နိုင်ပြီး ပုဒ်မ ၄၁ အရ လုံးဝကာကွယ်ထားသော မျိုးသုဉ်းပျောက်ကွယ်လုနီးပါး စာရင်းဝင် တောရိုင်းတိရစ္ဆာန်များကို အမဲလိုက် သတ်ဖြတ်ပါက အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ ၁၀ နှစ်အထိ မဖြစ်မနေ ကျခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပါဝင်သည်။

"မြန်မာနိုင်ငံမှာ လုံးဝမျိုးသုဉ်းမယ့် တိရစ္ဆာန်စာရင်း ထုတ်ပြန်ထားတာရှိပါတယ်။ အဲဒီအထဲမှာ တောဆင်ရိုင်းတို့၊ ကျားတို့ ပါပါတယ်။ တောရိုင်းတိရစ္ဆာန်တွေက နိုင်ငံ့ရတနာတွေပါ။ မြန်မာနိုင်ငံမှာပဲ ဒီလို တောရိုင်းတိရစ္ဆာန်တွေ ရှိတယ်ဆိုရင် နိုင်ငံတကာကလာကြည့်ရင် နိုင်ငံခြားဝင်ငွေ ရနိုင်ပါတယ်။ ဆင်ဆိုရင် ကမ္ဘာမှာ အတော်ရှားသွားပါပြီ။ မြန်မာမှာပဲ ရှိတော့တာပါ။ သူများ သတ်စားတာကိုလည်း ကာကွယ်သလို ကိုယ်ကိုယ်တိုင်လည်း မသတ်စားဘဲ ကာကွယ်မယ်ဆိုရင် ကုသိုလ်လည်း ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းမသတ်ဖြတ်တာ နှစ်နှစ်ကြာပါပြီ။ လွန်ခဲ့တဲ့နှစ်နှစ်က ဖမ်းမိတဲ့ ဆင်မုဆိုးတွေကိုလည်း သုံးနှစ် ထောင်ချထားတာရှိပါတယ်။ ဈေးတွေမှာ တောရိုင်းတိရစ္ဆာန် အသားတွေတွေ့ရင် ပြည်သူလူထုက သတင်းပို့စနစ်နဲ့ အကြောင်းကြားဖို့ အရေးယူနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကိုဗစ်-၁၉ မဖြစ်ခင်ကလည်း သစ်တောဝန်ထမ်းတွေကို တောရိုင်းတိရစ္ဆာန်အသား ခွဲခြားစစ်ဆေးတဲ့နည်းတွေ သင်တန်းပေးထားပြီး အခါအားလျော်စွာ ဘေးမဲ့တောတွေကို ကွင်းဆင်းစစ်ဆေးတာတွေလည်း ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ရှိ ချပ်သင်း ဘေးမဲ့တောအတွင်း၌ သမင်လည်တိုးကွင်း သွပ်နန်းကြိုးခွေ ၅၀၀ ခန့်ဖြင့် ထောင်ချောက်ပြုလုပ်ထားသည်ကို တွေ့ရှိရပြီး သမင်ချိုု၊ သားရေ၊ ခွာ၊ သွေး အထောက်အထားများအရ သမင်ငါးကောင်ခန့် ဖမ်းဆီးသတ်ဖြတ်ခံရကြောင်း တောအုပ်ကြီးနှင့် အဖွဲ့က မေ ၅ ရက်တွင် တွေ့ရှိသဖြင့် ပြုလုပ်ဆောင်ရွက်သူများကို စုံစမ်းလျက်ရှိကြောင်းလည်း သိရသည်။

**သန့်ဇင်ဝင်း**

## ပင်လည်ဘူးမြို့နယ်မှ ကျေးရွာများသို့ အပေါ့စားရေစုပ်စက်၊ ရေပိုက်နှင့် ရေပိုက်ခေါင်းများ ထောက်ပံ့ပေးအပ်

**ပင်လည်ဘူး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း ကျေးရွာများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူ မီးငြှိမ်းသတ်နိုင်မည့် အပေါ့စား ရေစုပ်စက်၊ ရေပိုက်နှင့် ရေပိုက်ခေါင်း များကို မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာများသို့ မေ ၁၅ ရက်က ထောက်ပံ့ပေးအပ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ရေစုပ်စက်၊ ရေပိုက်နှင့် ရေပိုက်ခေါင်းများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနေတိုးက အပေါ့စား ရေစုပ်စက်များ ရရှိသည့် နန်းတပ်ကျေးရွာ၊ တုံးမွန်းကျေးရွာ၊ ကနီကျေးရွာနှင့် ပင်းမူကျေးရွာများရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အဆိုပါ အပေါ့စားရေစုပ်စက်များ၊ ရေပိုက်နှင့် ရေပိုက်ခေါင်းများကို ကိုင်တွယ်အသုံးပြု၍ မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြမှုကိုလည်း ပင်လည်ဘူးမြို့ စော်ဘွားကန်ဘေး၌ ပြုလုပ်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက သရုပ်ပြခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



အပေါ့စားရေစုပ်စက်နှင့် ရေပိုက်များအသုံးပြု၍ မီးငြှိမ်းသတ်မှုကို လက်တွေ့သရုပ်ပြစဉ်။

## ရေကြည်မြို့နယ်မှ ရေရှားပါးသောကျေးရွာသို့ ရေများဖြန့်ဝေလှူဒါန်း

**ရေကြည် မေ ၁၆**

ရှောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငွေးတောက်ကျေးရွာအုပ်စုရှိ တောင်နှစ်လုံးကျေးရွာ၌ လက်ရှိအသုံးပြုလျက်ရှိသော တုံကင်တွင်းများ ရေလိုက်နည်းပါးလာမှုကြောင့် မေ ၁၃ ရက်မှစ၍ သောက်သုံးရေ အခက်အခဲဖြစ်လာသဖြင့် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစန်းယုလှိုင်နှင့်အဖွဲ့က သောက်သုံးရေများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သောက်သုံးရေ ဂါလန် ၁၆၀၀ ကို မေ ၁၃ ရက်က ပထမအကြိမ် သွားရောက်လှူဒါန်းခဲ့ပြီး မေ ၁၆ ရက်တွင် နောက်ထပ် ဂါလန် ၁၂၀၀ ကို ထပ်မံလှူဒါန်းထားကြောင်း၊ မိုးမကျမီအချိန်အထိ နှစ်ရက်လျှင်တစ်ကြိမ် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး ရေရှည် ရေရရှိရေး အဆင်ပြေစေရန်အတွက်လည်း ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာပင် အကျယ် ခြောက်ပေ၊ အနက် ပေ ၃၀ ရှိ ရေတွင်းတစ်တွင်းကို ဌာန၏ရန်ပုံငွေ ကျပ်သုံးသန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဆန်းတင့်(ရေကြည်)**

## ပန်ဆောင်မြို့ရှိ နောင်ယန်းအင်းအတွင်း မျိုးစိုက်ထည့်ရန် ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ လွှဲပြောင်းပေးအပ်

**တနိုင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် ပန်ဆောင်မြို့ နောင်ယန်းအင်းအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ရန်အတွက် ငါးသားပေါက် ကောင်ရေ ၄၀၀၀၀ ပါသော ငါးသားပေါက်အိတ် ၄၄ လုံးကို ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဝိုင်းမော်ငါးသားပေါက်စခန်းမှ တနိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဝေမိုးထွန်းထံသို့ မေ ၁၅ ရက်က လွှဲပြောင်းပေးအပ်သည်။

တနိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဝိုင်းမော်မြို့နယ် ငါးသားပေါက်စခန်းမှ လက်ခံရရှိသော ငါးသားပေါက်များကို အောက်ဆီဂျင်နှင့် ရေလဲလှယ်ပေးပြီးနောက် အသေအပျောက်မရှိစေဘဲ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့ နောင်ယန်းအင်းအတွင်း မျိုးစိုက်ထည့်နိုင်ရန်အတွက် ပန်ဆောင်မြို့သို့ ယင်းနေ့ညနေတွင် ဆက်လက်လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**

## မင်းလှမြို့နယ်အတွင်းဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းလှ မေ ၁၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခြောက်ခုနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုရန်ပုံငွေ ကျပ် ၃၇ ဒသမ ၈၇၄ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မင်းလှမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို မေ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မင်းလှမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မင်းတန်းလမ်း၌ ကွန်ကရစ်လမ်းချဲ့ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်း၊ ကန့်လန့်ကုန်း ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ကျွဲတလင်းကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ လယ်ဦးစု ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်း၊ ချောင်းနားကျေးရွာ၌ အုတ်ခုံခံ၊ သံပေါင် ချောင်းကူးတံတား ဆောက်လုပ်ခြင်း၊ လှည်းကူးအုပ်စု မင်းလှချောင်းတွင် လူကူးတံတားတည်ဆောက်ခြင်းနှင့် ကျွဲမကိုင်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဦးစု ကျေးရွာတွင်းလမ်းကို ဂဝံခင်းခြင်းနှင့် ကျွဲတလင်း ကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများမှာ ပြီးစီးလုနီးပါးဖြစ်ကြောင်း တွေ့ရှိရပြီး ကျန်သော လုပ်ငန်းငါးခုတို့မှာ ဆောင်ရွက်နေဆဲဖြစ်၍ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား ကော်မတီက မှာကြားခဲ့သည်။

**ပေါက်စ(မင်းလှ)**

## ရေရှားပါးနေသော သုံးခွမြို့ အမှတ်(၉)ရပ်ကွက်သို့ သောက်သုံးရေ လှူဒါန်း

**သုံးခွ မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ပေါ်မှ သောက်သုံးရေအခက်အခဲဖြစ်နေသော အမှတ်(၉)ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူး ဦးပြည့်ဖြိုးဟန် ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၅ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက တစ်ကြိမ်စီ ဖြန့်ဝေပေးခဲ့သည်။

ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နှစ်ကြိမ်အတွက် ဂါလန် ၃၂၀၀ ကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများထံသို့ ရေများဖြန့်ဝေပေးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန် စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေရိယာ ဝဒသမ၁၄၆ဧကေ၊ မြေကွက်အမှတ် ဥ-၆၄၄၇၊ ဦးဆန်းထွန်းဦး ၁၂/ရတန(နိုင်)၀၁၆၀၈၃ (ဘ)ဦးညီစိန် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်သူလင်း ၁/မကတ(နိုင်)၀၆၄၄၆၁ (ဘ) ဦးမောင်ရှိန်မာစက်ရှိန်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရေတာရှည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၆

| | | |
|---|---|---|
| မအေးအေးသွင် | နှင့် | ကိုကျော်မင်းသူ |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင်ကိုကျော်မင်းသူ၊ အေးသာယာရွာ၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်တရားလို မအေးအေးသွင်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန် ၃ရက်၊ (၁၃၈၂ခုနှစ် နယုန်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(ထက်အာကာလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရေတာရှည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရေဦးမြို့နယ်တရားရုံးတော်၌
## ၂၀၁၉ခုနှစ် တရားမကြီးအမှုအမှတ်-၄၉

| | | |
|---|---|---|
| ဦးမြင့်ဝေ | နှင့် | ၁။ ဒေါ်မြသန်း |
| | | ၂။ ဒေါ်လှဆန်း |
| | | ၃။ ဒေါ်မာမာဦး |
| | | ၄။ မခိုင် |
| | | ၅။ ကိုအောင်မင်းကို |
| | | ၆။ မစုလှိုင် |
| | | ၇။ မလှိုင်လှိုင်အေး |
| | | ၈။ ဦးဝင်းအောင် |
| | | ၉။ ဒေါ်အေးမြိုင် |
| | | ၁၀။ ကိုကျော်လင်းထွန်း |
| | | ၁၁။ မရီရီဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာနေ (၄) တရားပြိုင် မခိုင်(ဘ) ဦးမြသောင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၂၈ရက် (၁၃၈၂ ခုနှစ် နယုလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဇင်သန့်)**
**မြို့နယ်တရားသူကြီး**
**ရေဦးမြို့နယ်တရားရုံး**

## အမည်မှန်

မိုးကုတ်မြို့၊ အောင်နီလာ (၁) ရပ်ကွက်မှ ဦးကျော်သောင်း၏သား မောင်ရဲဝင်း ၉/မကန(နိုင်)၁၁၁၈၁၄၏ အမည်မှန်မှာ မောင်ဝင်းကိုကို ဖြစ်ပါကြောင်း။

## ALPHARD

ပိုင်ရှင်ကိုယ်တိုင် လချုပ်(သို့) အငှားလိုက်သည်။
ဖုန်း-၀၉-၂၅၄၂၀၉၄၉၆၊ ၀၉-၂၅၁၀၄၅၅၃၄

## အမည်ပြောင်း

ဦးသိန်းလှိုင်၏သား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့၊ အထက ရွှေသောင်ယံ၊ Grade -7 မှ မောင်ခန့်တည်ကြည်အား မောင်အောင်ခန့်သူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ခန့်သူ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်း ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၀၂^(a)၊ ကွင်းအမည်-သင်တောရိုး၊ ဦးပိုင်အမှတ် ၂၉/၃(က)အတွင်းရှိ ဧရိယာ(၀ဒသမ၂၁)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အား ဦးချစ်လှိုင် ၁၂/ မဘန(နိုင်) ၀၇၂၉၁၃မှ တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏အမှုသည်က အပြီးအပြတ်ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေအား အပြေအကျေ ပေးချေထားပြီးဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်မှ မြေကွက်နှင့်အဆောက်အအုံ ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးကျော်ခိုင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)**
**အမှတ်(၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၆၉၅၁၉၉၃၀၀**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့၊ အောင်သီရိရပ်နေ ဒေါ်သင်းသင်းမွန်(ခ)ဒေါ်မွန်မှ ၇-၃-၂၀၁၉ရက်က မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ချုပ်ဆို၍ မိခင်ဖြစ်သူ ဒေါ်ခင်နှင်းမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ကျန်သားသမီးများအားလုံး လက်မှတ်ရေးထိုးကာ ၎င်းနေထိုင်ခဲ့သော ခင်ဦးမြို့၊ အောင်သီရိရပ်ရှိ အရှေ့လားသော် ဦးမျိုးထွန်း၊ တောင်လားသော် ကိုနိုင်နှင့် ကိုခင်မောင်ဝင်း အိမ်ဝင်းမြေ၊ အနောက်လားသော် ကိုစန်းတင့် အိမ်ဝင်းမြေ၊ မြောက်လားသော် ကိုမြင့်ဦး၊ ဒေါ်ပြုံးနှင့် ကိုကျော်မိုးတို့၏ အိမ်ဝင်းခြံမြေ ၎င်းနယ်လေးရပ်ရှိ အိမ်ဝင်းခြံမြေပေါ် ဆောက်လုပ်ထားသော (၂x၃) ခန်း၊ အောက်ထပ် တိုက်ခံ၊ အပေါ်ထပ် စလင်းထောင်ကပ်၊ သွပ်မိုး၊ တွဲလျက်မီးဖို၊ စပါးကိုဒေါင်တို့ကို ဒေါ်သင်းသင်းမွန်(ခ)ဒေါ်မွန်အား ပေးအပ်၍ ဒေါ်သင်းသင်းမွန်(ခ)ဒေါ်မွန်မှာ အဆိုပါစာချုပ်ချုပ်သည့်ရက်မှစ၍ ယနေ့ချိန်ထိ လက်ရောက်ရရှိပိုင်ဆိုင်ကြောင်း၊ အခြားမည်သူမှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းမွန်(ခ)ဒေါ်မွန်**
**၅/ခဥန(နိုင်)၀၁၇၄၆၆**
**အောင်သီရိရပ်၊ ခင်ဦးမြို့၊ ဖုန်း-၀၉-၄၀၀၄၂၉၈၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်း အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးဝေမျိုးဟန် ၉/မခန(နိုင်)၁၈၁၉၆၁ (ဘ) ဦးမောင်ကို အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် ပ-၂၃၂၉၀ ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၅/၂၀၁၃ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်သီရိလှိုင် ၉/လဝန(နိုင်)၁၄၆၉၉၉(ဘ)ဦးမျိုးဆက်မှ ဦးထွန်းဇော်လတ် ၉/အမရ(နိုင်) ၀၉၀၅၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
### Common Database တင်ဒါနှင့်ပတ်သက်၍ အသိပေးကြော်ငြာချက်

၁။ ဆက်သွယ်ရေးအော်ပရေတာများမှ ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့် SIM Cardများအားမှတ်ပုံတင်ရာတွင် Biometric Verification ပြုလုပ်နိုင်ရန် Common Database တစ်ခုအား Universal Service Fund (USF)ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၈-၄-၂၀၂၀ရက် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခဲ့ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် Pre-Bid Meeting အား ၂၉-၄-၂၀၂၀ရက်တွင် ဆောင်ရွက်ခဲ့ပြီးအစည်းအဝေးတွင် ဆွေးနွေးချက်များအရ Request for Proposal ၏ REQ(12)အား Mandatory အဖြစ်လည်းကောင်း၊ REQ(27)ပါ Disaster Recovery Site အား Mandatory အဖြစ်လည်းကောင်း ပြင်ဆင်သတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။

၃။ စိတ်ဝင်စားသည့်ကုမ္ပဏီများမှ မေးမြန်းထားသည့် မေးခွန်းများအား ရှင်းလင်းဖြေကြားထားမှုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သည့် www.ptd.gov.mm တို့တွင် ကြည့်ရှုနိုင်ပါသည်။

၄။ လက်ခံရရှိသည့် မေးခွန်းများ များပြားသည့်အတွက် ပြည့်စုံရှင်းလင်းစွာ ဖြေကြားနိုင်ရေးအချိန်ယူဆောင်ရွက်ခဲ့ရသဖြင့် မူလသတ်မှတ်ရက်ဖြစ်သည့် ၆-၅-၂၀၂၀ရက်တွင် ပြန်လည်ဖြေကြားနိုင်ခြင်းမရှိခဲ့ဘဲ ၁၅-၅-၂၀၂၀ရက်မှသာ ပြန်လည်ဖြေကြားနိုင်ခဲ့သဖြင့် တင်ဒါပိတ်မည့်ရက်၊ တင်ဒါဖွင့်ဖောက်မည့်ရက်၊ အချိန်နှင့်နေရာတို့အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပိတ်မည့်နေ့ရက်** | - | ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့) |
| **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** | - | ၉-၆-၂၀၂၀ရက်(အင်္ဂါနေ့)၊ ၁၄:၀၀နာရီ |
| **တင်ဒါဖွင့်ဖောက်လက်ခံမည့်နေရာ** | - | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်(သို့မဟုတ်) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ (Video conferencing)စနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်) |

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖုန်း-၀၆၇-၃၄၀၇၆၂၆ သို့ဖြစ်စေ၊ ၀၉-၄၅၀၀၀၀၂၂၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၄၄
### ကွယ်လွန်သူ ဦးဝင်းသူ၏ ကျန်ရစ်သောအမွေပစ္စည်းများအကြောင်း

| | |
|---|---|
| ဒေါ်သီတာဝင်း | **လျှောက်ထားသူ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၁၁/၂)၊ ကံသာယာရပ်နေ ဒေါ်သီတာဝင်းသည် ကွယ်လွန်သူဦးဝင်းသူ၏ ညီမအရင်းတော်စပ်သူဖြစ်ပါသည်။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊အကွက်(၄၆)နေ ကွယ်လွန်သူ ဦးဝင်းသူမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဝင်းသူမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်(၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်သီတာဝင်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၃၆၁၊ နှစ် ၆၀ မြေငှားဂရန်၊ အကျယ်အဝန်းအလျားပေ၂၀xအနံပေ၄၀၊ ဧရိယာ ၀ဒသမ၀၁၈ဧကရှိ ယင်းမြေ၏ ထက်ဝက်ဖြစ်သော အလျား၁၀ပေxအနံပေ၄၀ရှိ မြေနှင့်ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၉) ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၅၀/ခ ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာ၊ အိမ်သာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယဉ်ယဉ်မေသန်း(ဘ) ဦးအောင်သန်း ၁၂/ကမတ(နိုင်)၀၂၀၆၄၀က မူလပိုင်ရှင် ဒေါ်သီတာအေး(ဘ)ဦးအေးသောင်း ရောင်းသူ၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၃-၁၂-၂၀၁၈ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၈၄/၂၀၁၈ အရ ဒေါ်သိင်္ဂီမြင့်သိန်း ၁၂/မဂတ(နိုင်)၀၈၄၁၅၉ ထံမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက လိုအပ်သောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ယဉ်ယဉ်မေသန်း ၁၂/ကမတ(နိုင်)၀၂၀၆၄၀**
**ဖုန်း-၀၉-၇၉၅၆၂၂၈၇၃**

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်ကြီးမြို့ ဂုန်လျှော်နှင့် လျှော်မျှင်များ မျိုးသန့်ခြံ(ဆင်တဲ)နေ ဦးလှငြိမ်း ၁၄/ညတန(နိုင်)၀၈၁၃၀၅ နှင့် ဦးလှညိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှငြိမ်း**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မင်းဘူး(စကုမြို့နယ်) အလက(ခွဲ) ဇီးအိုင်ကျေးရွာ အဌမတန်းမှ မစောပြည့်သဇင်၏ ဖခင်အမည်မှန်မှာ ဦးလှဌေး ၈/မဘန(နိုင်)၁၃၃၃၃၅ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(ဘီ)ရပ်ကွက်တွင် High Class (အဆင့်မြင့်) (FOOD GARDEN) အမည်ဖြင့် ပဲကိတ်၊ ပဲလမုန့်၊ ထောပတ်ပေါင်မုန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ပါ၍ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**High Class Food Garden မိသားစု**
**ဖုန်း-၀၉-၉၆၀၇၇၈၈၈၀၊ ၀၉-၅၃၄၃၈၃၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၊ အဆောက်အအုံရှိ တိုက်အမှတ် ၁၁၃၊ စတုတ္ထထပ် (၄-လွှာ/ယာ)ဟုခေါ်တွင်သော ရေ၊ မီး၊ အစုံ ပါဝင်သည့် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးကျော်မင်း ၁၂/လမန(နိုင်)၀၂၃၂၉၀မှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူမှလည်း တိုက်ခန်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားပိုင်ခွင့်ရှိသည့်မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားနှင့်တကွလာရောက်ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာလာရောက်ညှိနှိုင်းခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးရဲဝင်းလှိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၉/၂-၁၀-၂၀၁၂)**
**အမှတ် ၂၃၁၊ ၃လွှာ၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၉၁၂၂၆၀၉၊ ၀၉-၂၅၃၀၇၉၈၃၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၄၂) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံ၏ မြေညီထပ်+ပထမထပ်၊ (၂)လွှာ ဟောင်ကောင်တိုက်ခန်းအမျိုးအစား၊ ဧရိယာအကျယ်အဝန်း(၁၅ပေx၅၀ပေ) ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ကြိုးဖုန်းအမှတ်-၂၂၁၆၄၁တို့ကိုလက်ရှိပိုင်ဆိုင်သူတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဇင်သန်း ၁၂/လမတ(နိုင်) ၀၀၉၅၁၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ခွင့်အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးဇော်မြင့်ထွန်း LL.B, D.B.L,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၅၀၉၂၅၊ ဖုန်း-၀၉-၇၆၃၄၁၂၀၀၂၊**
**၀၉-၄၀၈၉၃၅၂၀၂၊ အမှတ်(၈/၃၁၀)၊ နီလာ(၅)လမ်း၊ (၈)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ရပ်ကွက်၊ ကြယ်တံခွန်လမ်း၊ မြေကွက်အမှတ် (၁၉၅) ၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဒေါ်ခင်စန်းမြင့် (L/RGN-၀၂၄၄၄၆) (၁၂/တမန(နိုင်)၀၀၆၁၈၁)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီ (၁၂/ပဇတ (နိုင်) ၀၁၂၂၁၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးအောင်ကျော်လှိုင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၃၆၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၄၂၁ ၇၄၆၉၇၄ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ နဘက် စံပြကျေးရွာမှ ဦးမောင်မောင်လွင် ၉/မထလ(နိုင်)၂၃၈၃၈၀နှင့် ဒေါ်ခင်သန်းမြင့် ၁၀/မလမ(နိုင်)၀၇၀၄၆၆တို့၏သားဖြစ်သူ မောင်မင်းခန့် ၁/မကန(နိုင်) ၁၆၈၇၃၂ သည် မိဘ၊ အဘိုးအဘွားများ၊ ဆွေမျိုးများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ယနေ့မှစပြီး အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်မယူပါ။

**ဦးမောင်မောင်လွင်-ဒေါ်ခင်သန်းမြင့်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၆၈)၊ ဦးပိုင်အမှတ် (၇)၊ ၈၂x၈၄လမ်းကြား၊ ထီးတန်းလမ်းတောင်ဘက်ရှိ မောင်သာဇံ၊ မကွန့်အမည်ပေါက် ဘိုးဘမြေကွက်အား အဘိုးဖြစ်သူ ဦးသာဇံ၊ အဘွားဖြစ်သူ ဒေါ်ကွန့်၊ ဖခင်ဖြစ်သူ ဦးအောင်လှ၊ မိခင်ဖြစ်သူ ဒေါ်စောညွန့်၊ သားဖြစ်သူ ဦးအေးကိုတို့အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (မြေးချွေးမ)ဖြစ်သူ ဒေါ်ကျင်လှိုင် ၉/မရတ(နိုင်)၀၄၇၅၉၆ က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကားရောင်းမည်

Vigo ကားသန့်သန့် သုံးလိုသူများအတွက် အိမ်သုံးကား သန့်သန့် လက်တင်စီး Vigo Double Cab, 4 Wheel, 2010 Model, 3.0, ဒီဇယ်၊ နောက်အမိုးပါ၊ ကီလို 70000 ကျော်၊ YGN လိုင်စင်၊ 4C/..... ကျပ်သိန်း(350)

ဖုန်း-၀၉-၆၆၄၁၁၁၆၆၄၊
၀၉-၂၆၂၁၉၂၇၁၁၊
၀၉-၂၁၀၁၀၀၀

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (သ- ၁၃) ဦးပိုင်အမှတ်(၈၀)၊ သာယာဝတီမင်းကြီးလမ်း၊ ၆၀x၆၁လမ်းကြားရှိ ဦးချစ်ကို ၉/မနတ(နိုင်)၀၇၇၇၇၈ အမည်ပေါက် တောဂရန်မြေကွက်အား ဦးစိန်မောင်လှိုင် ၉/မနတ(နိုင်)၀၇၄၈၂၃ က မြေချထားမိန့်၊ငွေသွင်းပြေစာတို့ တင်ပြပြီး တောဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြေရာဇဝင် ၁ (က)မှတ်တမ်းတွင် ဦးချစ်ကိုအမည်ပေါက်မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာနေ ဦးဇေယျာဦး (MD Htoo Htet Kyaw Co.,Ltd.) နှင့် ဒေါ်လှလှသွယ် [ညွှန်ကြားရေးမှူး(မြို့ပြ)လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန}တို့၏ မိခင်ကြီး ဒေါ်ခင်ကြည် အသက် (၉၀)သည် ၁၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊ အမှုထမ်းများ**
**သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ**
**လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဝဏ္ဏကျော်ထင် ဦးတင်လှိုင်** အသက်(၈၉)နှစ်

BA,B.L, B.CS

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း)ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စရည်းပင်လမ်းသွယ်၊ (၂၃)ရပ်ကွက်၊ အမှတ်(၂၃၃)နေ ဒေါက်တာဥမ္မာမေတင်လှိုင်-ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ဖခင်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ**
**ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)နှင့်**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားကွင်း/အားကစားရုံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (ဦးအောင်မြင့်နိုင်)အသက်(၄၇)နှစ်သည် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ၁၅-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

**ဒေါ်အေးအေးဇော်(ခ)Stella(ခ)အန်တီသဲ**

**အသက်(၆၈)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ ဇနကလမ်း၊ တိုက်(၈၂၅)၊ အခန်း(၁၃)နေ (ဦးတင်မင်းဦး)-ဒေါ်သော်တာပပဝင်း၊ ဦးသုဟန်(MPPE)-ဒေါ်သန္တာမိုး(MPPE)တို့၏မိခင်၊ မောင်ဖွဲ့ဝင့်နိုင်၊ မဖြူစင်မိုး၊ မညွှန်းဝတီတို့၏ အဘွား၊ (ဦးမင်းသူ)၏ဇနီးသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ဥမ္မာညွှန့်**

**အသက်(၆၄)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊ ခြောက်လယ်ယားရွာနေ (ဦးညွှန့်မောင်-ဒေါ်တင်လှိုင်)တို့၏သမီးချေးမ၊ ရန်ကုန်မြို့နေ (ဦးကြင်ညွှန့်-ဒေါ်ခင်ထား)တို့၏ သမီး၊ (ဦးခင်မောင်အေး-ဒေါ်ခင်ဖြူဝင်း)၊ (ဦးခင်မောင်အုန်း)၊ ဦးကျော်-ဒေါ်မို့မို့ညွှန့်တို့၏ ချစ်လှစွာသောညီမ၊ (ဦးမိုးကျော်ညွှန့်)၊ (ဦးမိုးနိုင်ညွှန့်)-ဒေါ်နီနီချို၊ ဦးမိုးခိုင်ညွှန့်တို့၏အစ်မသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်းကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဝဏ္ဏကျော်ထင် ဦးတင်လှိုင်**

B.A, B.L, B.C.S

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း)ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

အသက်(၈၈)နှစ်

ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါက်တာ ဒေါ်ဥမ္မာမေတင်လှိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲလင်းနှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ကြည်**

**အသက် (၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်(ညွှန်ကြားရေးမှူး-မြို့ပြ)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊**
**အမှုထမ်းများ၊ လမ်းဦးစီးဌာန၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဝဏ္ဏကျော်ထင် ဦးတင်လှိုင်** အသက် (၈၉)နှစ်

BA, B.L, B.C.S ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ရန်ကုန်မြို့၊ အမှတ် (၂၃၃)၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါက်တာဥမ္မာမေတင်လှိုင်-ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ဖခင်ကြီး ဝဏ္ဏကျော်ထင် ဦးတင်လှိုင်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း)နှင့်**
**ဝန်ထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ဗိုလ်ကြီးဝင်းကိုကို(ငြိမ်း)(ဗသက-၈၄)

## ဦးစီးအရာရှိ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**အသက်(၅၉)နှစ်**

ကျောက်ဆည်မြို့နေ (ဦးဝင်းဖေ)-ဒေါ်ခင်မြင့်တို့၏သား၊ ပြင်ဦးလွင်မြို့နေ (ဦးသန်းလှိုင်)-ဒေါ်စမ်းစမ်းတို့၏သားသမက်၊ နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာ၊ တိုက် A(5)၊ အခန်း(၀၂)နေ (ဒေါ်မိုးမိုးစန်း)၏ခင်ပွန်း၊ ကိုဟိဏ်းထက်ဝင်းကို(Executive Director, Myanmar Win Yadanar Aung Co.,Ltd)၏ ချစ်လှစွာသောဖခင်၊ ဗိုလ်မှူးဇော်ကိုကို(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း၊ သတလ-၁)-ဒေါ်ထားထားရီ တို့၏ ညီ/မောင်၊ ဒေါ်မူမူဝင်း-ဦးရွှေမောင်တို့၏အစ်ကိုသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီတွင် ဥတ္တရသီရိမြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်း ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်ကိုကိုဦး**

**အသက်(၅၁)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးဒေါ်နီလာစိန်တို့၏ ညီ/မောင်၊ ဒေါ်ခင်သက်နွယ်၏ခင်ပွန်း ဦးအောင်ကိုကိုဦးသည် ၁၅-၅-၂၀၂၀ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ ဇနီးဒေါ်စန်းစန်းထွန်းနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ**

## ဦးသန့်လွင်မောင်

**CDC 50038**
**CHIEF OFFICER**
**MARINE FUTURE SERVICE CO.,LTD**

**အသက်(၄၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒေါနလမ်း၊ အမှတ် ၁၁နေ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)-(ဒေါ်နုနုယဉ်)တို့၏ သား၊ (ဦးပြုံးချို-ဒေါ်တိုးတိုး မာ)တို့၏ သားသမက်၊ ဦးမျိုးမောင်မောင်(AYA Bank )-ဒေါ်လွင်မာလာဦး(တော်ဝင်မိသားစု ကုမ္ပဏီ)၊ ဦးမျိုးထိုက်အောင် (ကထိက- ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်သဥ္ဇာဦး(ဦးစီးအရာရှိ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏အစ်ကို၊ ဒေါ်မေမြတ်သူ၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်သဒ္ဒါလွင်မောင် Grade-9, တန်းခွဲ (E) ၊ မောင်ဟန်ထက်အောင် Grade KG တနိုင်းခွဲ (ချယ်ရီ)တို့၏ဖခင်သည် ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ကြည်**

**အသက် (၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ် (ညွှန်ကြားရေးမှူး-မြို့ပြ)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ကြည်**

**အသက် (၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ် (ညွှန်ကြားရေးမှူး-မြို့ပြ)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊**
**အမှုထမ်းများ၊ လမ်းဦးစီးဌာန၊**
**ဧရာဝတီတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးအောင်ကျော်ဦး(တပ်မတော်-လေ)(ငြိမ်း)**

**အသက်(၈၂)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးနှင့် ဇနီး ဒေါ်နှင်းသန္တာဦးတို့၏ ချစ်လှစွာသောဖခင် ၊ ဒေါ်ခင်သိန်းသိန်း၏ ခင်ပွန်း ဗိုလ်မှူးအောင်ကျော်ဦးသည် ၁၄-၅-၂၀၂၀ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဇနီးဒေါ်စန်းစန်းထွန်းနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမောင်(စံပြမုန့်ဆိုင်)**

**အသက်(၆၀)**

စစ်တွေမြို့၊ လမ်းမကြီး၊ မောလိပ်ရပ်ကွက်နေ နာရေးကူညီမှုအသင်းဝင် ဦးဝင်းမောင်သည် ၁၅-၅-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာရေးကူညီမှုအသင်း(စစ်တွေ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နီနီခိုင်**

**ရွှေပေါက်ကံ၊ ရန်ကုန်မြို့**

**အသက်(၅၇)နှစ်**

ဗိုလ်မှူးတက်ထွန်းအောင်(စစ်တက္ကသိုလ်၊ပြင်ဦးလွင်)-ဒေါ်ဝတ်ရည်ဝင်း (ကထိက၊ ဥပဒေပညာဌာန၊ စစ်တွေတက္ကသိုလ်)တို့၏မိခင် ဒေါ်နီနီခိုင်သည် ၁၄-၅-၂၀၂၀ရက် ည ၈:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါ သည်။

**စစ်တွေတက္ကသိုလ်ဥပဒေပညာဌာနမှ ဆရာ၊ ဆရာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဖွဲ့ကိုကို**

**ပြည်သူ့ကျန်းမာရေးကြီးကြပ် -၂**

**အသက်(၂၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်(သင်္ကန်းကုန်း) ကျေးလက်ကျန်းမာရေးဌာန၊ ကြာကန်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဦးဖွဲ့ကိုကို အသက်(၂၇)နှစ်သည် တာဝန်ထမ်းဆောင်စဉ် ၁၄-၅-၂၀၂၀ ရက် နံနက် ၂:၂၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း**
**ဧရာဝတီတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဖွဲ့ကိုကို**

**ပြည်သူ့ကျန်းမာရေးကြီးကြပ် -၂**

**အသက်(၂၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်(သင်္ကန်းကုန်း) ကျေးလက်ကျန်းမာရေးဌာန၊ ကြာကန်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဦးဖွဲ့ကိုကို အသက်(၂၇)နှစ်သည် တာဝန်ထမ်းဆောင်စဉ် ၁၄-၅-၂၀၂၀ ရက် နံနက် ၂:၂၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

# ဒေါ်ကျင်ထွေး

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ်(E-5)နေ (ဦးသာခွေး-ဒေါ်အေးညွန့်) တို့၏သမီး၊ (ဦးချန်စိန်)၏ဇနီး၊ ဦးအောင်တိုး-ဒေါ်အိရွှေစင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်၊ (ဒေါ်မိမိ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ရဲနိုင်၊ မောင်ဆုထိုက်-မလွင်မိုမိုအောင်၊ မမေယမုံခင်၊ မောင်သုတမြတ်ဇော်တို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၁၀:၅၄နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးကျေးဇူးတင်ရှိခြင်း

၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၅၄နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ကျင်ထွေး အသက်(၉၄)နှစ် နာမကျန်းစဉ် အစစအရာရာ စိတ်ရောကိုယ်ပါ စေတနာဖြင့် ကုသပြုစုပေးပါသော အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းနှင့်တကွ ပါရဂူ၊ ဆေးမှူး၊ သူနာပြုနှင့် အကူဝန်ထမ်းများအားလုံးအားလည်းကောင်း၊ မိခင်ကြီး ကျန်းမာရေးအခြေအနေအား ကူညီဖေးမကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုများအားလုံးမှ လှိုက်လှဲစွာကျေးဇူးတင်အပ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ရွှေတိဂုံစေတီတော်၊ စနေထောင့်၊ အောင်ရွှေထီးအမိဋ္ဌာန်အဖွဲ့ နာယကကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပိဋကတ်သုံးပုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

# ဆရာ ဦးလှရီ(ဖျာပုံ)

### (ကေကေခိုင် -ဇာဘော်လီ-မင်္ဂလာဈေး)

### အသက် (၉၃)နှစ်

ဖျာပုံမြို့နေ (ဦးနု-ဒေါ်စိန်သွယ်)တို့၏သား၊ (ဒေါ်ခင်မေ)၏ခင်ပွန်း၊ ဦးစိုးမြင့်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်ချောချော၊ ဒေါ်ခင်ထူးထူး၊ ဦးဝင်းဗိုလ်-ဒေါ်ကေသီဦး-ဒေါ်ပွင့်ပွင့်ခိုင်၊ ဒေါ်အေးအေးမြင့်-ဦးဝင်းကိုကို၊ ဒေါ်ကလျာစိုးတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ ဓမ္မမိတ်ဆွေတပည့်များအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီ ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ဟန်ချို(ခ)လူချောင်ဝှာ

### အောင်ရတနာဆေးရုံ

### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင် အပိုင်း (၂)ရပ်ကွက်၊ အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ် (၂၇၆)၊ အခန်း (F3) နေ (ဦးဝင်ယုံ-ဒေါ်ချိုဝှာ)တို့၏သမီး၊ (ကျိုတိုက်စွမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ အောင်သိန်း(ခ)ကျိုလေးရှင်-ဒေါ်မြင့်မြင့်စန်း၊ ဦးစိုး ဝင်း-ဒေါ်စန်းနွဲ့(ခ)ဒေါ်ဂျပန်မ၊ ဦးလှမြင့်-ဒေါ်ကြည်ကြည်ဝင်း(ခ)ဒေါ်ကုလားမ၊ ဦးကျော်မြင့်(ခ)ကျိုဟိုက်တင်း-ဒေါ်မြင့်မြင့်ဝေ၊ ဦးအောင်မြင့်(ခ)ကျိုဟိုက်ဝမ်း-ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်-ဒေါ်နုနုဝင်း၊ (ဦးထွန်းမြင့်(ခ)ကျိုဟိုက်ဟိုး)-ဒေါ်အေးအေးသိန်း၊ ဦးစိုးမြင့်စွမ်(ခ)ကျိုဟိုက်အင်း-ဒေါ်မိမိခိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၂ယောက်၊ မြစ် ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဦးစောဝေလင်း

### အသက်(၆၈)နှစ်

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဟသ်ာလမ်း၊ အမှတ်(၂၀၉)နေ (ဦးစောချစ်ဖေ-ဒေါ်နော်ခါရိုး)တို့၏သား၊ (ဦးစောအာသာ)-ဒေါ်နော်မေးဗစ်တို့၏ သားသမက်၊ ဒေါ်နော်မိုရင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်နော်ခင်ခင်ချစ်)၊ ဒေါ်နော်ခင်ခင်နှစ်၊ ဒေါ်နော်ခင်သိန်း ချစ်၊ ဒေါ်နော်ခင်ခင်လေးတို့၏အစ်ကို၊ စောဘာဆိုဂေး-နော်ဘလက်ဇက်ထူး၊ စောဘာဆိုဝါး၊ စောဂေးဝါးတို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ပဲခူး ဆင်ဖြူကွင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ကျင်ထွေး

### အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ် (E-5) နေ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၅၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ကျင်ထွေး

### အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ် (E-5) နေ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၅၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ**

---

# ဘုရား အမကြီး ဒေါ်စိန်ကြည်

### (ဘူးကိုင်း/မြောင်)

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ အေးမြဇေယျာလမ်း၊ အမှတ်(၁၉၅)နေ (ဦးရှိန်)၏ဇနီး၊ ဒေါ်တင်တင်ငွေ၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်မာလာဝေ၊ ဒေါ်သောင်းသောင်းအေးတို့၏မိခင်၊ မောင်အောင်ခန့်၊ မောင်အောင်သန့်၊ မသိမ့်စံပါယ်ဖူး၊ မရွှန်းမြတ်ဆုလာဘ်၊ မနှင်းနှင်းဝေ၊ မောင်ကောင်းမြင့်မြတ်တို့၏ အဘွား၊ မောင်ဖွဲ့လရောင်ဖြိုး ၏ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဒေါ်ခင်ကြည်

### အသက်(၉၀)

ရန်ကုန်မြို့နေ (သခင်ဆယ်-ဒေါ်ခင်ဘီ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၅၈/၃ နေဦးတင် ဦး၏ဇနီး၊ (ဒေါ်ခင်ညွန့်)၊ (ဦးကျော်ခင်-ဒေါ်ခင်ရီ)တို့၏ညီမ၊ ဦးခင်မောင်ညို-(ဒေါ်ကျင်ကျင်)၊ (ဦးဆန်းထွန်း)-ဒေါ်ခင်စီ၊ (ဦးခင်မောင်စိန်)၊ (ဦးဘလှိုင်)-ဒေါ်ခင်ခင်စိန်၊ (ဦးခင်မောင်ထွန်း)-ဒေါ်နှင်းမြင့်၊ ဦးကျော်ဘုန်းလင်း-(ဒေါ်မာမာခင်)တို့၏အစ်မ၊ ဦးဇေယျာဦး-ဒေါ်လှလှသွယ်(ကျောင်းအုပ်ကြီး၊ ဗဟိုသင်တန်းကျောင်းက၊ သုဝဏ္ဏ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးအောင်ဇော်တို့၏ချစ်လှစွာသောမိခင်၊ ကိုထက်အောင်ဇေ-မခိုင်ဆုဝေခင်၊ မဇူဇေနှင်းတို့၏အဘွား၊ မကြယ်စင်လင်းလက်၏ချစ်လှစွာသောအဘွားသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ကြည်

### အသက်(၉၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏ မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ထူး**
**မိသားစု**
**ဝန်ကြီးရုံးမှ အရာထမ်း/အမှုထမ်းများ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

# စာဆိုတေးရှင်ဂီတာဖေဝင်း(ဂရိတ်တေးသံသွင်း)

### တပ်မတော်-ရေ(ငြိမ်း)၊ CDC-17790

### မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်(ဗဟို)

### သံတွဲခရိုင်အသင်း

### အသက် (၇၂)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့၊ ဆပ်သွား၊ ချိုင်ကောက်ရွာနေ(ဦးညီစံ-ဒေါ်သန်းရင်)တို့၏ သားငယ်၊ (ဦးစိန်ချစ်)-ဒေါ်မြကျင်တို့၏ သားသမက်၊ ဦးတင်ဖေ-ဒေါ်ဝင်းကြည်၊ ဦးအောင်လွင်-ဒေါ်သန်းစိန်၊ ဦးစိုးညွန့်-ဒေါ်လေးမြင့်တို့၏ ညီ/မောင်၊ ဒေါ်မေမေငွေ (တေးသံရှင်ငွေမြမြဝင်း)၏ခင်ပွန်း၊ Rev. ဒေါ်မာရီယာအိဇာ (Artist)-Rev. ဦးစောမင်းဦး၏ဖခင်၊ မသျှားလက်လမင်းဦး(G-7 ပညာကမ္ဘာ)၊ မောင်ရှိုင်းထက်နေမင်းဦး(G-3 YAS) တို့၏ဘိုးဘိုးကြီး၊ ဒေါ်ခင်မာဝင်း(မေလေး)၊ ဦးမင်းရဲအောင်(ကိုလေး)နှင့်တူ/တူမ ၁၃ယောက်တို့၏ ဦးလေးဖြစ်သူ ၁၁၉/၃၊ ရေနံ့သာလမ်းသွယ်(၄)၊ သုဝဏ္ဏနေ စာဆိုတေးရှင်ဂီတာဖေဝင်းသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) ည ၇နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံ၊ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ကြည်

### အသက်(၉၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏ မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး ဒေါ်သွင်သွင်အေးမို**
**မိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ကြည်

### အသက်(၉၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏ မိခင် ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့်ဇနီး ဒေါ်နီနီအောင်**
**မိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ကြည်

### အသက် (၉၀)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာဝင်းနေ ဦးဇေယျာဦး-ဒေါ်လှလှသွယ် (ကျောင်းအုပ်ကြီး ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၏ ချစ်လှစွာသောမိခင်သည် ၁၆-၅-၂၀၂၀ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)ဝန်ထမ်းများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

# ဦးတင်မောင်သန်း

### (လက်ထောက်စက်ရုံမှူး၊ စက်ပစ္စည်းစက်ရုံ(၁)၊ စက်မှုဝန်ကြီးဌာန)

### အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၁)လမ်း၊ အမှတ်(၉၀) နေ (ဦးသိန်းမောင်-ဒေါ်ထွေးကြင်)တို့၏ သား၊ မောင်နှမကိုးယောက်တို့၏အစ်ကို၊ (ဦးသန်းခင်-ဒေါ်ညွန့်ညွန့်မေ)တို့၏သားသမက်၊ မလွင်ဝေဝေဟန်(မလေးရှား)၊ (မောင်မြတ်ထူးတင်)၊ မောင်သူရကျော်-မဇင်ဝါဝါတင်(စင်ကာပူ)၊ မောင်လွင်မင်းတင်၊ မစောစုမွန်တို့၏ဖခင်၊ မောင်ဘုန်းမင်းမြတ်ထွဋ်၊ မလဝန်းသူရကျော်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး၊ (ဒေါ်ခင်အေးဇင်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁: ၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးတင်မောင်ဦး(ခ) Oliver

### B.E(Electrical Power)

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်လှရိပ်သာလမ်းနေ (ဦးညီညီ-ဒေါ်လွန်းမေ)တို့၏တစ်ဦးတည်းသောသား၊ ဦးသဒ္ဓါဝင့်လှိုင်(Stairway Academy Co.,Ltd)-ဒေါ်အေးမြမြလွင်(Stairway Academy Co.,Ltd)တို့၏ဖခင်၊ ဒေါ်ခင်မိုးသူ(Winnie)၏ချစ်လှစွာခင်ပွန်းသည် ၁၄-၅-၂၀၂၀ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးကျော်စွာဝင်း

### အသက်(၄၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အမှတ်(၅၆၉)နေ (ဦးတင်ဝင်း)-ဒေါ်အေးမေ(Miami, Florida, USA)တို့၏သား၊ ဦးကျော်သိန်းထွန်း(MD, GHPS Management)-ဒေါ်ယုယုဝင်း(GM, The Real Myanmar Travel)၊ ဦးကျော် ဇောဝင်း(Florida Drpartment of Transporation)-ဒေါ်မီမီဝင်း(Miami,Florida, USA) တို့၏ တစ်ဦးတည်းသောမောင်လေး၊ ဒေါ်အေးသန္တာ၏ခင်ပွန်း၊ မောင်မိုးသက်ဦး(အထက-၅၊ တာမွေ)၏ချစ်လှစွာသောဖခင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ထွက်ခွာ၍ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ မီးဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာ၌ မေ ၁၅ ရက် နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ သန္တိသုခရွှေမေတ္တာ ဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများသည် သန္တိသုခရွှေမေတ္တာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ဦးဇဝနထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေခင်ရိုးနည်းပညာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲထွဋ်တင်တို့မှ လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၁၈ သိန်းကို မီးဘေးသင့် အိမ်ထောင်စု ၁၅ စုထံ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖



နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

စာ ၈

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ တပ်ကုန်း အင်ဂျန်ဒုံ၊ တပ်ကုန်းစံပြနှစ်ခြင်း၊ တပ်ကုန်းရာဒါကောင်း COC၊ စီတာပူ ဆွတ်ငိုင်တောင်၊ စီတာပူ သီတာအေး၊ မြို့သစ်ကြီးဂျန်မိုင်ကောင်း RC၊ ရွှေစက်နှစ်ခြင်း၊ မန်ခိန်နှစ်ခြင်း၊ မြို့သစ်ကြီးဂျန်မိုင်ကောင်း နှစ်ခြင်း ဘုရားကျောင်း IDP စခန်းများနှင့် ဝိုင်းမော်မြို့နယ် ကန်ပိုင်တီမြို့ရှိ စင်ကြိုင်၊ မိုးညှင်းမြို့နယ်ရှိ စိန်ပက်ထရစ် IDP စခန်းနှင့် နန့်မွန် နှစ်ခြင်းဘုရားကျောင်း IDP စခန်း စုစုပေါင်း IDP စခန်း ၁၃ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည်ဘူး ၂၀၃၀၊ ဆပ်ပြာခဲ ၅၆၄၀၊ ထုံးအိတ် ၁၃၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ လက်ဆေးစင်လေးခု၊ အဝတ်နှာခေါင်းစည်း ၂၀၂၆ ခု၊ လက်ကိုင်အသံချဲ့စက် တစ်ခု၊ ကိုဗစ် – ၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick တစ်ခုနှင့် ဗီနိုင်း တစ်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။



အလားတူ မေ ၁၅ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဘာသာရာ IDP စခန်းသို့ အဝတ်နှာခေါင်းစည်း ၄၅၇၆ ခု၊ မြောက်ဦးမြို့နယ်ရှိ အောင်စေတီဘုရားသိမ်၊ နရတ်စား ဘုရားသိမ်၊ ကိုးနဝင်း ဘုန်းတော်ကြီးကျောင်း၊ ဘုရားပေါ် ဘုရားသိမ်၊ ရွာသစ်ကေဘုန်းတော်ကြီး ကျောင်း၊ ဝက်လှဘုန်းတော်ကြီး ကျောင်း၊ ရှော်မယ် (အမက) ကျောင်းရှိ ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်း ခုနစ်ခုသို့ သွားရောက်၍

စာမျက်နှာ ၇ ကော်လံ ၁ ✻

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

ဖွံ့ဖြိုးဝေစည် တို့ရှမ်းပြည် အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## အဝါရောင်အဆင့်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်မည့် အခြေအနေမရှိ

နေပြည်တော် မေ ၁၆

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့ ဩရိသ၏ တောင်ဘက်ရေမိုင် ၅၉၀ ခန့်၊ ဒီဂါမြို့၏တောင်ဘက် ရေမိုင် ၆၇၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၄၀ ခန့်နှင့် ပုသိမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နံနက် ၉ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့်

စာမျက်နှာ ၅ ကော်လံ ၅ ❍

## ရန်ကုန်(ပန်းဆိုးတန်း-ဒလ)ကူးတို့ပြေးဆွဲနေသော ချယ်ရီသဘော်များ မေ ၁၈ ရက်မှစတင်ပြီး အခေါက်ရေ ၃၀ နှုန်း ပြေးဆွဲမည်

ရန်ကုန် မေ ၁၆

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ် သဘော်ဆိပ်ကမ်းမှတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားမိဘပြည်သူများစွာတို့ကို ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ ပြေးဆွဲနေသော ချယ်ရီရေယာဉ်သဘော် သုံးစင်းဖြင့် အလှည့်ကျ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မေ ၁၈ ရက်မှစတင်ပြီး သဘော်အခေါက်ရေ ၃၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

ရန်ကုန်(ပန်းဆိုးတန်း)ဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက “ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ခရီးသည်က ပုံမှန်မသွားသေးဘူး။ ဒလဘက်က အသွား ၄၀၀၀ ကျော်နဲ့ ရန်ကုန်ဘက်က အပြန် ၄၀၀၀ ကျော်လောက်ပဲ သွားလာကြတယ်။ တစ်ရက်ကို ခရီးသည်သွားလာမှုဆိုရင် ၉၀၀၀ နီးပါးလောက်ပဲရှိတယ်။ အရင်တုန်းက သဘော်ခရီးစဉ် ၄၆ ခေါက်နှုန်းနဲ့ ပြေးဆွဲချိန်က ခရီးသည် ၃၀၀၀၀ ကျော် သွားလာမှုရှိလို့ ခရီးသည်သွားလာမှု နည်းပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ●



မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၁၇၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ဖွံ့ဖြိုးဝေစည် တို့ရှမ်းပြည်

ရှင်မင်း၊ ဓာတ်ပုံ – ကေကေ၊ ပြည်နယ်/ပြန်ဆက်

**တိုင်းရင်းသားရိုးရာဟင်းများကို ကိုယ်တိုင်ပါဝင် ချက်ပြုတ်မြည်းစမ်းရင်း၊ ရိုးရာ အဆို၊ အကများကို လိုက်ပါစီးမျောရင်းဖြင့် ပအိုဝ်းတိုင်းရင်း သားများ၏ လူမှုဘဝကို ခံစားသိရှိနိုင်မည့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်တန်းပေါ်ရှိ လွယ်ခေါ်၊ အင်းနီ၊ ထီနှင့် ကက္ကူပအိုဝ်းကျေးရွာ လေးရွာ၏ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT) သည် အရှိန်ရဖွံ့ဖြိုးနေပြီဖြစ်သည်။**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်

လွယ်ခေါ်၊ အင်းနီ၊ ထီနှင့် ကက္ကူပအိုဝ်း ကျေးရွာ လေးရွာ၏ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT) သည် ၂၀၁၇ ခုနှစ် ASEAN Tourism Forum (ATF–2017) ဆုနှင့် ၂၀၁၇ ခုနှစ် မတ်လတွင် ဘာလင်မြို့၌ ကျင်းပခဲ့သည့် ITB(Berlin) ခရီးသွားပြပွဲမှ Winner Award ဆုတို့ကို ရရှိထားခဲ့ပြီးဖြစ်သည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း**

အဆိုပါ ပအိုဝ်းကျေးရွာ လေးရွာ၏ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လေးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က "ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်ခရီးသွားကဏ္ဍ တိုးမြှင့်နိုင်ဖို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လန်ချန်မှ ဟဲဟိုးနဲ့ ထိုင်းနိုင်ငံ ချင်းရိုင်မှ ဟဲဟိုးသို့ လေကြောင်းလိုင်း တိုက်ရိုက်ပြေးဆွဲနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်) အမှုဆောင်တွေဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၉ ရက်ကနေ ၂၀ ရက်အထိ ကျင်းပတဲ့ Fifth Yunnan China–Myanmar Cooperation Forum Tourism Officials and Tourism Enterprise Executives Exchange Program ကို တက်ရောက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ရှိ Information Counter ကို GIZ နဲ့ ပူးပေါင်းပြီး ခရီးသွားဧည့်သည်တွေ ပိုမိုစိတ်ဝင်စားစေဖို့ အဆင့်မြှင့်တင်ခဲ့ပါတယ်" ဟု ပြောသည်။

**ပြည်နယ်အစိုးရသည် သန့်ရှင်းသာယာပြီး စိမ်းလန်းစိုပြည်သည့် မြို့ပြစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် တောင်ကြီး၊ ကလော၊ လွိုင်လင်၊ သီပေါ၊ ပင်းတယ၊ ပင်လောင်း၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ပင်လုံ၊ မူဆယ်နှင့် ညောင်ရွှေမြို့တို့ကို ရွေးချယ်ထား**

ထို့ပြင် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လေးနှစ်တာကာလအတွင်း ဟိုတယ်/တည်းခိုရိပ်သာ ၃၈၀၊ ခရီးလှည့်လည်ရေးကုမ္ပဏီ ၁၀၀ နှင့် ဧည့်လမ်းညွှန်လိုင်စင် ၁၃၀၃ ဦးကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ ၁၆၉ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ခရီးစဉ်သစ်များဖော်ဆောင်**

"ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ စံကားအင်း(ညောင်ရွှေမြို့နယ်)၊ ဖယ်ခုံအင်း (ဖယ်ခုံမြို့နယ်)၊ ရွာငံ၊ ပင်းတယဒေသရှိ ရေဝင်ဂူ၊ ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အရှေ့မြင်အနောက်မြင်တောင်(ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှေးဟောင်းပြဒါးလင်းဂူ (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်)၊ ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမဆင်စခန်း၊ ရွာငံမြို့နယ် မြို့ကြီးဆည် ခရီးစဉ်ဒေသသစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေ ဖော်ဆောင်သွားဖို့ရှိတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာချီလိတ်–မိုင်းဖြတ် – ထမ့်စွန်ဟိန်းဂူ – မိုင်းဖြတ်လမ်းကြောင်း၊ တာချီလိတ် – မိုင်းယောင်း – မိုင်းယုလမ်းကြောင်း၊ တာချီလိတ် – မိုင်းဆတ်–မိုင်းတုံလမ်းကြောင်း၊ တာချီလိတ် – ဝမ်ပုံ–ရွှေတြိဂံပါရာဒိုက်ဟိုတယ်–မိုင်းဖုန်းဆရာတော်လမ်းကြောင်း၊ တာချီလိတ်– တာလေ – ပါလျှို ကျိုင်းလပ်လမ်းကြောင်း၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် (ရွှေတြိဂံမှ ကျိုင်းလပ်မြို့ထိ) လမ်းကြောင်းတွေကို ခရီးစဉ်သစ်တွေအဖြစ် ဖော်ဆောင်သွားဖို့ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောပြသည်။

*အချပ်ပို (ခ) သို့*



တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန် အမှတ်(၃) တူးဖော်နေမှုကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်သစ်အနေဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ဘန့်ဘွေးကျင်းကျေးရွာအနီးရှိ ဘန့်ဘွေးကျင်းရေတံခွန်၊ လားရှိုး၊ သိန္နီ၊ ဟိုပန်နှင့် တန့်ယန်းမြို့နယ်များမှ တိုင်းရင်းသားကျေးရွာများနှင့် မိုးမိတ်ခရိုင်ရှိ ရွှေဥဒေါင်းတောင်၊ တောရိုင်းတိရစ္ဆာန်တော၊ ကြိုးဝိုင်းသစ်တောနှင့် ဆင်စခန်းတို့ကို ဖော်ဆောင်သွားမည်ဖြစ်သည်။

### မြို့ပြစီမံကိန်းဖော်ဆောင်မှု

ပြည်နယ်အစိုးရသည် သန့်ရှင်းသာယာပြီး စိမ်းလန်းစိုပြည်သည့် မြို့ပြစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် တောင်ကြီး၊ ကလော၊ လွိုင်လင်၊ သီပေါ၊ ပင်းတယ၊ ပင်လောင်း၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ပင်လုံ၊ မူဆယ်နှင့် ညောင်ရွှေမြို့တို့ကို ရွေးချယ်ထားသည်။

ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခု စီမံကိန်း (One State One Township Project) အဖြစ် ကလောမြို့နယ်ကို ရွေးချယ်ပြီး အမှိုက်ကင်းစင်ရေးနှင့် မူးယစ်ကင်းစင်ရေးမြို့နယ်အဖြစ် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နေပြီဖြစ်သည်။ ပြည်နယ်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်ဆက်နွှယ်နေသည့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးကို ပြည်နယ်အစိုးရအဖွဲ့မှ ဖော်ဆောင်လျက်ရှိသည်။

### လမ်းနှင့်တံတားဆောင်ရွက်ပေးမှု

လေးနှစ်တာကာလအတွင်း ကတ္တရာလမ်း၊ ကျောက်လမ်းနှင့် မြေလမ်း စုစုပေါင်း ၅၆၄ လမ်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၀၁၃ ဘီလီယံ၊ ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် အခြားတံတား စုစုပေါင်း တံတား ၁၆၄ စင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁ ဒသမ ၈ ဘီလီယံ၊ တောင်ကြီး-ဟိုပုံး မြို့ရှောင်လမ်းအရှည်(၁၇/၄) မိုင်ကို ခွင့်ပြုရန်ပုံငွေကျပ် ၃၃၈ ဒသမ ၆၂ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လေးနှစ်တာကာလအတွင်း ပြည်ထောင်စုလမ်း ၃၀၊ ပြည်နယ်လမ်း ၁၆၃ လမ်းကို ပြည်နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မိတ္ထီလာ၊ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်လမ်းပေါ်ရှိ သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ ၃၅၁ မီတာရှိ သံလွင်မြစ်ကူးတံတား (တာကော်) စီမံကိန်းကို တန်ဖိုးငွေကျပ် ၂၆ ဒသမ ၃၅ ဘီလီယံဖြင့် ဆောင်ရွက်သွားရန် ခန့်မှန်းထားသည်။

"သံလွင်မြစ်ကူးတံတား(တာကော်)ကို ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိရာမှာ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် နမ့်စန်၊ မိုးနဲ၊ မိုင်းတုံနဲ့ မိုင်းဆတ်လမ်းပေါ်ရှိ အရှည်ပေမီတာ ၂၀၀ ရှိ ကြိုးတံတားအမျိုးအစားဖြစ်တဲ့ သံလွင်တံတား (တာဆန်း)ကို စီမံကိန်းတန်ဖိုးငွေကျပ် ၂၄ ဘီလီယံ ခန့်မှန်းထားပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိရာ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားအသစ်ကို တံတားအရှည် ၂၈၆ မီတာ၊ အကျယ် ၁၂ မီတာ ခံနိုင်ဝန်တန် ၆၀ ရှိသည့် သံကူကွန်ကရစ်တံတားကို သိန္နီ-ကွမ်းလုံ- ချင်းရွှေဟော်လမ်း၏ မိုင်(၄၉/၆)အနီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Grant Aid ဖြင့် ဆောင်ရွက်သွားရန် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်လျက်ရှိသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ရပ်စောက်မြို့နယ် အလည်ချောင်ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။

### လျှပ်စစ်ဓာတ်အား တိုးတက်ဆောင်ရွက်မှု

ပြည်နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့သည် စတုတ္ထ (၁) နှစ်တာအပါအဝင် လေးနှစ်တာကာလအတွင်း အစီအစဉ်များစွာ ပြုလုပ်ခဲ့သည်။ လေးနှစ်တာကာလအတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၆၆ ကေဗွီလိုင်း ၃၁ ဒသမ ၀ မိုင်၊ ၃၃ ကေဗွီလိုင်း ၈၁ ဒသမ ၉ မိုင်၊ ၁၁ ကေဗွီလိုင်း ၃ ဒသမ ၅ မိုင်၊ (၆၆/၃၃) ကေဗွီခွဲရုံ သုံးရုံ၊ (၆၆/၁၁) ကေဗွီခွဲရုံ ကိုးရုံ၊ (၁၁/ ၀ ဒသမ ၄) ကေဗွီ ထရန်စဖော်မာ ၇ လုံးနှင့် ၄၀၀ ဗို့လိုင်း ၄ ဒသမ ၄၆ မိုင်၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် သန်း ၈၀ ဒသမ ၇ ဘီလီယံဖြင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၁ ဒသမ ၁၉ မိုင်၊ ၂၂ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၈၅ မိုင်၊ ၁၁ ကေဗွီလိုင်း ၆၈၇ ဒသမ ၂၂ မိုင်၊ (၃၃/၁၁) ကေဗွီခွဲရုံတစ်ရုံ၊ (၃၃/၀ ဒသမ ၄) ထရန်စဖော်မာ ၁၀ လုံး၊ (၂၂/၀ ဒသမ ၄) ကေဗွီ ထရန်စဖော်မာ တစ်လုံး၊ (၁၁/၀ ဒသမ ၄) ကေဗွီထရန်စဖော်မာ ၇၈၂ လုံးနှင့် ၄၀၀ ဗို့လိုင်း ၈၃၂ ဒသမ ၃၅ မိုင်ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုသို့ တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ၄၅ ဒသမ ၁၁ ရာခိုင်နှုန်းသို့ တိုးတက်သုံးစွဲလာနိုင်ခဲ့သည်။

ပြည်နယ်၏ ဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် လမ်းတံတားများ ဖွံ့ဖြိုးမှုနှင့်အတူ ကုန်သွယ်ရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးလာပြီဖြစ်သည်။ ပြည်နယ်၏ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ လေးနှစ်တာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၁ ဘီလီယံ၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၆ ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

### နယ်စပ်ကုန်သွယ်မှု

တာချီလိတ် ကုန်သွယ်ရေးစခန်းမှ လေးနှစ်တာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂၇၉ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၄၅၆ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၇၃၅ သန်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၁၅၆ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၄ ဒသမ ၃၅ ဘီလီယံနှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနရှိ မြို့နယ်/ မြို့နယ်ခွဲ ၃၃ မြို့နယ်ရှိ လမ်းလုပ်ငန်း ၂၀၅၇ လမ်း၊ တံတားလုပ်ငန်း ၁၀၉၆ စင်း၊ ရေပေးရေးလုပ်ငန်း ၄၈၄ ခုဆောင်ရွက်ခြင်း၊ ခန်းမအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် ကျိုင်းတုံမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို လေးနှစ်တာကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။



မောက်မယ်-ဝမ်ဟတ်-လင်းခေးတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တောင်ကြီးမြို့ မီးပွိုင့်ယာဉ်ထိန်းဂိတ်တဲနှင့် စီစီတီဗွီ တပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ မိုင်းတုံမြို့ မြို့လယ်ပန်းခြံ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတစ်ခု၊ ကလောမြို့နယ် အောင်ပန်းမြို့ ဦးသန့်လမ်းနှင့် ဗထူးလမ်းတို့ကို ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်း၊ ညောင်ရွှေမြို့ ဖောင်တော်ဆိုက်လမ်းနှင့် လမ်းမတော်လမ်း ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်း၊ မူဆယ်မြို့ မြို့တွင်းလမ်း ကတ္တရာ ကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့သည်။

JICA (ODA) ချေးငွေနှင့် ဒေသတွင်းဖွံ့ဖြိုးရေးစီမံချက်အပိုင်း(၁) တောင်ကြီး၊ ကလော၊ ဖယ်ခုံ၊ ပင်လောင်း၊ နောင်တရား၊ ရပ်စောက်၊ ရွာငံနှင့် ပင်းတယမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ JICA (ODA) ချေးငွေဖြင့် ဒေသဖွံ့ဖြိုးရေးစီမံချက်အပိုင်း(၂)အရ လားရှိုးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်း ဆောင်ရွက်သွားနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ဆဲဖြစ်သည်။

### ကျေးလက်ရေရရှိရေး

ကျေးလက်ရေပေးရေး လုပ်ငန်းများဆောင်ရွက်မှုအနေဖြင့် တွင်းတိမ် ၆၆ တွင်း၊ တွင်းနက် ၁၂ တွင်း၊ လက်တူးတွင်း ၂၁ တွင်း၊ မြေသားရေကန် ၄၀၊ စိမ့်စမ်းရေသွယ်ယူခြင်း ၉၃၉ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၄၄၅ ခုတို့ကို ခွင့်ပြုငွေကျပ် ၂၅၅၀ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### မြို့အဆင့်တိုးမြှင့်ပေး

ပြည်နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ဖော်ဆောင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယူနစ်ပေါင်း ၉၇၈ ခုနှင့် ကျေးရွာပေါင်း ၁၄၄၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ကျေးလက်နေပြည်သူများ နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေးအတွက် ကျေးရွာအဆင့်မှ မြို့အဆင့် တိုးမြှင့်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့က ဖော်ဆောင်ရာတွင် ကလောမြို့နယ်တွင် ဟဲဟိုးမြို့နှင့် ညောင်ရွှေမြို့နယ်တွင် နမ့်ပန်မြို့တို့ကို မြို့အဆင့် တိုးမြှင့်ပေးနိုင်ခဲ့သည်။

"ဖယ်ခုံမြို့နယ် မိုးဗြဲ၊ သီပေါမြို့နယ် နမ့်လန်၊ မဘိမ်းမြို့နယ် ငါးအိုး၊ ရွာငံမြို့နယ် မြို့ကြီး၊ ရပ်စောက်မြို့နယ် ပင်ပြစ်နဲ့ နောင်ချိုမြို့နယ် ဘန့်ပွေးတို့ကို မြို့အဆင့်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေကို လေးနှစ်တာကာလအတွင်း ၂၀၁၅ ခုနှစ် စီမံချက်အရ မြို့နယ်ပေါင်း ၉၄ မြို့နယ်မှ ကျေးရွာပေါင်း ၄၇ ရွာ၊ ၂၀၁၆ ခုနှစ် စီမံချက်အရ မြို့နယ်ပေါင်း ၄၇ မြို့နယ်မှ ကျေးရွာပေါင်း ၄၇ ရွာကို ကျေးရွာဂရန် ၁၆၂၀၀ ထုတ်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောသည်။

*အချပ်ပို (ဂ) သို့*



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစိုက်ခင်း ပန်းမုန်လာဖြူ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစဉ်။

*အချပ်ပို (ခ) မှ*

ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးနှစ်တာကာလအတွင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအလိုက် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များထုတ်လုပ်ရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာနှင့် ပဲစင်းငုံ ၁၁၁၄၉ ကေကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။

**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

ထို့အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မဲ့ယာမဲ့တောင်သူများ စိုက်ပျိုးနိုင်ရန် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်း ဧက ၂၇၉၀ နှင့် စက်မှုလယ်ယာစနစ်တကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်း ဧက ၁၀၅၀ ကို ဒေသခံတောင်သူ အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ တိုးတက်ရေးအတွက် တောင်သူပေါင်း ၂၈၁၀၊ သီးနှံနှင့် ဟင်းသီးဟင်းရွက် ၂၆ မျိုး ဧကပေါင်း ၉၅၈၁ ဧကအတွက် GAP အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ခဲ့သည်။

"အရင်က စပါးတစ်ဧကကို ငွေကျပ်တစ်သိန်း ချေးပေးရာမှာ ငွေကျပ် တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ လေးနှစ်တာကာလအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပြည်နယ်အတွင်း တောင်သူပေါင်း ၁၃၃၀၀၀ အတွက် ချေးငွေကျပ် ၇၅၁ ဒသမ ၃၀ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) ချေးငွေအထောက်အပံ့နဲ့ ဆောင်ရွက်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေ (JICA Two Step Loan) အစီအစဉ်နဲ့ လယ်ယာသုံးစက်ကိရိယာစီးရေ ၁၄၉ စီး၊ ချေးငွေပမာဏ ငွေကျပ် ၆ ဒသမ ၁၃ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရသည် ရှမ်းပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဦးပိုင်လုပ်ကွက်ပေါင်း ၈၈၃၇၃၄ အတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို တောင်သူပေါင်း ၆၉၈၅၆၇ ဦးအတွက် ထုတ်ပေးနိုင်ခဲ့သည်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းစဉ်များ ထိထိရောက်ရောက် ဖြစ်စေရေးအတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေးစုံညီပွဲတော် (Shan State Agricultural Symposium) ကို တောင်ကြီးခရိုင် ကလောမြို့နယ် အင်းခေါင်းကျေးရွာရှိ ဟဲဟိုးဥယျာဉ်ခြံတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က စတင်ပြီး သုံးရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

**သိမ်းဆည်းလယ်ယာမြေများအား စိစစ်ဆောင်ရွက်ပေး**

ပြည်နယ်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကို ဖွဲ့စည်းကာ သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး တောင်သူများ နစ်နာမှု မရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများနှင့် ပတ်သက်ပြီး ပြည်သူတို့၏ တိုင်ကြားမှုများအပေါ် အချိန်နှင့်တစ်ပြေးညီ စိစစ်ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဆင့်အလိုက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

"လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီက စိစစ်ဖြေရှင်းဖို့ ညွှန်ကြားခဲ့တဲ့ အမှုပေါင်း ၅၂၄ မှုရှိခဲ့ပြီး မြေစစ်ဗဟိုကော်မတီကနေ သက်ဆိုင်ရာဝန်ကြီးဌာနကို သဘောထားတောင်းခံထားမှုနဲ့ ပြည်နယ်ကို ပေါင်းစပ်ဆောင်ရွက်ဖို့ ပေးပို့လာတဲ့ အမှုတွဲပေါင်း ၅၃ မှု ရှိပါတယ်။ ကာယကံရှင်ကို ရှင်းလင်းပြောကြားပြီး ပြန်လည်တင်ပြဖို့ ဗဟိုကော်မတီက ပြည်နယ်ကို ပေးပို့လာတဲ့ အမှုတွဲပေါင်း ခြောက်မှု ရှိပါတယ်။ ပြည်နယ်မြေ/စစ် ဗဟိုကော်မတီကို ပေးပို့တင်ပြထားတဲ့ အမှုတွဲပေါင်း ၈၃ မှု ရှိပါတယ်။ ဒါ့ပြင် ပြည်နယ်မြေ/စစ် ကော်မတီက စိစစ်ဆဲအမှုတွဲပေါင်း ၂၂၇ မှု၊ မြေ/စစ် ဗဟိုကော်မတီက စိစစ်ပိတ်သိမ်းထားရှိပြီးတဲ့ အမှုတွဲပေါင်း ၁၅၅ မှု တို့ဖြစ်ပြီး အမှုပေါင်း ၁၀၆ မှုကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအရ စိစစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

**စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေး**

ရှမ်းပြည်နယ်အတွင်း စွန့်လွှတ်မြေအမှုပေါင်း ၁၅၅ မှုနဲ့ ဧရိယာပေါင်း ၃၀၈၀၀ ရှိကြောင်း သိရှိရပြီး ပြန်လည်စွန့်လွှတ်အပ်နှံမြေ မြေဧရိယာဧက ၃၀၈၀၀ အနက်မှ ဧက ၂၉၆၀၀ ကို သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးဖြစ်သည်။

ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာတောင်သူများထံ လွှဲအပ်ရန် ကျန်ရှိနေသည့် ဧရိယာ ဧက ၁၂၀၀ ကို အမြန်ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပြီး အမြန်ပြန်လည်ပေးအပ်နိုင်ရေးအတွက် မူလလုပ်ကိုင်သူ မှန်ကန်ရေးကို စိစစ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီဖွံ့ဖြိုးရေး**

ထိုသို့ ပြည်နယ်၏ ကျေးလက်နှင့် မြို့ပြတစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ကြရာတွင် ဒေသဖွံ့ဖြိုးရေးသည် ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်နေသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်နေချိန်တွင် ပြည်နယ်ငြိမ်းချမ်းရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းမှုများကြောင့် ရှမ်းပြည်နယ်အတွင်းမှ ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နှင့် လားဟူဒီမိုကရက်တစ်ပါတီ (LDU)တို့သည် NCA တွင် ပါဝင်လာပြီဖြစ်သည်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) အစည်းအဝေးများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်အထိ လွိုင်လင်ခရိုင် ခိုလမ်မြို့တွင် (၁၇) ကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။

*အချပ်ပို(ဃ)သို့*



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကို တွေ့ရစဉ်။

**ရှမ်းပြည်နယ် အတွင်း စွန့်လွှတ်မြေ အမှုပေါင်း ၁၅၅ မှုနဲ့ ဧရိယာပေါင်း ၃၀၈၀၀ ရှိကြောင်း သိရှိရပြီး ပြန်လည်စွန့်လွှတ်အပ်နှံမြေ မြေဧရိယာဧက ၃၀၈၀၀ အနက်မှ ဧက ၂၉၆၀၀ ကို သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးဖြစ်**




ပန်ဆိုင်း (ကြူကုတ်) မြို့သို့ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*အချုပ်ပိုဒ် (ဂ) မှ*

"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို လူမျိုး/ဒေသ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိပါတယ်။ ဒီလိုကျင်းပတဲ့အခါ ပအိုဝ်းလူမျိုး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်ကနေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ ဟိုပုံးမြို့၊ ၂၀၁၇ ခုနှစ် ဧပြီ ၂၃ ရက်ကနေ ၂၅ ရက်အထိ တောင်ကြီးမြို့ မြို့တော်ခန်းမတို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေဟာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့ အများကြီးအထောက်အကူဖြစ်စေတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောပြသည်။

### လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းလျက်ရှိ

ဒေသဖွံ့ဖြိုးမှု အရှိန်တစ်ခုတည်ရှိမှ ငြိမ်းချမ်းမှုရှိနိုင်မည် ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းလျက်ရှိသည်။

"NCA လက်မှတ်ရေးထိုးပြီးတဲ့ PNLO အဖွဲ့ရဲ့ ဌာနချုပ် ဂဒူးကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်မှာ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပေးခဲ့ပါတယ်။ မိုင်းနောင် - မိုင်းရှူးလမ်းပေါ်ရှိ နမ့်ပန်ချောင်း တံတား(မိုင်းရှူး) တံတားအရှည် မီတာ ၁၃၀ ကို စီမံကိန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၃ ဘီလီယံ ခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှာ လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါတယ်။ တံတားပြီးစီးမှု ၈၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကွျန်းတောင် - ကျောက်တလုံးကြီး - နောင်ယာဆိုင်း - ဆိုက်ခေါင် - ပွန်ချောင်း -မောက်မယ်လမ်းပေါ်ရှိ ပွန်ချောင်းတံတားအရှည် ၅၇ ဒသမ ၉၁ မီတာကို စီမံကိန်းတန်ဖိုးငွေကျပ် ၉၇၄၅ သန်းနဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး တံတားပြီးစီးမှု ၇၆ ရာခိုင်နှုန်းဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ် အကောင်အထည်ဖော်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြောပြသည်။

"မိုင်းဆတ် - တာချီလိတ်လမ်း မိုင် ၆၀ ခန့်ရှိပြီး "ဝ" အထူးဒေသ (၂)မှ အမာခံလမ်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ လမ်းဦးစီးဌာနက လွှဲပြောင်းတာဝန်ယူပြီး ရန်ပုံငွေကျပ် ၅၅၃ သန်းနဲ့ လမ်းအဆင့်မြှင့်ခြင်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ္ဍာ နှစ်အလိုက် ခွဲဝေရရှိတဲ့ ရန်ပုံငွေပေါ်မူတည်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွက် ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီး ချုပ်က ပြောသည်။

### လျှပ်စစ်မီးရရှိရေးဆောင်ရွက်

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဟိုမိန်းဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဟိုမိန်းရေအားလျှပ်စစ်စက်ရုံ စီမံကိန်းကို ရန်ပုံငွေကျပ် တစ်ဘီလီယံနှင့် တင်ဒါခေါ်ယူလျက်ရှိသည်။ ထိုသို့ ပြည်နယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ကြရာတွင် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် သံဃာတော်၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း ၁၃၈ ဦးကို ဆုချီး မြှင့်ပေးအပ်ခဲ့ပြီး ပင်လုံဂုဏ်ရည်ဆု ချီးမြှင့်နိုင်ရန်အတွက် စီစဉ်လျက်ရှိသည်။

"၂၀၂၀ ပြည့်နှစ်အတွက် သံဃာတော်၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း ၃၈ ဦး ဆုချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နဲ့ ဂုဏ်ထူးဆောင်ဆု ပစ္စည်းတွေ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေတွေကို ပြင်ဆင်တဲ့ ဥပဒေနဲ့အညီ ယခုနှစ်မှ စတင်ပြီး ရှမ်းပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းနဲ့ သက်ဆိုင်တဲ့ ကဏ္ဍတစ်ခုထက်ပိုပြီး ထူးချွန်စွာ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သူ၊ ပြည်နယ်ရဲ့ ဂုဏ်မြင့်တက်စေဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သူတွေကို ပင်လုံဂုဏ်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ဆိုသည်။

### သက်ကြီး အဘိုးအဘွားများကို ထောက်ပံ့ပေး

ထို့ပြင် ပြည်နယ်အတွင်းမှ သက်ကြီးအဘိုးအဘွားများကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၆ -၂၀၁၇ ခုနှစ်တွင် အသက် ၉၀ နှင့် ၁၀၀ ကြား အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် အသက် ၉၀ နှစ်အထက် အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အသက် ၈၅ နှစ်အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း တိုးတက်ထောက်ပံ့ပေးခဲ့သည်။ လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မင်္ဂလာဦးလူငယ်ရိပ်သာနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို လေးနှစ်တာ ကာလအတွင်း စုစုပေါင်း ငွေကျပ် ၃၃၁ ဒသမ ၅ သန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

### ကျန်းမာရေးကဏ္ဍ

လေးနှစ်ကာလအတွင်း ပြည်နယ်အတွင်း ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း ၆၉ ခု တိုးတက်လာခဲ့ပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဆရာမပေါင်း ၄၈၈၃ ဦးအထိ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့ကာ အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသမှုအကြိမ် ၄၁၀ နှင့် လူဦးရေ ၆၀၀၀၀ ကျော် ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်နယ်အစိုးရအနေဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကို ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး ဓာတ်ရောင်ခြည် ကုသဌာနတွင် Cobalt 60 Machine၊ MRI 1.5 Tesla (GE-Signa Explorel) ရောဂါ ရှာဖွေရေးစက်တို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိပြီး ကျောက်ကပ်ဝေဒနာရှင်များအတွက် H.D Machine စက်တပ်ဆင်ကာ ကျောက်ကပ်သန့်စင်ပေးခြင်းကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပြည်နယ်အဆင့် စောင့်ကြပ်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ကာ ရောဂါဝင်ရောက်လာနိုင်ဖွယ်ရှိသည့် နယ်စပ် ဝင်ပေါက်/ထွက်ပေါက်များတွင် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ် - ၁၉ ရောဂါအပြင် အခြားကူးစက်ရောဂါများ ဖြစ်ပွားလာပါက သီးခြားကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက် အထူးကုဆေးရုံတစ်ရုံ ဆောက်လုပ်နိုင်ရန် ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်၏ ကျန်းမာရေးအခန်းကဏ္ဍ တိုးတက်မှုရှိစေရန် ဆောင်ရွက်မှုနှင့်အတူ ပြည်နယ်ပညာရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ လေးနှစ်တာကာလအတွင်း အခြေခံပညာ ကျောင်းပေါင်း ၆၃၉၁ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။




အင်းလေးကန် အနောက်ပတ်လမ်းကို ကျေးလက်လမ်းဦးစီးဌာနက စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

### တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများ ဆောင်ရွက်ပေး

ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုများ ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် နေထိုင်ရေးကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစိုးရဝန်ထမ်းများ အပါအဝင် ဝင်ငွေနည်းမိသားစုများအတွက် ဝယ်ယူနိုင်စွမ်းရှိသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများ၊ ပြည်သူအငှားအိမ်ရာများနှင့် အစိုးရဝန်ထမ်းအိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

လေးနှစ်တာကာလအတွင်း ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာနှင့် အရောင်းအိမ်ရာ စုစုပေါင်းတိုက် ၆၃ လုံးနှင့် အခန်း ၁၀၃၀ ကို နေထိုင်ရေးအခက်အခဲရှိသည့် ပြင်ပ၊ အငြိမ်းစား ဝန်ထမ်းများနှင့် အငြိမ်းစားယူခါနီး ဝန်ထမ်းဟူ၍ အုပ်စုသုံးစုခွဲကာ စနစ်တကျ မဲနှိုက်ပြီး မိသားစုဦးရေ ၅၁၅၀ အတွက် အိမ်ရာများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကဏ္ဍစုံဘက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြိုးပမ်းလျက်ရှိသည်။ ပြည်နယ်အတွင်း လယ်ယာကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး၊ လမ်း၊ တံတားများ တည်ဆောက်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ပြည်သူများ၏ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများကို ပြည်နယ်အတွင်း ကြိုးပမ်းဖော်ဆောင်ရင်းဖြင့် ဖွံ့ဖြိုးဝေစည်လာသည့် ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း။ ။